www.burmeseclassic.com

မင်းယုဝေ စီစဉ်သည်

# မင်္ဂလာဆောင်မယ်

ရုပ်စုံ

အတွဲ - ၂၆၊ အမှတ် - ၄၊ ၂၀၁၄ - ခုနှစ်၊ ဧပြီလ



တစ်ဦးချင်းအက ရွှေတံဆိပ် ၃ - ဆုရှင်
ရွှေယမင်းမေ


BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



# အလှမြေ

ခရေ တမာ စိန်ပန်းပြာ
နောက်ခံ တောင်တန်းပြာ။
ငါတို့ရွာဘေး စီးဆင်းပြေး
ရေကြည် ချောင်းကလေး။

ချောင်းကလေးကျော် တံတားပေါ်
သီချင်း တကြော်ကြော်။
အဖော်တွေနဲ့ မိတ်အပေါင်း
ပျော်ဖို့ အလွန်ကောင်း။

နွားကျောင်းသားတို့ ပလွေချို
ဆည်းဆာ နေညိုညို။
ကျေးရွာပျိုမေ ဖော်တစ်သင်း
ရေချိုး ရေခပ်ဆင်း။

လယ်ယာကွင်းနဲ့ ရှုခင်းသာ
မြရောင်စိမ်းလဲ့ ဖြာ။
သည်ဌာနေ သည်အလှ
ငြိမ်းချမ်းပေစွ သာပေစွ။

မောင်လွန်းမြိုင် (ပင်လည်ဘူး)



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

မင်္ဂလာမောင်မယ်ရုပ်စုံစာစောင်၊ ၁၉၈၉–ခုနှစ်၊ ဇန်နဝါရီလမှ စတင်ထုတ်ဝေသည်။
ယဉ်ကျေးမွေနှစ် အားသစ်ဆောင်သယ် မင်္ဂလာမောင်မယ်
မင်္ဂလာမောင်မယ်၊ အတွဲ–၂၆၊ အမှတ်–၄၊ ၂၀၁၄–ခုနှစ်၊ ဧပြီလ

**ကဗျာ**

အလှမြေ …မောင်လွန်းမြိုင် ၁
လူမှုအသိစိတ် …တင်မြင့်မောင် ၃၆
အာဟာရတန်ဖိုး ဝင်ငွေတိုး …မောင်နန်းထက် ၄၀
ငြိမ်းချမ်းပါစေသား …မောင်လင်းမြတ် ၄၃

**သုတ၊ ရသ**

ဂုဏ်ထူးရှင်များ … ၅
မှတ်ဖွယ်မှတ်ရာ …ဉာဏ်ဝင်း ၈
ရွှေတံဆိပ်ဆုရှင်မောင်နှံနှစ်ဦး၏ လက်ဆင့်ကမ်းပုံ
…မောင်ရွှန်းသစ် ၁၁
တစ်ဖက်စွန်းရောက် အစွဲအလမ်း …ဝဏ္ဏသီရိ ၁၂
မေးလိုရာရာ မြန်မာစာ …မောင်ခင်မင်(ဓနုဖြူ) ၁၄
ဟာသသရုပ်ဖော်ဉာဏ်စမ်း …မြင့်သန်း ၁၆
ဟာသသရုပ်ဖော်ဉာဏ်စမ်း ဆုရရှိသူများ … ၁၇
မှတ်သားဖွယ် စကားပုံများ …ဦးထိန်ဝင်း(ထွေ/အုပ်) ၁၈
မြင့်မြတ်သော အိမ်ဖော်မကလေး …မင်းယုဝေ ၁၉
အကူအညီဟူသည် …စည်သူထက် ၂၅
မြန်မာစကားပုံများ … ၂၆
ဗေဒင်၊ အိပ်မက်နှင့် ကျွန်တော်…ဆလိုင်းလိန်းကြယ်ပျံ ၃၂
သိပ္ပံအရေး မေးလိုရာမေး …သန်းမင်းထွဋ် ၃၇
သမိုင်းဗဟုသုတဆိုင်ရာ မေးလိုရာရာ
…သမိုင်းပါမောက္ခဦးမြင့်စော(ငြိမ်း) ၄၄
သူ့အကျိုး ကိုယ့်အကျိုး …ဘဦး–ရွှေတောင် ၄၇

**ထူးထူးခြားခြား**

သင်သိပါစ …ရှိန်မင်းကို - ၃၄
အံ့ဖွယ်စုံလင် ကမ္ဘာတစ်ခွင် …အောင်ဟိန်းထက် ၄၁

**ကျန်းမာရေး**

သင့်ကျန်းမာရေး လိုရာမေး
…ဒေါက်တာမေဝင်းအောင်ခင် ၂၂

**စာစီစာကုံးပြိုင်ပွဲ**

သက်ကြီးပူဇော်ပွဲ …မဖြူသီရိခိုင် ၂၉

**အင်္ဂလိပ်ဘာသာ သိမှတ်စရာ**

လွယ်ရှင်းရေးသား စာစီစာကုံးများ …အုန်းဝမ် ၄၉
လွယ်ရှင်းရေးသား ပေးစာများ …အုန်းဝမ် ၅၁
အင်္ဂလိပ်စကားပြော …အုန်းဝမ် ၅၃

**ပုံပြင်**

ပညာရှိညီအစ်ကို ၃–ဦး …ဒေါက်တာခင်ရီဝင်း ၅၅

**မင်္ဂလာမောင်မယ် သုတကြွယ်** …မင်းဝင်း ၇၃

**ဝတ္ထု**

မင်္ဂလာလက်ဆောင် …ပီမိုးနင်း ၅၉

<u>ယခုလမျက်နှာဖုံး</u>

အကရွှေတံဆိပ် ၃–ဆုရှင် ရွှေယမင်းမေ …နန္ဒာမိုးမြေ ၃

<u>အတွင်းရုပ်ပြ</u>

ရော်ဘင်ဆန်ကရူးဆိုး (၂) …မင်းယုဝေ၊ ကိုဟန်ရွှေ ၆၅
<u>ပန်းချီ</u> …ဦးစန်းလှိုင်၊ ကိုဟန်ရွှေ
ပညာရှိကြီးများ၏ အဆိုအမိန့်များ
…၁၃၊ ၂၄၊ ၃၁၊ ၄၈၊ ၅၈

---

အယ်ဒီတာချုပ် ဦးဝင်းမောင်(မင်းယုဝေ)
အုပ်ချုပ်မှုအယ်ဒီတာ ဦးဌေးဝင်း(မောင်ရွှန်းသစ်)
တာဝန်ခံအယ်ဒီတာ ဦးအောင်ဝင်း(B.A)
အမှုဆောင်အယ်ဒီတာ ကိုကျော်လှသန်းဦး(နန္ဒာမိုးမြေ)
အယ်ဒီတာ ကိုအောင်ထက်

---

ဖြန့်ချိရေးမှူး ဒေါ်ယဉ်အိ

www.burmeseclassic.com

www.burmeseclassic.com

ယခုလမျက်နှာဖုံး

# အကရွှေတံဆိပ် ၃-ဆုရှင် ရွှေယမင်းမေ

နန္ဒာမိုးမြေ

ယခုလ မင်္ဂလာမောင်မယ်မျက်နှာဖုံးတွင် ဖော်ပြထားသောပုံမှာ မြန်မာနိုင်ငံ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဗဟိုအဆင့်၌ ရွှေတံဆိပ် ၃-ဆုရရှိထားသော အကမင်းသမီးလေး ရွှေယမင်းမေ၏ပုံ ဖြစ်ပါသည်။

ရွှေယမင်းမေသည် ၂၀၀၉-ခုနှစ်၊ ၈-တန်းကျောင်းသူဘဝ၌ အမျိုးသမီးတစ်ဦးချင်းလိုက် အကပြိုင်ပွဲတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ရာ ဗဟိုအဆင့်ပထမဆု(ရွှေတံဆိပ်)ရရှိခဲ့သည်။ ထို့ပြင် ၂၀၁၁-ခုနှစ်၊ ၁၀-တန်း ကျောင်းသူဘဝတွင် အမျိုးသမီးတစ်ဦးချင်းလိုက် အကပြိုင်ပွဲ၌ ဗဟိုအဆင့် ပထမဆု(ရွှေတံဆိပ်)နှင့် ၂၀၁၂-ခုနှစ်၊ ၁၀-တန်းဖြေပြီးသောအခါတွင်လည်း အမျိုးသမီးတစ်ဦးချင်းလိုက် အကပြိုင်ပွဲ၌ ဗဟိုအဆင့် ပထမဆု(ရွှေတံဆိပ်)တို့ ရရှိခဲ့သည်။ သူကလေးသည် အနုပညာလုပ်ငန်းကို သိတတ်စအရွယ်ကပင် စိတ်ဝင်စားခဲ့သည်။ အနုပညာလုပ်ငန်း[illegible] အသက်မွေးဝမ်းကျောင်းပြုသွားမည်ဟု သိရသည်။

သူမသည် ၂၀၁၂-ခုနှစ်တွင် အ-ထ-က(၁)၊ ဒဂုံမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ ယခု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်



(ဝဲမှယာ) ဖခင် ဦးဒွေးအောင်၊ ရွှေယမင်းမေနှင့် မိခင် ဒေါ်ထားထားလွင်



www.burmeseclassic.com

www.burmeseclassic.com



လူရွှင်တော် 5 Stars အဖွဲ့နှင့်အတူ အငြိမ့်ကပြဖျော်ဖြေနေသော ရွှေယမင်းမေ

(ရန်ကုန်)တွင် သဘင်ပညာအဓိကဖြင့် တက်ရောက်ပညာသင်ယူလျက်ရှိသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးကျော်ဦးဖြစ်သည်။

ရွှေယမင်းမေသည် ၂၀၁၂–ခုနှစ်၌ နာမည်ကျော်လူရွှင်တော် 5 Stars အဖွဲ့နှင့်အတူ "ရင်သွေးအငြိမ့်" အခွေ ထွက်ရှိခဲ့သည်။ ထိုအခွေတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ကပြခဲ့သည်။ ပရိသတ်၏ အားပေးမှုကို ရရှိခဲ့သည်။ ထို့ပြင် ကျောင်းပိတ်ရက်များတွင် ဇာတ်အဖွဲ့များနှင့်လိုက်၍ ကပြဖျော်ဖြေလျက်ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသော ၂၇–ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အကပညာဖြင့် ပါဝင်ဖျော်ဖြေခဲ့သည်။ ရွှေယမင်းမေသည် ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမည်ဟု သိရသည်။

သူမ၏ လက်ဦးဆရာများမှာ တစ်ခိုင်လုံးရွှေ အေးအေးမြင့်နှင့် ညီအစ်မများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆရာမ ဒေါ်အုန်းရည်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဆရာမ ဒေါ်နုနုစိန်နှင့် ဆရာ၊ ဆရာမများ ဖြစ်ကြသည်။

ရွှေယမင်းမေကို ရတနာကုန်သည် ဦးဗွေးအောင်(ဗမာ)နှင့် ရတနာကုန်သည် ဒေါ်ထားထားလွင်(ရှမ်းတိုင်းရင်းသူ)တို့က ၂၁–၈–၁၉၉၆–ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမ ၃–ဦးအနက် အငယ်ဆုံးဖြစ်သည်။ သူမ၏အစ်ကိုနှစ်ဦးမှာ စီးပွားရေးလုပ်ငန်းကိုသာ စိတ်ဝင်စားကြသည်။ ရွှေယမင်းမေသည် ယခုအခါ အသက် ၁၈–နှစ်အရွယ်သာ ရှိသေးသည်။ မိဘများနှင့်အတူ အမှတ်–၂၈၅၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တွင် နေထိုင်လျက်ရှိသည်။

နန္ဒာမိုးမြေ



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ထူးရှင်များ

မင်္ဂလာမောင်မယ်စာစောင်သို့ ဂုဏ်ထူးရှင်များကို ပေးပို့ကြသည်မှာ များပြားလွန်းသဖြင့် အားလုံးကို ဖော်ပြနိုင်ရန် အကျဉ်းချုပ်၍ ဓာတ်ပုံနှင့်တကွ ဖော်ပြလိုက်ပါသည်။ အောက်ပါတို့မှာ ၂၀၁၃-ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများဖြစ်ပါသည်။

အယ်ဒီတာချုပ်

## ၆-ဘာသာဂုဏ်ထူးရှင် မအေးမြသွေး

မအေးမြသွေး၏ ရမှတ်များမှာ မြန်မာစာ ၇၈-မှတ်၊ အင်္ဂလိပ်စာ ၇၈-မှတ်၊ သင်္ချာ ၉၁-မှတ်၊ ဓာတုဗေဒ ၉၈-မှတ်၊ ရူပဗေဒ ၉၂-မှတ်၊ ဇီဝဗေဒ ၉၄-မှတ်၊ စုစုပေါင်း ၅၃၁-မှတ်ဖြစ်သည်။ ဦးနေသွေးကြည်(ကုန်သည်)နှင့် ဒေါ်လွင်လွင်အေးတို့၏ သမီးဖြစ်သည်။ မိုလ်တထောင်မြို့နယ်၊ အ-ထ-က(၅)မှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ရွှေဝင်းဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်မြင့်မြင့်ရီဖြစ်သည်။ မအေးမြသွေးသည် ဆေးပညာကို သင်ယူမည်ဟု သိရပါသည်။

ပေးပို့သူ-သက်ထက်ပို



မအေးမြသွေး ဆုယူနေစဉ်။



## ၆-ဘာသာဂုဏ်ထူးရှင် မောင်အာကာမင်း

မောင်အာကာမင်း၏ ရမှတ်များမှာ မြန်မာစာ ၇၇-မှတ်၊ အင်္ဂလိပ်စာ ၇၅-မှတ်၊ သင်္ချာ ၈၉-မှတ်၊ ဓာတုဗေဒ ၉၆-မှတ်၊ ရူပဗေဒ ၈၉-မှတ်၊ ဇီဝဗေဒ ၉၆-မှတ်၊ စုစုပေါင်း ၅၂၂-မှတ်ဖြစ်သည်။ ဦးမြင့်ရွှေနှင့် ဒေါ်မြဝင်းတို့၏ သားဖြစ်သည်။ လှိုင်မြို့နယ်၊ အ-ထ-က(၂)မှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်ခင်ဦးကြည်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်ခင်ညွန့်ရီဖြစ်သည်။ မောင်အာကာမင်းသည် နှစ်စဉ် သင်္ချာထူးချွန်ဆုများ၊ စာစီစာကုံးထူးချွန်ဆုများ ရရှိခဲ့သည်။ သူသည် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူမည်ဟု သိရပါသည်။

ပေးပို့သူ-လှိုင်(ပညာရေး)

* * *

## ၅-ဘာသာဂုဏ်ထူးရှင် မောင်သိန်းဟန်

မောင်သိန်းဟန်၏ ရမှတ်များမှာ မြန်မာစာ ၆၈-မှတ်၊ အင်္ဂလိပ်စာ ၇၅-မှတ်၊ သင်္ချာ ၉၁-မှတ်၊ ဓာတု



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းဟန်

ဗေဒ ၈၈–မှတ်၊ ရူပဗေဒ ၈၂–မှတ်၊ ဘောဂဗေဒ ၈၇–မှတ်၊ စုစုပေါင်း ၄၉၁–မှတ်ဖြစ်သည်။ ဦးဝင်းအောင်နှင့် ဒေါ်လှဦးတို့၏ သားဖြစ်သည်။ ပင်လည်ဘူးမြို့၊ အ–ထ–ကမှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးဌေးညွန့်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်စောအေးမူဖြစ်သည်။ မောင်သိန်းဟန်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်း ချီးမြှင့်သည်။ သူသည် ဧရကြောင်းတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူရန် ရည်ရွယ်ထားသည်။

ပေးပို့သူ–မောင်မောင်သန်းညွန့်(ပင်လည်ဘူး)

* * *



## ၅–ဘာသာဂုဏ်ထူးရှင် မသဖင်မြတ်မွန်

မသဖင်မြတ်မွန်၏ ရမှတ်များမှာ မြန်မာစာ ၇၅–မှတ်၊ အင်္ဂလိပ်စာ ၇၂–မှတ်၊ သင်္ချာ ၈၄–မှတ်၊ ဓာတုဗေဒ ၉၀–မှတ်၊ ရူပဗေဒ ၈၆–မှတ်၊ ဇီဝဗေဒ ၉၁–မှတ်၊ စုစုပေါင်း ၄၉၈–မှတ်ဖြစ်သည်။ ကျောက်တန်းမြို့နယ်၊ အ–ထ–က(၂)မှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်မြင့်မြင့်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်ခင်မာလာဖြစ်သည်။

မသဖင်မြတ်မွန်သည် ဦးအေးပို၊ ဒေါ်မြင့်မြင့်သန်းတို့၏ သမီးဖြစ်သည်။ သံလွင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထားမလုံကျေးရွာတွင် နေထိုင်သည်။ သူ၏ဘဝရည်မှန်းချက်မှာ ဗိသုကာပညာရှင်ကောင်းတစ်ဦးဖြစ်ရန် ဖြစ်သည်။ ယခုအခါ သန်လျင်နည်းပညာတက္ကသိုလ်တွင် ရမှတ်အများဆုံး ဝင်ခွင့်အမှတ်စဉ်(၁)ဖြင့် ပညာသင်ယူလျက်ရှိပါသည်။

ပေးပို့သူ–ဦးစိုးမင်း(မြေဖင်းတောရ)

* * *



## ၅–ဘာသာဂုဏ်ထူးရှင် မစိုးမြတ်သန္တာ

မစိုးမြတ်သန္တာ၏ ရမှတ်များမှာ မြန်မာစာ ၇၅–မှတ်၊ အင်္ဂလိပ်စာ ၇၁–မှတ်၊ သင်္ချာ ၈၅–မှတ်၊ ဓာတုဗေဒ ၉၁–မှတ်၊ ရူပဗေဒ ၈၃–မှတ်၊ ဇီဝဗေဒ ၈၈–မှတ်၊ စုစုပေါင်း ၄၉၃–မှတ်ဖြစ်သည်။ ဦးသက်သွန်းအောင်နှင့် ဒေါ်နန်းယဉ်ဌေးတို့၏ သမီးဖြစ်သည်။ မိဘများမှာ သာမန်လက်လုပ်လက်စားများသာ ဖြစ်သည်။

www.burmeseclassic.com

တောင်ကြီးမြို့၊ အ–ထ–က(၉)မှ အောင်မြင်သည်။ ယခင် ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်မေသူဝင်းဖြစ်၍ ယခု ကျောင်းအုပ်ဆရာမကြီးမှာ ဒေါ်အေးကြည်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်ခင်မိုးဖြစ်သည်။

မစိုးမြတ်သန္တာသည် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ နှစ်စဉ် ဆုများရရှိခဲ့သည်။ ကြက်ခြေနီအသင်းဝင် ၁–ဦးဖြစ်သည်။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ပညာတန်ဆောင်ပြိုင်ပွဲများ၌ ဆုများရရှိခဲ့သည်။ ဘာသာရေး၌လည်း ထူးချွန်သည်။ ဓမ္မစကြာပြိုင်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ကျောင်းပိတ်ရက်အားလပ်ချိန်တွင် မောင်၊ ညီမငယ်များအား စာပြပေးသည်။ မန္တလေးသူနာပြုတက္ကသိုလ်တွင် တက်ရောက်သင်ယူမည်ဟု သိရပါသည်။

ပေးပို့သူ–ဦးအောင်ကြည်ဦး(အလယ်တန်းပြ)

* * *

## ၄–ဘာသာဂုဏ်ထူးရှင် မသွဲ့သဉ္ဇာပိုင်

မသွဲ့သဉ္ဇာပိုင်၏ ရမှတ်များမှာ မြန်မာစာ ၇၁–မှတ်၊ အင်္ဂလိပ်စာ ၇၂–မှတ်၊ သင်္ချာ ၈၁–မှတ်၊ ဓာတုဗေဒ ၉၆–မှတ်၊ ရူပဗေဒ ၈၃–မှတ်၊ ဇီဝဗေဒ ၈၄–မှတ်၊ စုစုပေါင်း ၄၈၇–မှတ်ဖြစ်သည်။ လသာမြို့နယ်၊ အ–ထ–က(၂)မှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာမကြီးမှာ ဒေါက်တာဒေါ်သိင်္ဂီကျော်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်ခင်ခင်ဖြစ်သည်။



မသွဲ့သဉ္ဇာပိုင်

ဖခင် ဦးအုန်းမြင့်(ဆက်သွယ်ထောက်ပံ့ရေးအရာရှိ) နှင့် မိခင်ဒေါ်လှလှဝင်းတို့၏ သမီးဖြစ်သည်။ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်တွင် နေထိုင်သည်။ မသွဲ့သဉ္ဇာပိုင်က အင်ဂျင်နီယာ(ဗိသုကာပညာရှင်)ဖြစ်ချင်သည်ဟု ဆိုပါသည်။

ပေးပို့သူ–ဒေါ်ဖြူ

* * *



## ၃–ဘာသာဂုဏ်ထူးရှင် မဆုမြလေးစံ

မဆုမြလေးစံ၏ ရမှတ်များမှာ မြန်မာစာ ၇၂–မှတ်၊ အင်္ဂလိပ်စာ ၇၈–မှတ်၊ သင်္ချာ ၉၄–မှတ်၊ ဓာတုဗေဒ ၈၆–မှတ်၊ ရူပဗေဒ ၇၆–မှတ်၊ ဇီဝဗေဒ ၇၅–မှတ်၊ စုစုပေါင်း ၄၈၁–မှတ်ဖြစ်သည်။ ဦးလဂျာနှင့် ဒေါ်နွယ်နွယ်လွင်တို့၏ သမီးဖြစ်သည်။ ဗန်းမော်မြို့၊ အ–ထ–က(၁)မှ အောင်မြင်သည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးတင်အောင်ဖြစ်သည်။ အတန်းပိုင်ဆရာမမှာ ဒေါ်ကြည်ကြည်စိန်ဖြစ်သည်။

ပေးပို့သူ–ညွန့်ညွန့်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



# မှတ်ဖွယ်မှတ်ရာ

ဉာဏ်ဝင်း

### ကြီးပွားတိုးတက်ကြောင်း တရား ၇-ပါး


(၁) မပျင်းမရိ လုံ့လရှိသူ၊
(၂) သတိရှိသူ၊
(၃) လုပ်ငန်း၌ သန့်ရှင်းသပ်ရပ်ကောင်းမွန်သူ၊
(၄) စူးစမ်းဆင်ခြင်၍ အလုပ်လုပ်သူ၊
(၅) ကိုယ်၊ နှုတ်၊ စိတ်တို့ကို နိုင်နင်းစွာ စောင့်ထိန်းနိုင်သူ၊
(၆) တရားသောနည်းလမ်းဖြင့် အသက်မွေးသူ၊
(၇) ကုသိုလ်ကောင်းမှု၌ မမေ့သူ။

(အင်္ဂုတ္တိုရ်ပါဠိတော်)

(သုတေသန သရုပ်ပြအဘိဓာန်မှ)

### သလွန်

မင်း၊ မိဖုရားတို့အိပ်စက်ရာခုတင်ကို သလွန်ဟု ခေါ်သည်။ (မြန်မာအဘိဓာန်)



သလွန်

### ကာလဒါန ၅-မျိုး

(၁) ဧည့်သည်တို့အား ပေးလှူခြင်း၊
(၂) ခရီးသည်အား ပေးလှူခြင်း၊
(၃) လူနာအား ပေးလှူခြင်း၊
(၄) ငတ်မွတ်ရှားပါးသူအား ပေးလှူခြင်း၊
(၅) ပေါ်ဦး၊ ပေါ်စသီးနှံတို့ကို သီလရှိသူတို့အား ပေးလှူခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်)

(ပိဋကတ်သုံးပုံသရုပ်စုံအဘိဓာန်မှ)

### ကောင်းစွာကြံပါ

မတောင့်တအပ်သည်ကို မတောင့်တရာ။
မကြံအပ်သည်ကို မကြံရာ။
တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင် ကောင်းစွာကြံရာ၏။
အချိန်ကို အချည်းနှီးမကုန်လွန်စေရာ။

(လောကနီတိ)

### ကောင်းသောစကား ၅-မျိုး

(၁) အချိန်ကာလအားလျော်စွာ ပြောဆိုခြင်း၊
(၂) မှန်သောစကားကို ပြောဆိုခြင်း၊
(၃) သိမ်မွေ့သောစကားကို ပြောဆိုခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သော စကားကို ပြောဆိုခြင်း၊
(၅) မေတ္တာစိတ်ဖြင့် ပြောဆိုခြင်း။


(အင်္ဂုတ္တိုရ်ပါဠိတော်)

(ပိဋကတ်သုံးပုံသရုပ်စုံအဘိဓာန်မှ)



www.burmeseclassic.com

www.burmeseclassic.com




စေတီ

၁။ စိန်ဖူး
၂။ ဖွန်းလေး
၃။ ငှက်မြတ်နား
၄။ ဖွန်းကြီး
၅။ ဆပ်သွားဖူး
၆။ ထီးတော်
၇။ ငှက်ပျောဖူး
၈။ ကြာစိပ်
၉။ ကြာလန်
၁၀။ ရွဲ
၁၁။ ကြာမှောက်
၁၂။ ကြာစိတ်
၁၃။ ဖောင်းရစ်
၁၄။ ပတ်သေး
၁၅။ ပတ်ကြီး
၁၆။ မိုးလျှော
၁၇။ သပိတ်မှောက်ပန်းဆွဲ
၁၈။ စိန်တောင်
၁၉။ ဘီလူးပန်းကိုက်
၂၀။ ရင်ဖွဲ့
၂၁။ ခေါင်းလောင်း
၂၂။ ခေါင်းလောင်းနား
၂၃။ စေတီရံ
၂၄။ ကြေးပန်း
၂၅။ ကျည်းဝန်း
၂၆။ ကလသာအိုး
၂၇။ တတိယပစ္စယာ
၂၈။ နတ်လှေကား
၂၉။ ဓာတ်တော်စဥ့်ကွင်းများ
၃၀။ ဒုတိယပစ္စယာ
၃၁။ ပထမပစ္စယာ
၃၂။ မကန်း
၃၃။ နတ်မုခ်

## စေတီ

ရိုသေပူဇော်အပ်သည့်အရာ၊ ဓာတ်တော်မွေတော်စသည်တို့ကို ဌာပနာထားသော အဆောက်အအုံကို **စေတီ**ဟု ခေါ်သည်။

(မြန်မာ့အနုသုခုမအဘိဓာန်)



www.burmeseclassic.com

www.burmeseclassic.com

### အမျိုးကြီး ၄–ပါး

(၁) ခတ္တိယ – မင်းမျိုး၊ သူဌေးမျိုး၊
(၂) ဗြာဟ္မဏ – ရသေ့၊ ရဟန်း၊ ပုဏ္ဏားမျိုး၊
(၃) ဝေဿ – ကုန်သည်သူကြွယ်မျိုး၊
(၄) သုဒ္ဒ – သူဆင်းရဲမျိုး။

**(နိဒါနဝဂ္ဂသံယုတ်)**

**(သုတေသနသရုပ်ပြအဘိဓာန်)**


* * *

### လောက၌ အကြီးကျယ်ဆုံးပုဂ္ဂိုလ်ကြီး ၄–ယောက်

(၁) ကိုယ်ခန္ဓာအကြီးဆုံး အသူရိန္ဒ်ခေါ် ရာဟုနတ်ကြီး၊
(၂) ကာမဂုဏ်ခံစားသူတို့တွင် အကြီးကျယ်ဆုံး မန္ဓာတု စကြာမင်းကြီး၊
(၃) အာဏာလိုချင်သူ၊ အုပ်စိုးသူတို့တွင် အကြီးကျယ်ဆုံး မာရ်နတ်မင်းကြီး၊
(၄) လောကသုံးပါး၌ အတုမရှိကြီးကျယ်တော်မူသော မြတ်စွာဘုရား။ **(စတုက္ကအင်္ဂုတ္တိုရ်)**

**(သုတေသနသရုပ်ပြအဘိဓာန်)**

* * *



### ခန္တဲ

လယ်ထဲသို့ ရေသွင်းရာတွင်လည်းကောင်း၊ လှေထဲမှ ရေထုတ်ရာတွင်လည်းကောင်း၊ မြက်သီးခပ်ရာတွင်လည်းကောင်း အသုံးပြုရသော အရိုးရှည်တပ်ပက်ခွက်ကို **ခန္တဲ**ဟုခေါ်သည်။

**(မြန်မာအဘိဓာန်အကျဉ်းချုပ်)**

### ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း

လူမိုက်နှင့်ပေါင်းသင်း၍ လှည့်လည်သွားလာနေရသောသူသည် အချိန်ကြာမြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် ပေါင်းသင်းနေရခြင်းသည် ရန်သူနှင့် ပေါင်းသင်းနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိသူနှင့် ပေါင်းသင်းရခြင်းသည် ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့ ချမ်းသာ၏။

**(ဓမ္မပဒ၊ သုခဝဂ်)**

* * *

### အဋ္ဌာရသပညာ တစ်ဆယ့်ရှစ်ရပ်

၁။ သုတိ – အကြားအမြင်အတတ်
၂။ သမ္မုတိ – ဓမ္မသတ်အတတ်
၃။ သင်္ချာ – ဂဏန်းအတတ်
၄။ ယောဂ – တံစည်းစူးဆောက်အတတ်
၅။ နီတိ – နီတိကျမ်းအတတ်
၆။ ဝိသေသိကာ – ယာယီယတြာစသော ဗျာကရိုဏ်း အတတ်
၇။ ဂန္ဓဗ္ဗာ – စောင်းညှင်းစသော ကဗျာလင်္ကာ အတတ်
၈။ ဂဏိကာ – လက်ပစ်အတတ်
၉။ ဓနုဗ္ဗေဒါ – လေးအတတ်
၁၀။ ပုရာဏာ – စကားဟောင်းအတတ်
၁၁။ တိကိစ္ဆာ – ဆေးအတတ်
၁၂။ ဣတိဟာသာ – ရယ်ရွှင်မှုအတတ်
၁၃။ ဇောတိ – ဗေဒင်အတတ်
၁၄။ မာယာ – လှည့်ပတ်တတ်သောအတတ်
၁၅။ ဆန္ဒ – ဆန်းကျမ်းအတတ်
၁၆။ ကေတု – သံတမန်အတတ်
၁၇။ မန္တာ – မန္တန်အတတ်
၁၈။ သဒ္ဒါ – သဒ္ဒါကျမ်းအတတ်

**(မြန်မာ့စွယ်စုံကျမ်း၊ အတွဲ–၁၃)**

**ဉာဏ်ပင်း**

www.burmeseclassic.com

# ရွှေတံဆိပ်ဆုရှင် မောင်နှံနှစ်ဦး၏ လက်ဆင့်ကမ်းပုံ




ဦးမောင်မြင့်နှင့် ဒေါ်သီတာညွန့်

၁၉၆၉–ခုနှစ်၊ ပဋ္ဌမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဘော်လီဘောအားကစားပြိုင်ပွဲ၌ မြန်မာအမျိုးသား၊ အမျိုးသမီး နှစ်သင်းလုံး ရွှေတံဆိပ်ဆုများ ဆွတ်ခူးခဲ့သည်။

ယင်းနောက် ၄၄–နှစ်အကြာ၊ ၂၇–ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပသောအခါ အားကစားမီးရှူးတိုင်ကို ရန်ကုန်မြို့မှ နေပြည်တော်သို့ လက်ဆင့်ကမ်းသယ်ဆောင်ရာတွင် ၁၉၆၉–ခုနှစ်၊ ဘော်လီဘောရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော ဦးမောင်မြင့် (၇၀–နှစ်)နှင့် ဒေါ်သီတာညွန့် (၆၄–နှစ်)တို့ နှစ်ဦးလည်း ပါဝင်ခဲ့သည်။

ဖော်ပြပါဓာတ်ပုံမှာ ၁၁–၁၂–၂၀၁၃ နေ့တွင် ဒေါ်သီတာညွန့်ထံမှ မီးရှူးတိုင်ကို ဦးမောင်မြင့်က လက်ဆင့်ကမ်းသယ်ယူနေပုံကို မှတ်တမ်းတင်ထားသော ဓာတ်ပုံဖြစ်သည်။



ဒေါ်သီတာညွန့်ထံမှ မီးရှူးတိုင်ကို ဦးမောင်မြင့်က လက်ဆင့်ကမ်း သယ်ယူနေစဉ်။

ဦးမောင်မြင့်နှင့် ဒေါ်သီတာညွန့်တို့သည် အားကစားဖြင့် ဖူးစာဆုံခဲ့ကြသော ဇနီးမောင်နှံနှစ်ဦး ဖြစ်ကြသည်။ ၁၉၆၉–ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ပဋ္ဌမအကြိမ် ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ်များ ရရှိခဲ့ပြီးနောက် သူတို့နှစ်ဦးသည် ၁၉၇၀–ပြည့်နှစ်၊ ဒီဇင်ဘာလတွင် လက်ထပ်ထိမ်းမြားခဲ့ကြသည်။ နှစ်ဦးလုံး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ ဖြစ်ကြသည်။

ယခုအခါ ရွှေတံဆိပ်ဆုရှင် ဇနီးမောင်နှံတို့သည် မင်္ဂလာဗျူဟာအသင်းချုပ်၊ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်(သန်လျင်)၊ မင်္ဂလာဗျူဟာပရဟိတအဖွဲ့၊ ပိဋကဗျူဟာအဖွဲ့တို့တွင် အမှုဆောင်များအဖြစ် ပါဝင်၍ သာသနာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

**မောင်ရွှန်းသစ်**



www.burmeseclassic.com

www.burmeseclassic.com



# တစ်ဖက်စွန်းရောက် အစွဲအလမ်း

ဝဏ္ဏသီရိ

တစ်ခုသောဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့တော်၌ ဘဂ္ဂဝဟူသောအမည်ဖြင့် ဦးထိန်းသည်တစ်ယောက် ဖြစ်ခဲ့၏။ ဘဂ္ဂဝသည် အိုးလုပ်ရန် မြေညက်များ လိုအပ်လာလျှင် ဂင်္ဂါမြစ်ကမ်းအနီးက ရေအိုင်ကြီးသို့ သွားရ၏။ ရေအိုင်ကြီးထဲရှိ ရေခန်း ခြောက်သွားသော နေရာများမှ မြေညက်ကို ပေါက်တူးဖြင့် ပေါက်၍၊ တူး၍ ယူရ၏။

ထိုရေအိုင်ကြီးသည် ဂင်္ဂါမြစ်နှင့် အဆက်အစပ်ရှိ၏။ ရေကြီးသောအခါ ဂင်္ဂါမြစ်ထဲက ရေများသည် လမ်းကြောင်းအတိုင်း အိုင်ကြီးထဲသို့ စီးဝင်ကြ၏။ ဂင်္ဂါမြစ်ထဲ၌ ရေနည်းသွားသောအခါ ရေစီးလမ်းကြောင်း ပြတ်သွားသဖြင့် မြစ်နှင့် တခြားစီဖြစ်သွားတော့၏။

ထိုရေအိုင်ကြီး၌ ငါး၊ လိပ်စသော ရေသတ္တဝါများ ကျက်စားလျက် ရှိကြ၏။ သူတို့သည် သဘာဝ အလျောက် ရာသီဥတုကို ခန့်မှန်းနိုင်စွမ်းရှိကြ၏။ မိုးများမည့်အခြေအနေနှင့် မိုးခေါင်မည့်အခြေအနေကို သိနိုင်ကြ၏။ မိုးကောင်းသောနှစ်များ၌ အိုင်ကြီးထဲတွင် နှစ်ပတ်လည်အောင် ရေများတည်ရှိနေ၏။ မိုးခေါင်သောနှစ်များတွင်မူ မိုးရာသီမရောက်ခင်မှာ ရေများခန်းခြောက်သွားတော့၏။

ထိုနှစ်တွင် မိုးခေါင်သည်ဟု ခန့်မှန်းမိ၍ အိုင်ကြီးထဲက ငါးနှင့်လိပ်တို့သည် ဆက်သွယ်ရာရေလမ်းကြောင်း မပိတ်မီတွင် ဂင်္ဂါမြစ်ထဲသို့ ပြောင်းရွှေ့သွားကြ၏။ သူတို့ခန့်မှန်းသည့်အတိုင်း မိုးပြတ်သွား၍ မကြာမီမှာပင် အိုင်ကြီးထဲက ရေများသည် နည်းသည်ထက်နည်းလာကြ၏။ နွေရာသီရောက်လျှင် အိုင်ကြီးတစ်ခုလုံး ရေခန်းသွားလေတော့၏။

အလောင်းတော် အိုးထိန်းသည် ဘဂ္ဂဝသည် အိုးလုပ်ရန် မြေညက်များ လိုအပ်လာသဖြင့် ပေါက်တူးတစ်လက်နှင့် တောင်းတစ်လုံးကို ယူ၍ အိုင်ရှိရာသို့ လာခဲ့၏။ အိုင်ကြီး၏ ဘေးနံပါးတို့မှာ ရေလုံးဝခန်းခြောက်သွား၍ ပတ်ကြားအက်ကြီးများ ဖြစ်နေကြပေ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ အိုင်ကြီး၏ အလယ်ချိုင့်ခွက်ထဲမှာတော့ အစိုဓာတ်ရှိနေပါသေးသည်။ မြေခြောက်ခြောက်ကို တူးရသည်ထက် မြေစိုစိုကို တူးရသည်က ပို၍သက်သာ၏။ ထို့ကြောင့် ဘဂ္ဂဝသည် မြေစိုစိုပေါ်မှာ စုံရပ်လျက် ပေါက်တူးကို အထက်သို့ မြှောက်နိုင်သမျှ မြှောက်၍ တအားကုန် ပေါက်လိုက်၏။ ထိုအခါ သံနှင့်ပြုလုပ်ထားသော ပေါက်တူးသွားသည် မာကျောသောအရာဝတ္ထုတစ်ခုနှင့် ပြင်းထန်စွာ ထိခိုက်သွား၍ 'ဒုတ်'ခနဲ အသံထွက်လာ၏။

ဤတွင် ဘဂ္ဂဝသည် အဖြစ်မှန်ကို သိနိုင်ရန် မြေကြီးများကို တူးဆွ၍ ဖော်ထုတ်လိုက်လေရာ သွေးသံရဲရဲနှင့် လိပ်ကြီးတစ်ကောင် ပေါ်ထွက်လာပေသည်။

လိပ်၏ကျောကုန်းပေါ်တွင် အခွံမာရှိနေသော်ငြားလည်း တအားကုန်ပေါက်လိုက်သော သံပေါက်တူးသွားကိုတော့ မခုခံနိုင်ပါ။ သို့ဖြစ်၍ ပေါက်တူးဒဏ်ကြောင့် သေအံ့ဆဲဆဲဖြစ်နေသော လိပ်ကြီးသည် မိမိ၏ ဇာတိမြေကို အစွဲအလမ်းကြီးမားမှုကြောင့် အကျိုးမဲ့ဖြစ်ရပုံကို ပြောဆိုငိုကြွေးလိုသဖြင့် ဂါထာနှစ်ပုဒ်ကို ရွတ်ဆိုလေသည်။ ထိုဂါထာတို့၏ သဘောအဓိပ္ပါယ်မှာ -

"အို ဘဂ္ဂဝ၊ ကျွန်ုပ်ဖြစ်ပုံကို ပြောပြပါရစေ။ ဤနေရာ၌ ငါမွေးဖွားခဲ့သည်။ ဤနေရာ၌ ငါကြီးထွားလာခဲ့သည်။ ဤသို့သော အစွဲအလမ်းဖြင့် ကျွန်ုပ်သည် ရွှံ့ညွန်ထဲမှာ ဝင်၍နေခဲ့၏။ ထို့ကြောင့်လည်း ကျွန်ုပ်အားကိုးအားထားပြုထားသော ရွှံ့ညွန်က ကျွန်ုပ်ကို ဖိစီးနှိပ်စက်တော့၏။

"အို ဘဂ္ဂဝ၊ မြို့ထဲရွာထဲမှာဖြစ်စေ၊ တောထဲမှာဖြစ်စေ မိမိအတွက် ချမ်းသာသုခရနိုင်သော အရပ်သည် မိမိ၏မွေးရပ်မြေလည်းဖြစ်၏။ မိမိ၏ ကြီးထွားရာနယ်မြေလည်းဖြစ်၏။ ဤသို့သော အကျိုးရှိသည်၊ မရှိသည်ကိုသိသောသူ၊ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို သိသောသူသည် မိမိ၏ အသက်ရှင်ရပ်တည်နိုင်မည့်နေရာသို့ ပြောင်းရွှေ့နေထိုင်မည်ဆိုပါက နေရာအတွက် အသက်ဆုံးရှုံးရမည် မဟုတ်ပေ" ဟူ၍ဖြစ်၏။

လိပ်ကြီးသည် ဤသို့ ငိုကြွေးမြည်တမ်းပြီးသည်နှင့် သေဆုံးသွား၏။ အလောင်းတော် အိုးထိန်းသည် ဘဂ္ဂဝသည် ထိုလိပ်အသေကောင်ကို လူစုလူဝေးရှိရာသို့ ယူဆောင်ပြသ၍ တစ်ဖက်စွန်းရောက် အစွဲအလမ်းကြောင့် အကျိုးမဲ့ဖြစ်ရပုံကို ရှင်းလင်းပြောပြလေသည်။

(ငါးရာ့ငါးဆယ်၊ ဒုကနိပါတ်၊ ကလျာဏဝဂ်၊ ကစ္ဆပဇာတ်)

**ဝဏ္ဏသီရိ**


## မင်္ဂလာမောင်မယ် စာရှုသူများအတွက်

မင်္ဂလာမောင်မယ်စာစောင်ကို နယ်မှဖတ်ရှုလိုသူများသည် မိမိတို့စာစောင်ကိုယ်စားလှယ်များထံ မှာကြားဝယ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တွင် အိမ်တိုင်ရာရောက်စနစ်ဖြင့် ဖတ်ရှုလိုပါက **Novel Light Express** ဖုန်း - ၀၉၅၀၀၀၀၉၀ နှင့် ၀၁ - ၈၆၁၉၄၂၂၊ ၀၁-၈၆၁၉၄၁၁ သို့ မှာကြားနိုင်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



# မေးလိုရာရာ မြန်မာစာ

မောင်ခင်မင်(ဓနုဖြူ)

ယခုလကဏ္ဍတွင်

- မြန်မာစာနှင့် ပါဠိ
- ရေးဟန်နှင့်ပြောဟန်
- သားတို့ရုပ်ရည်

တို့ ပါဝင်သည်။

## မြန်မာစာနှင့်ပါဠိ

**(မေး)။ ။ ဆရာကြီးရှင့်၊**

**မြန်မာစာပေသမိုင်းတစ်လျှောက် ပါဠိနှင့်မြန်မာစာသည် ခွဲခွာ၍မရသည့်အတွက် မြန်မာစာအထူးပြုသော ကျောင်းသားများသည် ပါဠိဘာသာကို အထောက်အကူပြုဘာသာအဖြစ် မလွဲမသွေယူဖို့ လိုအပ်သည်ဟု ထင်ပါသည်။ ဆရာကြီးအမြင်ကို သိပါရစေ။**

**ဒေါ်ငယ်ငယ်၊ ဟသ်ာတမြို့။**

**(ဖြေ)**။ ။ မြန်မာစာလေ့လာတဲ့သူဟာ ပါဠိလည်း လေ့လာဖို့ လိုတယ်ဆိုတာ အမှန်ပါပဲ။ ဗုဒ္ဓသာသနာကို အကြောင်းပြုပြီး ပါဠိပိဋကတ်စာပေတွေ လေ့လာရာက မြန်မာစာပေ ဖွံ့ဖြိုးလာရတာ အထင်အရှားပါပဲ။ မြန်မာစကားထဲမှာ အသားကျနေပြီဖြစ်တဲ့ ပါဠိမွေးစားစကားလုံးတွေ၊ ပါဠိပိဋကတ်စာပေကို အခြေပြုပြီး ပေါ်ပေါက်လာတဲ့ မြန်မာပျို့ကဗျာတွေ၊ ဗုဒ္ဓစာပေဝတ္ထုတွေ၊ ဇာတက၊ ဓမ္မပဒအစရှိတဲ့ စာပေတွေဟာ ပါဠိဘာသာရဲ့ အရေးပါမှုနဲ့ ကျေးဇူးကို ဖော်ပြနေပါတယ်။ ပါဠိတတ်ရင် မြန်မာစာလေ့လာရာမှာ အများကြီးအထောက်အကူပြုတာ အမှန်ပါပဲ။

အဲ ... သင်ကြားရေးအနေနဲ့ ကြည့်ရင်တော့ စဉ်းစားစရာတွေ ရှိတာပေါ့။ မြန်မာစာကို ပါဠိက အထောက်အကူပြုသလို တခြားဘာသာတွေကလည်း အထောက်အကူပြုပါတယ်။ အထူးသဖြင့်တော့ သမိုင်းနဲ့ ဒဿနိကဗေဒဟာ မြန်မာစာရဲ့ မိတ်ဖက်ဘာသာတွေပါပဲ။ မြန်မာ့သမိုင်းကို နောက်ခံအနေနဲ့ ခြေခြေမြစ်မြစ် သိထားရင် မြန်မာစာပေ ခေတ်အဆက်ဆက် ဖွံ့ဖြိုးလာပုံကို ထင်ထင်လင်းလင်း မြင်နိုင်တာပေါ့။ အဲဒီလိုပဲ ဒဿနိကဗေဒ (ဖီလိုဆိုဖီ)နဲ့ ယုတ္တိဗေဒ (လောဂျစ်)ဘာသာတွေဟာ ကျိုးကြောင်းဆင်ခြင်တွေးခေါ်မှုကို စနစ်တကျ သင်ပေးတာမို့ မြန်မာစာပေလေ့လာရာမှာ အကျိုးအကြောင်း ဆင်ခြင်တတ်အောင်၊ တွေးခေါ်မြော်မြင်တတ်အောင် ဒီဘာသာတွေက အထောက်အကူပြုတာ အမှန်ပါပဲ။

ဒီတော့ မြန်မာစာအထူးပြုတဲ့သူက ပါဠိရော၊ သမိုင်းရော၊ ဒဿနိကဗေဒရော လေ့လာနိုင်ရင် အကောင်းဆုံးပေါ့။ ဒီဘာသာတွေဟာ သူ့ကဏ္ဍနဲ့သူ အရေးပါတာမို့ ဘယ်ဘာသာက ဘယ်ဘာသာထက်ပိုပြီး လိုအပ်တယ်လို့တော့ ပြောလို့မရဘူးထင်ပါတယ်။ လူငယ်တွေ သမိုင်းမသိလို့၊ ယုတ္တိဗေဒမသိလို့ အကျိုးအကြောင်းဆင်ခြင်မှု၊ တွေးခေါ်မှုအားနည်းပြီး စာတွေကို



www.burmeseclassic.com

www.burmeseclassic.com

အလွတ်ကျက်ဖို့ပဲ အားသန်နေတယ်ဆိုတဲ့ အမြင်မျိုးလည်း ရှိပါတယ်။ ပါဠိကတော့ သီးခြားမသင်လည်း မြန်မာစာလေ့လာရာမှာ ပါဠိဝေါဟာရတွေ၊ ပါဠိစာပေထဲက အတွေးအခေါ်တွေ ပါပြီးသားမို့ (၃–ဘာသာလုံး မသင်နိုင်ဘဲ ရွေးချယ်သင်ရမယ်ဆိုရင်) သမိုင်းသင်တာ ဒါမှမဟုတ် ဒဿနိက ယုတ္တိဗေဒသင်တာ ကျောင်းသားတွေအတွက် ဘာသာရပ်အသစ်တစ်ခု ပိုတတ်တဲ့အတွက် ပါဠိမသင်ဘဲ အဲဒီဘာသာတစ်ခုခုသင်တာ ပိုပြီးသင့်လျော်တယ်ဆိုတဲ့ အမြင်လည်းရှိပါတယ်။ မြန်မာစာယူရင် ပါဠိလည်း ယူမှဖြစ်မယ်ဆိုပြီး ပုံသေသတ်မှတ်ထားလို့တော့ မသင့်ဘူးထင်ပါတယ်။

* * *

ရေးဟန်နှင့် ပြောဟန်

**မေး** ။ ။ ဆရာကြီးခင်ဗျား၊

**မြန်မာ့ရုပ်မြင်သံကြားက သတင်းကြေညာရာမှာ 'နိုင်ငံတော်သမ္မတကြီးသည် လို့ စသုံးနဲ့အစချီပြီး နောက်ပိုင်းကျမှ အသံလွှင့်မိန့်ခွန်း ပြောကြားပါတယ် လို့ အပြောစကားနဲ့ ဆုံးတာမျိုးကို အမြဲလိုလိုကြားနေရပါတယ်။ အပြောစကားနဲ့ ကြေညာတာမို့ "နိုင်ငံတော်သမ္မတကြီးဟာ လို့ပဲ ပြောသင့်တယ်ထင်ပါတယ်။ ဆရာကြီးရဲ့ သဘောထားကို သိပါရစေခင်ဗျား။**

**ဦးအေးမောင်၊ ဉာဏသိဒ္ဓိရပ်ကွက်၊**
**နေပြည်တော်။**

**ဖြေ** ။ ။ အဲဒီကိစ္စကို ရေးဖူးကြတယ်ထင်ပါတယ်။ လေ့လာမိသလောက်တော့ သတင်းကြေညာရာမှာ စာဟန်အတိုင်း ဖတ်တာရှိသလို အပြောဟန်အတိုင်း ပြောတာလည်းရှိပါတယ်။ မြန်မာ့အသံကသတင်းကြေညာရင် စာဖတ်တဲ့ဟန်နဲ့ ကြေညာလေ့ရှိတယ်ထင်ပါတယ်။ အဲဒီလိုကြေညာရင်တော့ 'နိုင်ငံတော်သမ္မတကြီးသည် ယနေ့ အသံလွှင့်မိန့်ခွန်းတစ်ရပ် မိန့်ကြားပါသည်" လို့ စသုံးဟန်အတိုင်း ကြေညာရမှာပါ။ အဲ–မြန်မာ့ရုပ်မြင်သံကြားကတော့ စကားပြောသလို အပြောဟန်နဲ့ သတင်းကြေညာတာဖြစ်တဲ့အတွက် 'နိုင်ငံတော်သမ္မတကြီးဟာ ဒီနေ့ အသံလွှင့်မိန့်ခွန်းတစ်ရပ်ကို မိန့်ကြားပါတယ်' လို့ပြောမှ အပြောဟန် ပီသပါလိမ့်မယ်။ ခုကြားနေရတာက မေးတဲ့အတိုင်း သည် လို့စပြီး တယ် လို့ဆုံးတဲ့အတွက် အရေးဟန်နဲ့ အပြောဟန် ရောထွေးနေပါတယ်။ အဲဒီလို မရောထွေးသင့်ဘူးလို့ ထင်ပါတယ်။

* * *

သားတို့ရှုပ်ရည်

**မေး** ။ ။ ဆရာကြီးခင်ဗျား၊

**'သားတို့ရှုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစေတမ်း' ဆိုတဲ့ အဓိပ္ပါယ်ကို သိလိုပါတယ်။ ရှင်းလင်းဖော်ပြပေးစေလိုပါတယ်။**

**ညီလွင်စိုး၊ သချာနောက်ဆုံးနှစ်၊**
**ရွှေဘိုတက္ကသိုလ်။**

**ဖြေ** ။ ။ အင်းဝခေတ်က စာဆိုရှင်မဟာရဋ္ဌသာရရဲ့ 'စတုဓမ္မသာရကိုးခန်းပျို့' ထဲက အဖွဲ့ကလေးပါပဲ။ 'သီတာ' ဆိုတာ 'အေးမြခြင်း' လို့ အဓိပ္ပါယ်ရတယ်။ အေးမြတဲ့ရေကို ဆိုလိုတာပါ။ 'ရေကြည်ချမ်းမြ' ဆိုတာလည်း 'အေးမြကြည်လင်တဲ့ရေ' ပေါ့။ မိဘတွေဟာ ကိုယ့်သားသမီးကို မြင်လိုက်ရတဲ့အခါမှာ အင်မတန်ကြည်လင်အေးမြတဲ့ ရေကလေးတစ်ပေါက်နဲ့ ထိတွေ့ရုံနဲ့ စိတ်ထဲမှာ ရှင်လန်းချမ်းမြေ့သွားသလို အေးအေးမြမြ ခံစားရပါတယ်လို့ ဆိုလိုတာပါ။ သားသမီးကို မြင်ရုံနဲ့တောင် ရင်ထဲမှာ အေးမြသွားတဲ့ မိဘရဲ့ ခံစားမှုကို အလေးအနက် ဖွဲ့ထားတာပါ။

**မောင်ခင်မင် (ဓနုဖြူ)**



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆောင်မယ်

# ဟာသ သရုပ်ဖော်ဉာဏ်စမ်း

မင်္ဂလာဆောင်မယ် စာဖတ်ပရိသတ်များ စိတ်ဉာဏ်ရွှင်လန်းကွန့်မြူးနိုင်စေရန် ပန်းချီ၊ ကာတွန်းဆရာများ ရေးဆွဲသည့် သရုပ်ဖော်ပုံများကို သက်ဆိုင်ရာ သရုပ်ဖော်ပုံစာနှင့်အတူ လစဉ် ထည့်သွင်းဖော်ပြပါမည်။

မည်သူမဆို ရုပ်ပြောင်ဆရာ ပေးထားသည့် သရုပ်ဖော်ပုံစာမှအပ ဖော်ပြပါပုံနှင့် ဆီလျော်သော ဟာသသရုပ်ဖော်ပုံစာများကို မိမိတို့ စိတ်ကူးဉာဏ်ရှိသလို ပေးပို့နိုင်ပါသည်။ သက်ဆိုင်ရာ အယ်ဒီတာများက စစ်ဆေးရွေးချယ်ပြီးလျှင် အကောင်းဆုံး သရုပ်ဖော်ပုံစာများကို မင်္ဂလာဆောင်မယ်စာစောင်၌ ဖော်ပြပါမည်။ ဖော်ပြရာ၌ ပေးပို့သူ၏အမည်၊ နေရပ်လိပ်စာတို့ကိုပါ တိကျစွာဖော်ပြပါမည်။ ထို့ပြင် ရွေးချယ်ခံရသူများထံသို့လည်း ဆုငွေ ၁၅၀၀/–စီ ပေးပို့ပါမည်။




သရုပ်ဖော်စာကို အယ်ဒီတာအဖွဲ့ကရွေးချယ်ရာ၌ (၁) ဟာသပါဝင်မှု၊ (၂) သရုပ်ဖော်ပုံနှင့် ဆီလျော်သော အကြောင်းအရာပါဝင်မှု၊ (၃) စကားအသုံးအနှုန်း ထိမိစွာ ရေးသားနိုင်မှုတို့ကို အဓိကထား၍ ရွေးချယ်ပါမည်။ အကြောင်းအရာချင်းတူညီနေလျှင် စကားအသုံးအနှုန်း ထိမိစွာရေးနိုင်သူကို ဦးစားပေးပါမည်။

ယခုလ သရုပ်ဖော်ပုံအတွက် ရုပ်ပြောင်ဆရာ ပေးထားသော သရုပ်ဖော်ပုံစာမှာ–

**(ပုံ–၉၀)“မင်းကတော့ မျက်နှာမရ ခြေထောက် ရနေပါလားကွ။”**

(၁) ပုံ(၉၀)အတွက် သရုပ်ဖော်ပုံစာများကို ၂၀၁၄–ခုနှစ်၊ ဩဂုတ်လ ၁၀–ရက်နေ့မတိုင်မီ အရောက်ပေးပို့ရပါမည်။ ဆုရဟာသပုံစာများကို ၂၀၁၄–ခုနှစ်၊ နိုဝင်ဘာလထုတ်စာစောင်တွင် ဖော်ပြပါမည်။

(၂) စာအိတ်ပေါ်တွင် “မင်္ဂလာဆောင်မယ်စာစောင်(ဟာသသရုပ်ဖော်ဉာဏ်စမ်း)၊ တိုက်(၈/၄)၊ ပ–ထပ်(က)၊ ဓမ္မာရုံ(၁)လမ်း၊(၆–မိုင်ခွဲအနီး)၊ ၁၁–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်” ဟု လိပ်စာကပ်၍ ပေးပို့ရပါမည်။

(၃) ပေးပို့ရာ၌ မိမိယှဉ်ပြိုင်သည့် ပုံနံပါတ်ကို ထည့်ရေး၍ တစ်ဦးလျှင် ပုံစာတစ်မျိုးစီသာ ပေးပို့ရပါမည်။

(၄) စာစောင်၌ပါသော ပုံကို ဖြတ်တောက်ပူးတွဲ ပေးပို့ရန်မလိုပါ။


(၅) စာအိတ်ပေါ်တွင် တံဆိပ်ခေါင်းပြည့်စုံစွာကပ်၍ ပေးပို့ပါ။ တံဆိပ်ခေါင်းပြည့်စုံစွာ မကပ်ဘဲ ရောက်ရှိလာသော ဟာသဉာဏ်စမ်းများကို လုံးဝ လက်ခံစဉ်းစားမည် မဟုတ်ပါ။

**တာဝန်ခံအယ်ဒီတာ**

www.burmeseclassic.com

www.burmeseclassic.com

# ဟာသ သရုပ်ဖော်ဉာဏ်စမ်း ဆုရရှိသူများ




ဖော်ပြပါပုံသည် မင်္ဂလာမောင်မယ်စာစောင် (အတွဲ-၂၅၊ အမှတ်-၉၊ ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလထုတ်၊ ပုံ-၈၃)တွင် ဖော်ပြထားသောပုံ ဖြစ်ပါသည်။ ထိုပုံအတွက် ရုပ်ပြောင်ဆရာပေးထားသော သရုပ်ဖော်ပုံစာမှာ-

**"ငါ ဖုန်းကတ်ဝယ်လို့ရပြီကွ။"**

**"ရှင် ဟန်းဆက်ဝယ်နိုင်အောင် ကြိုးစားဦး။"**

ထိုပုံအတွက် ဉာဏ်စမ်းလိုသူ ၃၀၇-ဦးတို့က မိမိတို့ စိတ်ကူးဉာဏ်ကျက်စားသလို ဟာသ သရုပ်ဖော်ပုံစာများ ပေးပို့ခဲ့ကြပါသည်။ ယင်းတို့အနက် အောက်ပါပုဂ္ဂိုလ် ၁၂-ဦး၏ ဟာသသရုပ်ဖော်ပုံစာများကို မင်္ဂလာမောင်မယ်အယ်ဒီတာအဖွဲ့က အသင့်လျော်ဆုံးဖြစ်သည်ဟု ယူဆရွေးချယ်လိုက်ပါသည်။ ရွေးချယ်ဖော်ပြခြင်းခံရသောပုံစာများအတွက် ဆုငွေ ၁၅၀၀ိ/-စီ ပေးပို့ပါသည်။

(၁) **"မိန်းမရေ၊ ငါ ရုံးမှာ ဖုန်းကတ်မဲနှိုက်တာ ပေါက်တယ်။"**

**"ဒါဆိုအတော်ပဲယောက်ျားရေ၊ အဲဒီဖုန်းကတ်ကို ရောင်းပြီး ပေါင်ထားတဲ့ ကျွန်မ နားကပ်လေး ပြန်ရွေးလို့ရပြီပေါ့။"**

မောင်ကိုဦး၊ အမှတ်-၁၃၇၊ မေယု ၅-လမ်း၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၂) **"ရှင် ဟန်းဖုန်းဝယ်ကိုင်လိုက်ပြီပေါ့လေ။"**

**"မဟုတ်ရပါဘူးကွာ၊ ကလေးကစားစရာဖုန်းပါ။"**

(က) မကေခိုင်ထက်၊ MK.Mobile ဖုန်းဆိုင်၊ မီးသတ်တိုက်တန်း၊ အရာတော်မြို့၊ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ခ) မောင်ရှိုင်းထက်အောင်၊ အမှတ်-၂၊ မြို့မလမ်း၊ ၇-ရပ်ကွက်၊ ကျိုက်ထိုမြို့။

(၃) **"ရှင့်ရဲ့ဖုန်းကတ် ငွေဖြည့်နေရလို့ ကျွန်မတို့ အသားဟင်းတောင် မစားနိုင်တော့ဘူး။"**

မဆန်းခင်၊ ဘက်ရှာ၊ ကျိုးတောင်၊ ဝန်းသိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(၄) **"ဒီနေ့ ရှင်ဖုန်းခေါ်တဲ့အထဲမှာ ယောက်ျားလေးနာမည်လည်း တစ်ယောက်မှ မပါပါလား။"**

ဒေါ်စန္ဒာဝင်း၊ (ခွဲ)အ-လ-က ညောင်ပင်သာ၊ ထီးချိုင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(၅) **"အိမ်မှာ ကလေးတွေကစားတဲ့ဖုန်းပျောက်လို့ ပွက်လောရိုက်နေတာ၊ လတ်စသတ်တော့ ရှင့်လက်ထဲမှာကိုး။"**

(က) မဆုမြင့်မြတ်နှင်း၊ ၂-ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အထောင်မြို့၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(ခ) မအိအိဖြိုး၊ နဝမတန်း(ခ)၊ အ-ထ-က(ခွဲ)၊ မရမ်းခြံတန်းရပ်ကွက်၊ ကွမ်းသဲ၊ မွန်ပြည်နယ်။ ☞



www.burmeseclassic.com

www.burmeseclassic.com

# မှတ်သားဖွယ် စကားပုံများ

၁။ At every dog's bark seek not to awake.
ခွေးဟောင်တိုင်း အိပ်ရာမှထကြည့်ရန် မလိုပါ။

၂။ When all men say you are an ass, it is time to bray.
လူအားလုံးက သင့်ကို မြည်းဟု သမုတ်ပြီဆိုလျှင် သင် မြည်းလိုအော်ဖို့ အချိန်ရောက်ပြီမှတ်ပါ။

၃။ Although the sunshine, leave not thy cloak at home.
နေသာသော်လည်း အပေါ်အင်္ကျီကို အိမ်တွင် မထားခဲ့ပါနှင့်။

၄။ Anger and haste hinder good counsel.
ဒေါသကြီးခြင်းနှင့် အလျင်စလိုလုပ်ခြင်းတို့သည် အကြံဉာဏ်ကောင်းကို ဟန့်တားစေသည်။

၅။ He is a good friend that speaks well of us behind our backs.
ကျွန်ုပ်တို့၏ နောက်ကွယ်တွင် ကျွန်ုပ်တို့ကောင်းကြောင်း ပြောသူသည် မိတ်ဆွေကောင်းဖြစ်သည်။

၆။ Ass loaded with gold still eats thistles.
ရွှေထုပ်ကို ထမ်းထားသောမြည်းသည်ပင် သစ်ရွက်ကိုသာ စားသည်။

၇။ Never be ashamed to eat your meat.
သင့်အစာ သင်စားရန် မရှက်ပါနှင့်။

၈။ Not to advance is to go back.
ရှေ့မတိုးခြင်းသည် နောက်ဆုတ်ဖို့ပင်ဖြစ်သည်။

၉။ Bad money drives out good money.
မကောင်းမှုဖြင့်ရသောငွေသည် ရိုးရိုးသားသား ရထားသော ငွေများကိုပါ ဆုံးရှုံးစေသည်။

၁၀။ Too much breaks the bag.
များလွန်းလျှင် အိတ်ပြဲသည်။ (လောဘသည် ဆိုးကျိုးပေးသည်။)

**ဦးထိန်ဝင်း (ထွေ/အုပ်)**

အကိုး ။ ။ **3000 Proverbs by Sam Phillips**
**Good will publishing house India.**

---

☞ (၆) **"မိန်းမရေ၊ ကိုယ်ကတော့ ၁၅၀၀–ကျပ်တန်ဖုန်းကတ် မဲပေါက်ပြီ။ ဟန်းဆက်ဝယ်ဖို့တော့ မင်းပဲ တာဝန်ယူလိုက်နော်။"**
(က) ကိုအောင်ဆယ်၊ အမှတ်–၇၃၈၊ နာနတ်တော၊ နောင်ယား(က)ရပ်ကွက်၊ လှိုင်ကော်မြို့။
(ခ) မေသီရိသိန်း၊ တစ်ဆင့်–ဦးမြင့်သိန်း၊ ၇–ရပ်ကွက်၊ ငါးရာပြည့်ရပ်၊ ရေစကြိုမြို့။

(၇) **"ငါ ဟန်းဆက်ဝယ်လာပြီကွ။"**
**"ခလုတ်အဖွင့်အပိတ်ကလေး ရှင့်သားကို သင်ခိုင်းလိုက်ပါဦး။"**
မစိုးအိန္ဒာ၊ အမှတ်–၆၊ မင်္ဂလာဦး၊ ကျောက်ပန်းတောင်းလမ်း၊ တောင်သာမြို့နယ်။

(၈) **"အိမ်ငှားခတော့ မပေးနိုင်သေးဘဲနဲ့ ဖုန်းတော့ ဝယ်နိုင်တယ်ပေါ့လေ။"**
**"တိုးတိုးပြောပါ မိန်းမရယ်၊ မနက်ဖြန် သူငယ်ချင်းရဲ့ မင်္ဂလာဆောင်ကို သွားမှာမို့လို့ ခထားငှားထားတာပါ။"**
မောင်နေလင်း၊ ဒီဂရီကျောင်းဘော်ဒါ၊ ပြည်ရတနာလမ်း၊ ဂျပန်ကွက်၊ ပြည်မြို့။

(၉) **"ဖုန်းကတ် မဲပေါက်ပြီဆိုတော့ ကျွန်မတို့အိမ်တော့ ဖွတ်အကြီးကြီး ဝင်ပြီပေါ့။"**
မောင်ပိုင်သွေး (သစ်ထုတ်ရေးဝန်ထမ်းအိမ်ရာ)၊ ပီတောင်မြိုင်၊ နက်မော်ရွာအနီး၊ ရွှေတောင်မြို့။



www.burmeseclassic.com

www.burmeseclassic.com



## သူလိုလူများ

# မြင့်မြတ်သော အိမ်ဖော်မကလေး

မင်းယုဝေ

စောစောကမူ မြေအောက်ရေမြောင်းထဲမှ အသံများကို အပေါ်မှ အတိုင်းသားကြားနေရသည်။ ထိုအသံများကား အလုပ်သမားများ လုပ်ကိုင်ဆောင်ရွက်နေသော အသံများနှင့် အလုပ်သမားအချင်းချင်း စကားပြောဆိုကြသံများဖြစ်သည်။ ထိုအသံများကို ကျယ်ကျယ်လောင်လောင်မဟုတ်သည့်တိုင် အဆက်မပြတ်ကြားနေရသည်။

သို့ရာတွင် ယခုအခါ ထိုအသံများကို လုံးဝ မကြားရတော့ပေ။ အသံများ ရုတ်တရက် ငြိမ်ဆိတ်သွားသည်။

---

သူ့အသက်ကို
ကယ်တင်လိုသော်လည်း
မိမိအသက်ကိုမူ မည်သူသည်
စွန့်ဝံ့ပါမည်နည်း။
သို့သော် ...

---

ထိုအခါ အိမ်သားများသည် စိုးရိမ်ပူပန်လာကြသဖြင့် ထွင်းဖောက်ထားသော အပေါက်ဝမှနေ၍ အောက်သို့ ငုံ့ကြည့်ကြသည်။ အထဲတွင် အလင်းရောင်ကောင်းစွာမရသဖြင့် ထင်ထင်ရှားရှားမမြင်ရ။ မှုန်ကိုမှုန်မွှား ပိုးတိုးဝါးတားသာ မြင်နေရသည်။ သို့ဖြင့် သူတို့က ဟစ်အော်၍ ခေါ်ကြည့်ကြသည်။

"ဟလို ... ဟလို ... အောက်မှာ ဘာဖြစ်နေလဲ၊ ဘာသံမှလည်း မကြားရပါကလား။"

အောက်မှ တစ်စုံတစ်ရာ ပြန်လည်ထူးသံ မကြားရပေ။

သို့ဖြင့် သူတို့သည် အောက်သို့ သေချာစွာ ရှုစိုက်ကြည့်ရှုကြသည်။ ထိုအခါ မည်းမည်းသဏ္ဌာန်များ အတုံးအရုံးနှင့် လဲကျနေသည်ကို တွေ့ရသည်။

အိမ်သားများလည်း ထိတ်လန့်တကြားဖြစ်ကာ အိမ်နီးနားချင်းများကို အကူအညီတောင်းကြသည်။ အိမ်နီးချင်းများလည်း ထိုနေရာသို့ အုယားဖားယား ပြေးလာကြသည်။

နေရာကား ပြင်သစ်နိုင်ငံမှ "နွာယွန်" အမည်ရှိ မြို့ကလေးတစ်မြို့၏ အိမ်တစ်အိမ်အနီးတွင်ဖြစ်သည်။

www.burmeseclassic.com

ဖြစ်ပုံမှာ ထိုအိမ်၏ မြေအောက်၌ ဖောက်လုပ်ထားသော ရေဆိုးရေညစ်များ စီးဆင်းရာ ရေပိုက်မြောင်းကြီးသည့် အမှိုက်များ ပိတ်ဆို့နေသဖြင့် အလုပ်သမားများက ဆင်း၍ ရှင်းလင်းသုတ်သင်ရာမှ ဘေးရန်ကြုံတွေ့ခြင်းဖြစ်သည်။

အလုပ်သမားများမှာ စုစုပေါင်း လေးဦးဖြစ်သည်။ သူတို့သည် ရှေးဦးစွာ မြေအောက်ရှိ ရေပိုက်မြောင်းကြီးများကို ထွင်းဖောက်ကြသည်။ ထို့နောက် ထိုမြောင်းတွင်းသို့ လေးဦးသားဝင်ကာ အမှိုက်များကို ရှင်းလင်းသုတ်သင်ကြသည်။ ဤတွင် လူကို အန္တရာယ်ဖြစ်စေသော မြောင်းတွင်းရှိ အငွေ့ဆိုးများကို ရှူမိကာ အလုပ်သမားလေးဦးလုံးပင် သတိမေ့မြောကာ လဲကျနေခြင်းဖြစ်ပေသည်။

အိမ်နီးချင်းများသည် အချင်းဖြစ်ပွားရာနေရာသို့ လျှင်မြန်စွာကား ရောက်ရှိလာကြပါ၏။ သို့ရာတွင် မြေအောက်ရေမြောင်းထဲသို့ စွန့်စွန့်စားစားဆင်း၍ အလုပ်သမားများကို ကယ်တင်ရန်အတွက်မူကား မည်သူမျှ မဝံ့ဖြစ်နေကြသည်။ အိမ်သားများနှင့် အိမ်နီးချင်းများသည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ သူတစ်မျိုး ငါတစ်ဖုံ အမျိုးမျိုး ပြောဆိုနေကြသည်။

ထိုအချိန်တွင် မြေအောက်ရေမြောင်းအတွင်းရှိ အလုပ်သမားများမှာ သနားစဖွယ်အခြေတွင် ရှိနေကြသည်။ သူတို့လေးဦးလုံး သတိလစ်လျက် မေ့မြောနေကြသည်။ အချိန်အနည်းငယ်အတွင်း ကယ်တင်နိုင်ပါမှ သူတို့သည် အသက်ချမ်းသာရာ ရနိုင်မည်။ အချိန်နောက်ကျလျှင်ကား သူတို့အားလုံးပင် အသက်ဆုံးရှုံးရာကြပေတော့မည်။

မြေပေါ်ရှိ လူများသည် အလုပ်သမားများ၏အခြေအနေကို မသိမဟုတ်၊ သိကြသည်။ သို့ရာတွင် အောက်သို့ဆင်း၍ကား မကယ်ဝံ့ကြ။ အောက်သို့ဆင်းလိုက်လျှင် ဆိုးရွားသော အငွေ့များကို ရှူရှိုက်မိကာ အလုပ်သမားများနည်းတူ ဒုက္ခရောက်မည့်အရေးကို တွေး၍ စိုးရွံ့နေကြခြင်းဖြစ်သည်။ သူ့အသက်ကို ကယ်တင်လိုသော်လည်း မိမိအသက်ကိုမူ မည်သူသည် စွန့်ဝံ့ပါမည်နည်း။

ထိုအခိုက် ထူးခြားသော သူတစ်ယောက်သည် လူအုပ်ကြားထဲမှ ထွက်လာသည်။ သူသည် ယောက်ျားရင့်မာကြီး မဟုတ်။ မိန်းမသားတစ်ဦးသာဖြစ်သည်။ အရွယ်အားဖြင့်လည်း ကြီးရင့်သူမဟုတ်။ အသက် ၁၇-နှစ်မျှသာ ရှိသေးသည်။

သူသည် ထိုအိမ်မှ အိမ်ဖော်မကလေးဖြစ်သည်။

သူက မြေအောက်သို့ဆင်း၍ အလုပ်သမားများကို စွန့်စားကယ်တင်မည်ဟု ရဲဝံ့စွာ ပြောလာသည်။

"ကျွန်မခါးကို ကြိုးချည်ချပေးပါ။ ကျွန်မ အောက်ကိုဆင်းပြီး အလုပ်သမားတွေကို ကယ်ပါမယ်။"

ထိုအခါ အများက သူ့ကို ဝိုင်းဝန်းတားမြစ်ကြသည်။

"မဖြစ်နိုင်တာ မိန်းကလေးရာ၊ အတင့်မရဲချင်စမ်းပါနဲ့။ မင်းပါ အဆိပ်ငွေ့တွေသင့်ပြီး ဒုက္ခရောက်သွားမှာပေါ့။"

မိန်းကလေးသည် တားမြစ်ချက်ကို လက်မခံ။ ရဲဝံ့ခိုင်မာစွာ သန္နိဋ္ဌာန်ချပြီးနေပြီ။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ မမှုပါဘူးရှင်၊ အလုပ်သမားတွေကို ကျွန်မ စွန့်စားကယ်တင်ပါမယ်။"

နောက်ဆုံး၌ မိန်းကလေး၏အလိုကို လိုက်လျောလိုက်ရသည်။

သန်မာတောင့်တင်းသော ယောက်ျားကြီးများသည် မိန်းကလေး၏ခါးကို ကြိုးဖြင့်ချည်ကာ မြေအောက်ရှိ ရေမြောင်းထဲသို့ တဖြည်းဖြည်းချပေးကြသည်။

မိန်းကလေးသည် အောက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် သူ့ခါးမှကြိုးကိုဖြေလိုက်ကာ အလုပ်သမားများ လဲကျနေရာသို့ လျှင်မြန်စွာ ချဉ်းကပ်သွားသည်။ ထိုနောက် သတိမေ့မြောနေသော အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ဦးကို ပွေ့ထူကာ ထိုအလုပ်သမား၏ခါးကို ကြိုးဖြင့် ချည်ပေးသည်။ ထိုနောက် အပေါ်မှလူများအား ကြိုးကိုဆွဲတင်ရန် အချက်ပေးလိုက်သည်။

ထိုအချိန်တွင် အဆိပ်ငွေ့သဖွယ်ဖြစ်နေသော အနံ့အသက်ဆိုးများသည် မိန်းကလေး၏ နှာခေါင်းတွင်းကို အတင်းတိုးဝင်လာကြသည်။ မိန်းကလေးသည် နှာခေါင်းကိုပိတ်လျက် လုပ်ကိုင်ဖွယ်ရှိသည်တို့ကို သွက်လက်စွာ ဆက်လက်လုပ်ကိုင်သည်။

ခဏအကြာတွင် ပထမအလုပ်သမားသည် အပေါ်သို့ ရောက်သွားသဖြင့် ကြိုးပြန်ကျလာသည်။

ထိုအခါ မိန်းကလေးသည် ဒုတိယအလုပ်သမားကို ကယ်တင်ပြန်သည်။ သူသည် သတိမေ့မြောနေသော ဒုတိယအလုပ်သမား၏ ခါးကို ယခင်နည်းအတိုင်းပင် ကြိုးဖြင့်ချည်ပေးသည်။ အပေါ်မှလူများအား ကြိုးကို လျင်မြန်စွာ ဆွဲတင်ရန် အချက်ပေးသည်။

မိန်းကလေးသည် နှာခေါင်းကို မည်သို့ပိတ်ထားသော်လည်း မရ။ အဆိပ်ငွေ့များကို ရှူမိနေပြီဖြစ်ရာ သူသည် ရီဝေဝေဖြစ်လာနေပြီ။ သို့ရာတွင် သူသည် အားတင်းထားသည်။

ခဏအကြာတွင် အပေါ်မှ ကြိုးပြန်ကျလာသည်။ ယခင်နည်းအတိုင်းပင် မိန်းကလေးသည် တတိယအလုပ်သမားကို ပွေ့ထူသည်။ ထိုသူ၏ခါးကို ကြိုးဖြင့် ချည်ပေးသည်။ ထို့နောက် အပေါ်မှကြိုးကို ဆွဲတင်ရန် အချက်ပေးလိုက်ပြန်သည်။

ဤအကြိမ်တွင် အဆိပ်ငွေ့များကို အတော်ရှူရှိုက်မိနေပြီဖြစ်သဖြင့် မိန်းကလေးမှာ သတိမေ့ချင်သလိုလိုပင် ဖြစ်လာသည်။ ဒူးထောက်ပင် လဲကျသွားသေးသည်။ သို့ရာတွင် သူသည် အံကိုကြိတ်လျက် စိတ်ကို တင်းလိုက်ပြန်သည်။ စတုတ္ထအလုပ်သမားကို ကယ်တင်ရန် အားထုတ်ပြန်သည်။ အပေါ်မှလူများလည်း မိန်းကလေးအတွက် ရင်တမမဖြစ်နေကြသည်။ သူ့ကျေးဇူးကြောင့် အလုပ်သမားသုံးဦးမှာ အပေါ်သို့ ရောက်ပြီး အသက်ဘေးမှ ချမ်းသာရာရနေကြပြီ။ သို့ရာတွင် မိန်းကလေးနှင့် စတုတ္ထအလုပ်သမား၏ ကံကြမ္မာကား မည်သို့ဖြစ်ဦးမည် မသိသေးပါတကား။

သူတို့သည် ရင်တမမဖြင့်ပင် အောက်သို့ ကြိုးကို လျင်မြန်စွာ ချပေးကြသည်။ မိန်းကလေးသည် စတုတ္ထအလုပ်သမားကို ကယ်တင်ရန် အကြိတ်အနယ် ကြိုးစားနေရသည်။ စတုတ္ထအလုပ်သမားမှာ အခြေအနေမလှတော့။ မေ့မြောနေသည်မှာ အတန်ကြာပြီဖြစ်၍ အသက်ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။ ထို့ပြင် မိန်းကလေးကိုယ်တိုင်မှာလည်း အခြေအနေ မလှတော့။ ယိမ်းယိုင်ကာ လဲကျအံ့ဆဲဆဲဖြစ်နေပြီ။

မိန်းကလေးသည် ထပ်မံအားတင်းလိုက်ပြန်သည်။ သူသည် စတုတ္ထအလုပ်သမား၏ ခါးကို ကြိုးဖြင့် ချည်နှောင်ပေးသည်။ သို့ချည်နှောင်စဉ် သူ့မျက်စိများမှာ ပြာလာပြီး ဘာမျှမမြင်ရတော့သော အခြေကို ရောက်လာသည်။ သူသည် မဟန်နိုင်တော့ပြီ။ ခဏအတွင်း လဲကျသွားတော့မည်။ ထို့ကြောင့် ရှိသမျှခွန်အားကို ဖျစ်ညှစ်ကာ အလုပ်သမား၏ခါးကို ပြီးအောင် ကြိုးဖြင့် ချည်ပေးသည်။ ထို့နောက် ကြိုးတွင် သူ၏ရှည်



www.burmeseclassic.com

www.burmeseclassic.com



# ဆင့်ကျန်းမာရေး လိုရာမေး

ဒေါက်တာ မေဝင်းအောင်ခင်

ယခုလကဏ္ဍကဏ္ဍတွင်

- ကျောပြင်ပေါ်က အဖုများပျောက်ရန်
- ခြေထောက်နာပျောက်ရန်
- ခန္ဓာကိုယ်ကြံ့ခိုင်ရန်

တို့ ပါဝင်သည်။

## ကျောပြင်ပေါ်က အဖုများပျောက်ရန်

**မေး**။ ။ ဒေါက်တာရှင့်။

သမီးရဲ့သူငယ်ချင်း မေစိုးရီဟာ အသက် ၂၁–နှစ်၊ အရပ် ၅–ပေ၊ ကိုယ်အလေးချိန် ပေါင် ၁၂၀၊ နောက်ဆုံးနှစ်ကျောင်းသူဖြစ်ပါတယ်။ သူ့ရဲ့ကျောပြင်မှာ အဖုလေးတွေ တော်တော်များများ ထွက်နေပါတယ်။ ရှက်လို့ ဘယ်သူမှ မပြရဲပါဘူးတဲ့။ လွန်ခဲ့တဲ့လေးနှစ်လောက်က စထွက်တာပါ။ အခုထိ သူ့အဖုတွေက မပျောက်သေးပါဘူး။ အဖုတွေက ဝက်ခြံနဲ့ တူနေပါတယ်။ သူငယ်ချင်းက သူ့အဖုတွေမြင်မှာစိုးလို့ ညမှ ရေချိုးပါတယ်။ သူ့ဝက်ခြံတွေပျောက်ဖို့ ဒေါက်တာအနေနဲ့ အကြံပြုပေးပါရှင့်။ ရှောင်ရန်၊ ဆောင်ရန်များနဲ့တကွ အနီးဆုံးလမ်းညွှန် ဖော်ပြပေးပါရှင့်။

ခိုင်ဖင်သော်၊
ကညင်ကုန်းရွာ၊ ပင်လည်ဘူးမြို့နယ်။

---

☞ လျှားသော ဆံပင်များကို ချည်တုပ်လိုက်သည်။ ပြီးသော် သူတို့နှစ်ဦးကို တစ်ပြိုင်တည်းဆွဲတင်ရန် အပေါ်သို့ အချက်ပေးလိုက်သည်။ သို့ အချက်ပေးဆဲမှာပင် သူ့ခမျာ သတိလစ်သွားရှာလေသည်။

အပေါ်မှလူများသည် ခါးတွင် ကြိုးဖြင့်ချည်နှောင်ထားသော စတုတ္ထအလုပ်သမားကိုလည်းကောင်း၊ ကြိုးကို ဆံပင်ဖြင့် ချည်တုပ်လျက် တန်းလန်းဖြစ်နေသော မိန်းကလေးကိုလည်းကောင်း အပေါ်သို့ တစ်ပြိုင်တည်းပင် သတိကြီးစွာဖြင့် ခက်ခက်ခဲခဲ ဆွဲတင်ကြရပေသည်။

အပေါ်သို့ရောက်သောအခါ မိန်းကလေးမှာ ကံအားလျော်စွာပင် သတိပြန်လည်ရရှိခဲ့သည်။ စတုတ္ထအလုပ်သမားမှကား သတိပြန်လည်မရတော့။ သေဆုံးသွားရှာပေသည်။

မည်သို့ပင်ဖြစ်စေ မိန်းကလေး၏ သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုကြောင့် အလုပ်သမားသုံးဦးမှာမူ သေမင်းလက်မှ လွတ်မြောက်ခဲ့ပေသည်။

ပြင်သစ်နိုင်ငံသားတို့သည် အညတရ အိမ်ဖော်မိန်းကလေး၏ အံ့ချီးဖွယ် သူရသတ္တိကို ချီးကျူးမဆုံး ရှိကြသည်။ မိမိ၏အသက်ကို ပဓာနမထားဘဲ သူတစ်ပါး၏အသက်ကို စွန့်စားကယ်တင်သည့် မြင့်မြတ်သော စိတ်ဓာတ်ကိုလည်း ကြည်ညိုမဆုံး ရှိကြသည်။

ထို့ကြောင့် အညတရ အိမ်ဖော်မိန်းကလေးအား သူရဲကောင်းအဖြစ် မှတ်တမ်းတင်ထားကြပေသည်။

**မင်းယုဝေ**

(မင်းယုဝေ၏ 'သူလိုလူများ' စာအုပ်မှ ပြန်လည်ဖော်ပြပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

**ဖြေ** ။ ။ သမီးရဲ့သူငယ်ချင်းအနေနဲ့ BMI ကတော့ ပုံမှန်ပါပဲ။ ဝက်ခြံလို သဘောမျိုးဆိုတော့ အဆီများတဲ့သူ၊ ဝမ်းချုပ်တဲ့သူ၊ ရေသောက်နည်းတဲ့သူ၊ အငန်အစပ်အစားများတဲ့သူတွေ မျက်နှာမှာ ထွက်တတ်တယ်။ ကျောပြင်ဆိုလည်း ဒီလိုပဲ စဉ်းစားရမှာပေါ့။

ရှောင်ရန်၊ ဆောင်ရန်အနေနဲ့ အထက်ကပြောခဲ့တာတွေ ပြင်ခိုင်းကြည့်ပါ။ ဆေးအနေနဲ့ အဖုတွေမှာ ပြည်ရှိရင် Flumox ဆိုတာ ၅၀၀–မီလီဂရမ် တစ်နေ့ ၁–လုံး ၃–ကြိမ်၊ Cevit တစ်လုံး ၃–ကြိမ်နဲ့ Calcivita တစ်လုံး ၂–ကြိမ် ၃–ရက်လောက်သောက်ခိုင်းကြည့်ပါ။ လိမ်းဆေးအနေနဲ့ gentrisone ဆိုတာဝယ်ပြီး တစ်နေ့ ၃–၄–ကြိမ် လိမ်းကြည့်ပါ။ အသီးအရွက်များများစားပြီး ရေ ၈–ခွက် နေ့စဉ်သောက်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်ခိုင်းပါ။

* * *

## ခြေထောက်နာပျောက်ရန်

**မေး** ။ ။ ဒေါက်တာခင်များ၊

**ကျွန်တော့်အဒေါ်ရဲ့အသက်က ၄၈–နှစ်ရှိပါပြီ။ အနည်းငယ်ဝပြီး အရပ်က ၅–ပေခန့်ရှိပါတယ်။ လှေကားကအဆင်းမှာ ကျောက်ခဲအသေးလေး နင်းမိပြီး ခြေမျက်စိအောက်နားနဲ့ ခြေဖနောင့်ပတ်ဝန်းကျင်မှာ နာကျင်ကိုက်ခဲနေပါတယ်။ ဆရာဝန်ကောင်းကောင်းမရှိလို့ သောက်ဆေးရော၊ လိမ်းဆေးပါ ညွှန်ကြားပေးပါရန် တောင်းပန်ပါတယ်ခင်ဗျား။**



**မောင်ခိုင်ခန့်ညီ၊ ၊ ကျုံတနီး၊ ဓနုဖြူမြို့နယ်။**

**ဖြေ** ။ ။ အဒေါ်က ဝတော့ ကိုယ်အလေးချိန်များပုံပေါ်ပါတယ်။ အရပ် ၅–ပေပဲရှိတော့ BMI က မြင့်မယ့်သဘောမို့ ဝတဲ့ဘက်ကို ရောက်နေပါလိမ့်မယ်။ အသက်က ၄၈–နှစ်ဆိုတော့ သွေးဆုံးတဲ့အနေအထား ရောက်နေပါပြီ။ အမျိုးသမီးတွေ သွေးဆုံးရင် အမျိုးသမီးဟော်မုန်းမထွက်တော့တဲ့အတွက် အရိုးတွေ ပါးလာနိုင်ပါတယ်။ osteoporosis လို့ခေါ်တဲ့ အရိုးပွ၊ အရိုးပါးရောဂါရလာနိုင်ပါတယ်။ မတော်တဆထိတာဆိုပေမယ့်လည်း ဓာတ်မှန်ရိုက်ကြည့်ခြင်းမျိုးတော့ လုပ်သင့်ပါတယ်။

ဆရာဝန်အနေနဲ့ အနာသက်သာတဲ့ဆေးမျိုး ပေးနိုင်ပါတယ်။ ဆေးသောက်တဲ့အခါ အစာစားပြီးမှ သောက်ဖို့ပြောလိုပါတယ်။ အခု သိပ်နာကျင်နေတယ်ဆိုရင် meftalspas ဆိုတာ အစာစားပြီးချိန် မနက်တစ်လုံး၊ ညတစ်လုံး သောက်ကြည့်ပါ။ အစာအိမ်မထိခိုက်အောင် Ranitidine ကို ညတစ်လုံး၊ မနက်တစ်လုံး သောက်ပါ။ လိမ်းဆေးအနေနဲ့က Diclofenac လိမ်းဆေး တစ်နေ့ ၃–၄–ခါ ပုံမှန်လိမ်းပေးပါ။ ကိုယ်အလေးချိန်ကို လျှော့ပေးရပါမယ်။ ဓာတ်မှန်ရိုက်ဖို့ ကြိုးစားပြီး အရိုးအထူးကုဆရာဝန်ကြီးတစ်ဦးဦးနဲ့ လည်းပြဖို့ အကြံပြုလိုပါတယ်။

* * *

## ခန္ဓာကိုယ်ကြံ့ခိုင်ရန်

**မေး** ။ ။ ဒေါက်တာခင်များ၊

**ကျွန်တော့်အသက်က ၁၆–နှစ်ပါ။ အရပ် ၅–ပေ ၆.၅–လက်မနဲ့ ကိုယ်အလေးချိန် ၉၅–ပေါင်ရှိပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးကောင်းပြီး ၁၀–တန်းလည်းအောင်ပြီးပါပြီ။ ဘာရောဂါမှ မရှိပေမယ့် အများက ပိန်တယ်လို့ ပြောကြပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်အလေးချိန်ဟာ အသက်အရွယ်နဲ့ ကိုက်ညီပါသလား။

ကျွန်တော့်အနေနဲ့ ဝတော့ မဝချင်ပါ။ ဒါပေမဲ့ ခန္ဓာကိုယ်ကို တောင့်တောင့်တင်းတင်း ဖြစ်ချင်ပါတယ်။ ကြည့်ကောင်းတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်ပါတယ်။ ကျွန်တော်က အသားစားတာ နည်းပါတယ်။ အသားကို မကြိုက်လို့ပါ။ ပဲနဲ့ အသီးအရွက်တွေကို အလွန်ကြိုက်ပါတယ်။ သံချိုဆေးလည်း စားပါတယ်။ ကျွန်တော့်ရဲ့ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်းဖြစ်အောင် ဘယ်လိုဆေးတွေ မှီဝဲရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်ခင်ဗျား။

သော်တာလမင်း၊ မြိုင်မြို့။

**ဖြေ**။ ။ BMI အရဆိုရင် အရပ်နဲ့ ကိုယ်အလေးချိန်က ပိန်တဲ့ဘက်ရောက်နေပါတယ်။ အများက ပိန်တယ်ပြောတာ ပြုပြင်ချင်ရင် စားသောက်တဲ့ပုံစံကို ပြင်ကြည့်ပါ။ နေ့စဉ်စားသုံးတဲ့ အစာအာဟာရတွေထဲမှာ အစာအုပ်စုကြီး ၃–ခု ပါဝင်အောင် စားရပါတယ်။ အင်အားဖြစ်စေတဲ့ အုပ်စုက ဆန်၊ ဂျုံ၊ ပြောင်း စတာတို့ ပါဝင်ပါတယ်။ အာလူး၊ ကန်စွန်းဥ၊ ပိန်းဥလည်း ပါဝင်တယ်။ သကြား၊ ထန်းလျက်စတဲ့ အချိုတွေလည်း ပါတယ်။ ကာဗိုဟိုက်ဒရိတ်ဓာတ် ပါတယ်လို့ မှတ်ပါ။

ခန္ဓာကိုယ်ကို ကြီးထွားစေတဲ့ အစာများက အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့၊ ပဲအမျိုးမျိုးတို့ပါ။ အဲဒါတွေက ပရိုတိန်းဓာတ် (အသားဓာတ်)ဖြစ်စေပြီး ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးစေပါတယ်။

ရောဂါကာကွယ်တဲ့အုပ်စုက ဟင်းသီးဟင်းရွက်၊ သစ်သီးများဖြစ်တယ်။ အဲဒါတွေမှာ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်တွေ ပါဝင်ပါတယ်။

ဒီတော့ သော်တာလမင်း နေ့စဉ်စားတဲ့ အစားထဲမှာ အသားဓာတ် လုံးဝမပါသလို ဖြစ်နေတယ်။ ပဲကို စားတော့ သိပ်မဆိုးပါဘူး။ ဒီအုပ်စု ၃–မျိုးလုံးပါဝင်အောင် စားပါ။

စားတဲ့အခါမှာလည်း များလွန်းရင် အာဟာရလွန်ကဲပြီး အဝလွန်မယ်။ သိပ်နည်းနေရင် အာဟာရချို့တဲ့ပြီး ပိန်မယ်။ သိပ်လည်းမဝချင်ဘူး။ ခန္ဓာကိုယ်ကို ပြည့်ဖြိုးရုံသာ ဖြစ်ချင်တယ်ဆိုရင် ချိန်ပြီးစားနိုင်အောင် အကြံပြုတာပါ။

ကိုယ်ခန္ဓာကြံ့ခိုင်ချင်ရင် လေ့ကျင့်ခန်း လုပ်ရပါမယ်။ ကာယဗလဆရာတစ်ဦးဦးနဲ့ တိုင်ပင်ပါလို့ အကြံပြုချင်ပါတယ်။

ဒေါက်တာမေဝင်းအောင်ခင်

**အစားထိုးမရသော ဆုံးရှုံးမှု**

Lost wealth may be replaced by industry, lost knowledge by study, lost health by temperance or medicine, but lost time is gone forever.

**Samuel Smiles**

ဥစ္စာဆုံးရှုံးလျှင် ကြိုးစား၍ အလုပ်လုပ်ခြင်းဖြင့် ပြန်လည်အစားဖြည့်ဆည်းနိုင်သည်။ ပညာဆုံးရှုံးလျှင် လေ့လာသင်ယူခြင်းဖြင့် ပြန်လည်ဆည်းပူးနိုင်သည်။ ကျန်းမာရေးဆုံးရှုံးလျှင် အရက်သေစာ လုံးဝရှောင်ကြဉ်ခြင်းဖြင့်သော်လည်းကောင်း၊ ဆေးဝါးမှီဝဲခြင်းဖြင့်သော်လည်းကောင်း ပြန်လည်ကောင်းမွန်နိုင်သည်။ အချိန်ဆုံးရှုံးလျှင်ကား ပြန်လည်မရယူနိုင်၊ ထာဝစဉ်ဆုံးရှုံးပေတော့သည်။

ဆင်မျူရယ်လ်ဆမိုင်းလ်(စ) (စကော့လူမျိုးစာရေးဆရာ)



www.burmeseclassic.com

www.burmeseclassic.com



# အကူအညီဟူသည်

မိခင်တစ်ဦးသည် သူ၏သားငယ်လေး စန္ဒရား တီးခတ်ရာတွင် တိုးတက်မှုရှိစေရန် အားပေးလိုသည့် အတွက် ထူးချွန်လှသည့် ပိုလန်လူမျိုး စန္ဒရားဆရာကြီး "အစ်ဂနေ့စ် ပက်ဒရူစကီး" ၏ ဖျော်ဖြေပွဲကို ပြသရန် လက်မှတ်များ ဝယ်ထားလေသည်။ ညနေခင်းအချိန်ရောက်သောအခါ သူတို့သည် ဂီတဖျော်ဖြေပွဲခန်းမ၏ ရှေ့နားတွင် ထိုင်ခုံနေရာ ရသွားကြပြီး စင်ပေါ်တွင် စောင့်ဆိုင်းနေသယောင် ရှိနေသည့် ခံ့ညားထည်ဝါလှသော စတိန်းဝေးစန္ဒရားကြီးကို ကြည့်နေကြသည်။ မျှားမကြာမီတွင် မိခင်ဖြစ်သူသည် မိတ်ဆွေတစ်ဦးနှင့်တွေ့၍ စကားပြောနေစဉ် ကောင်လေးက တိတ်တဆိတ်ထွက်သွားသည်။

၈–နာရီအချိန်တွင် ဇာတ်ရုံတွင်း ပရိသတ်များ ထိုင်သောနေရာ၌ မီးများမှိန်သွားပြီး မီးမောင်းထိုးလာသည်။ ထိုအခါမှ ပရိသတ်များသည် စန္ဒရားခုံပေါ်တွင် ကောင်လေးထိုင်နေပြီး 'မှိတ်တုတ်မှိတ်တုတ် လင်းလက်တဲ့ကြယ်လေး(Twinkle, Twinkle Little Star) တေးသွားကို အရိုးခံသဘောဖြင့် စမ်းတီးနေသည်ကို သတိပြုမိသွားကြသည်။ ကောင်လေး၏မိခင်သည် တုန်လှုပ်သွားပြီး စိတ်ကသိကအောက်ဖြစ်ကာ ပင့်သက်ရှိုက်မိသည်အထိ ဖြစ်သွားသည်။ သို့သော် သားငယ်လေးကို သူပြန်လည်၍ မခေါ်လာနိုင်ခင်တွင် ဆရာကြီးကိုယ်တိုင် စင်မြင့်ပေါ်ရောက်လာပြီး စန္ဒရားခလုတ်ခုံဆီသို့ အလျှင်အမြန်သွားသည်။

သူက ကောင်လေးကို ညင်သာစွာဖြင့် တိုးကိုးလေးပြောသည်။

"မရပ်နဲ့ သားလေး၊ ဆက်ပြီးတီးနော်။"

ပက်ဒရူစကီးက ကောင်လေး၏အပေါ်မှ ကိုယ်ကို ကိုင်းညွှတ်ပြီး ဘယ်လက်ဖြင့် ဘယ်သံ(ဘေ့စ်)အပိုင်းကို ဖြည့်စွက်တီးပေးသည်။ မကြာမီတွင် သူ၏ညာဘက်လက်က စန္ဒရား၏ အခြားဘက်တစ်ဖိုက်သို့ ရောက်ရှိလာပြီး ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းသော ချန်လှပ်မရသည့် အဖြည့်ပိုင်းကို လက်တန်းတီးခတ်လေသည်။ ဤသို့ဖြင့် ဆရာကြီးနှင့် လက်သင်တပည့်လေးတို့သည် ရောမွှေထားပြီး နှစ်သက်ဖွယ်ကောင်းလှသည့်ဂီတဖြင့် ပရိသတ်အုပ်ကြီးကို အတူတကွ ညှို့ငင်ဖမ်းစားထားလိုက်လေသည်။

"ကျွန်တော်တို့အားလုံး၏ ဘဝတွင် အကူအညီများကို ကျွန်တော်တို့ လက်ခံရရှိလေ့ရှိပါသည်။ အချို့ကို ကျွန်တော်တို့ သတိပြုမိသော်လည်း အချို့ကို သတိမပြုမိပေ။ အလားတူပင် ကျွန်တော်တို့ကိုယ်တိုင်တွင်လည်း အကူအညီပေးရန် အခွင့်အလမ်းများ မရေမတွက်နိုင်အောင် ရှိနေပါသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် ကိုယ်က အကူအညီပေးလိုက်သည်ကို သတိပြုမိခြင်း ခံလိုကြသည်။ တစ်ခါတစ်ရံတွင်တော့ သတိပြုမိခြင်း မခံလိုကြပေ။ အခြားသူများထံမှ လေ့လာခြင်းမရှိ၊ အကူအညီလည်းမရဘဲ ကျွန်တော်တို့ အောင်မြင်မှုရရှိသည်ဆိုလျှင်လည်း မဆိုသလောက်သာ ဖြစ်ပါလိမ့်မည်။ ထို့ပြင် ကျွန်တော်တို့သည် မိမိလက်ခံရရှိထားသည်များကိုလည်း ဝေငှဖြန့်ဝေသင့်သည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။"

**စည်သူထက် (မအူပင်တက္ကသိုလ်)**

**Ref: www.rogerdarlington.me.uk**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာစကားပုံများ

## ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ

ကိုင်းပင်များ ပေါက်ရောက်နေသဖြင့်လည်း သောင်ကျွန်းသည် ရေတိုက်စားမှုဒဏ်ကို ခံနိုင်ပြီး ရပ်တည်နေနိုင်သည်။

သောင်ကျွန်းတည်နေသဖြင့်လည်း ကိုင်းပင်များ ရှင်သန်ရပ်တည်နိုင်သည်။

ထို့အတူပင် တစ်ဦးနှင့်တစ်ဦးသည်လည်း အပြန်အလှန်အကျိုးပြု၍ အမှီသဟဲပြုကာ ရပ်တည်ကြရသည်။





www.burmeseclassic.com

www.burmeseclassic.com



## ခရီးတွင်လို့ ရွာစဉ်မသိ

ခရီးပေါက်ခဲ့သော်လည်း လမ်း၌ မည်သည့်ရွာများကို ဖြတ်သန်းလာခဲ့မှန်း မသိသကဲ့သို့ လုပ်ငန်းသာ ပြီးဆုံးသွားသော်လည်း မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းအကြောင်းကို ကောင်းစွာ မသိဘဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ပွဲအမှတ်စဉ် (၂၈၃)

## သက်ကြီးပူဇော်ပွဲ

ပြိုင်ပွဲအမှတ်စဉ် ၂၈၃–ဖြစ်သော "သက်ကြီးပူဇော်ပွဲ" စာစီစာကုံးပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ စာစီစာကုံး ၆၃–ပုဒ် ရောက်ရှိလာပါသည်။

ယှဉ်ပြိုင်သူအားလုံးလိုလိုပင် မြန်မာလူမျိုးတို့၏ သက်ကြီးပူဇော်ပွဲကျင်းပပုံများကို သရုပ်ပေါ်အောင် ရေးဖွဲ့တင်ပြထားကြသည်မှာ အားတက်ဖွယ်ကောင်းလှပါသည်။

ထိုအထဲမှ အကောင်းဆုံးဆုရ စာစီစာကုံးအဖြစ် မဖြူသီရိခိုင်၏စာစီစာကုံးကို အဖွဲ့က ရွေးချယ်လိုက်ပါသည်။ မဖြူသီရိခိုင်သည် ယခုအကြိမ်နှင့်ဆိုလျှင် အကောင်းဆုံးဆုရရှိသည်မှာ ၇–ကြိမ်ရှိပြီဖြစ်သည်။

အဖွဲ့က "မဖြူသီရိခိုင်၏ စာစီစာကုံးသည် (က) ခေါင်းစဉ်နှင့်အညီ ရေးသားနိုင်သည်။ (ခ) ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း ရေးသားဖော်ပြ၍ မြန်မာတို့၏ ပူဇော်ထိုက်သူများအား ပူဇော်ပုံအမျိုးမျိုးကို ရေးသားဖော်ပြနိုင်သည်။ (ဂ) သက်ကြီးသူများကို ပူဇော်ရာ၌ အသက် ၆၀–နှင့်အထက်ကို အသက်ကြီးသူအဖြစ် သတ်မှတ်လျက် ပူဇော်ကြကြောင်းကိုလည်း ရေးသားဖော်ပြနိုင်သည်။ (ဃ) သက်ကြီးပုဂ္ဂိုလ်များသည် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်တိုးတက်အောင် စွမ်းဆောင်ခဲ့သည့် ကျေးဇူးရှင်များဖြစ်သဖြင့် ထိုကျေးဇူးကို လူငယ်မောင်မယ်များက ပူဇော်မှုပြု၍ ပြန်လည်ကျေးဇူးဆပ်ခြင်းဖြစ်ကြောင်း ရေးသားတင်ပြနိုင်သည်။ (င) စီစဉ်တင်ပြပုံကောင်း၍ အရေးအသားပြေပြစ်သည်" ဟူ၍ မှတ်ချက်ချပါသည်။

<u>မဖြူသီရိခိုင်သည် အ–ထ–က(၁)၊ ကျောက်ကုန်းမြို့နယ်မှ နဝမတန်း(က)ကျောင်းသူဖြစ်သည်။ မြန်မာစာပြဆရာမမှာ ဒေါ်အေးအေးငြိမ်းဖြစ်သည်။</u>

### လက်ရွေးစင်စာစီစာကုံး

ယှဉ်ပြိုင်ကြသူများထဲမှ အကောင်းဆုံးဆုမရသော်လည်း ကောင်းမွန်သဖြင့် အောက်ပါ ၅–ဦး၏ စာစီစာကုံးများကို လက်ရွေးစင်အဖြစ်သတ်မှတ်၍ တစ်ဦးလျှင် ၃၀၀၀ိ/–စီ ချီးမြှင့်ပါသည်။ နယ်မှဆုရရှိသူများအတွက် ဆုငွေများကို စာတိုက်မှတစ်ဆင့်ပေးပို့ပါသည်။

➢ မောင်ထက်ရှင်းသန့်၊ အဋ္ဌမတန်း၊
အ–လ–က(ခွဲ)(၂)၊ ထီးချိုင့်မြို့။
➢ မောင်အောင်လင်းခန့်၊ ဒသမတန်း၊
အ–ထ–က(၆)၊ တောင်ကြီးမြို့။
➢ မငြိမ်းစန္ဒာဝင်း၊ နဝမတန်း၊
အ–ထ–က(၁)၊ ပခုက္ကူမြို့။
➢ မမေသက်နှင်းခိုင်၊ အဋ္ဌမတန်း(က)၊
အ–ထ–က၊ ဝါးတလုပ်ကမ်းနီ၊ အိမ်မဲမြို့နယ်။
➢ မနန်းဝင်းထိုက်၊ နဝမတန်း(က)၊
အ–ထ–က(၂)၊ ဗန်းမော်မြို့။



## မင်္ဂလာမောင်မယ် စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲ
(ဆုငွေ ၁၀၀၀၀ိ/–ချီးမြှင့်မည်။)

**၂၈၆။ ကျေးလက်နံနက်ခင်း**

(၂၀၁၄–ခုနှစ်၊ ဧပြီလ ၁၀–ရက်နေ့မတိုင်မီ အရောက်ပေးပို့ရမည်။ အကောင်းဆုံးဆုရစာစီစာကုံးကို ၂၀၁၄–ခုနှစ်၊ ဩဂုတ်လထုတ်စာစောင်တွင် ဖော်ပြပါမည်။)

**၂၈၇။ မြို့ပြနံနက်ခင်း**

(၂၀၁၄–ခုနှစ်၊ မေလ ၁၀–ရက်နေ့မတိုင်မီ အရောက်ပေးပို့ရမည်။ အကောင်းဆုံးဆုရစာစီစာကုံးကို ၂၀၁၄–ခုနှစ်၊ စက်တင်ဘာလထုတ်စာစောင်တွင် ဖော်ပြပါမည်။)

**အယ်ဒီတာ**



www.burmeseclassic.com

www.burmeseclassic.com



## အကောင်းဆုံးဆုရစာစီစာကုံး

# သက်ကြီးပူဇော်ပွဲ

မဖြူသီရိခိုင်

ကျွန်ုပ်တို့နိုင်ငံသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ၄–ပါးထွန်းကားသော နိုင်ငံတစ်ခုဖြစ်ပေသည်။ အချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသော စာနာစိတ်ဖြင့် မေတ္တာကို အရင်းခံကာ ပေါင်းသင်းဆက်ဆံကြမြဲဖြစ်သည်။ မင်္ဂလသုတ်ပါဠိတော်တွင် လာရှိသော "ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ" ဟူသော စကားနှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်မြဲ အစဉ်အလာလည်း ရှိပေသည်။

ယခုအခါ သီတင်းကျွတ်လပြည့်သည့်အချိန်အခါမှစ၍ နိုင်ငံအဝန်းတွင် သက်ကြီးဝါကြီး မိဘဆရာသမားများအား ပူဇော်သည့် ပွဲများကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေကြသည်မှာ ကြည်နူးဖွယ်မြင်ကွင်းဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ စသည့် ရတနာမြတ်သုံးပါးအား ပူဇော်သည့်ပွဲများတွင် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးတို့ကို ရည်မျှော်မှန်းကာ ပူဇော်လေ့ရှိကြသည်။ 'ပူဇော်' ဆိုသည့်စကားကို မြန်မာအဘိဓာန်အကျဉ်းချုပ်၌ 'ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်' ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားကြောင်း လေ့လာမှတ်သားရပါသည်။

ရတနာမြတ်သုံးပါးတို့ကို လေးစားရိုသေကြသော မြန်မာတိုင်းရင်းသားတို့သည် ဘိုးဘွားပူဇော်ပွဲ၊ အာစရိယပူဇော်ပွဲ စသဖြင့် ပူဇော်ပွဲများကျင်းပကာ ဘိုးဘွားမိဘဆရာသမားများကို နှစ်စဉ် ပူဇော်မြဲဖြစ်သည်။ ဂါရဝတရား လက်ကိုင်ထားကြသော ကျွန်ုပ်တို့နိုင်ငံတွင် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အစည်းအရုံးများမှ သက်ကြီးပူဇော်ပွဲများကိုလည်း အဖွဲ့လိုက် သတ်မှတ်ချက်နှင့်အညီ ကျင်းပနေသည်ကို အမှတ်ထင်ထင် တွေ့မြင်နေရသည်။

အာစရိယဆရာများကို ပူဇော်ရာ၌ အသက်ခြောက်ဆယ်ပြည့်ပြီး၍ ပညာရေးဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက ဆရာ့ဂုဏ်ကိုရည်မှန်းကာ ပူဇော်လေ့ရှိကြသည်။ မြန်မာနိုင်ငံ ရုပ်ရှင်နှင့် သဘင်အနုပညာသည်များ၏ သက်ကြီးပူဇော်ပွဲ၌ အသက် ၇၀–နှင့်အထက် ပုဂ္ဂိုလ်များအား သတ်မှတ်ရွေးချယ်လေ့ရှိကြောင်း မှတ်သားရသည်။ စာပေပညာရှင်များ၏ နှစ်စဉ် စာဆိုတော်နေ့တွင် ကျင်းပမြဲဖြစ်သည့် သက်ကြီးပူဇော်ပွဲတွင်မူကား အသက် ၈၀–နှင့်အထက် စာပေပညာရှင်ကြီးများကို ပူဇော်လေ့ရှိကြောင်း မတူကွဲပြားသည့် သက်ကြီးပူဇော်ပွဲများကို လေ့လာမှတ်သားရပါသည်။

သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ဆေးသိပ္ပံအလိုအားဖြင့် သက်တမ်းအနှစ်ခြောက်ဆယ်အထက်ရှိသူများကို အသက်ကြီးသူအဖြစ် သတ်မှတ်ကြောင်း သိရှိရသည်။ ဆရာတော်အရှင်ဩဘာသ



www.burmeseclassic.com

www.burmeseclassic.com

ဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်တွင် အသက် ၆၀–အတွင်းကို အင်အားဆုတ်ယုတ်သည့်အရွယ်၊ အသက် ၇၀–အတွင်းကို လေးလံထိုင်းမှိုင်းသည့် အရွယ်၊ အသက် ၈၀–အတွင်းကို ကိုယ်လက်ကိုင်း ညွတ်သည့်အရွယ်၊ အသက် ၉၀–အတွင်းကို တွေဝေ မေ့မောသည့်အရွယ်၊ အသက် ၁၀၀–အတွင်းရှိသူများ ကိုမူ မထသောအိပ်ခြင်းဖြင့် နေတတ်သည့်အရွယ်ဟူ၍ ဖော်ပြထားကြောင်း မှတ်သားရသည်။

ပူဇော်ထိုက်သူကို ပူဇော်တတ်သော မြန်မာတိုင်း ရင်းသားတို့သည် သက်ကြီးဝါကြီးပုဂ္ဂိုလ်များအား ကျေးဇူးဂုဏ်ကို ရည်မျှော်မှန်းကာ ဂါရဝပြုကြခြင်း ဖြစ်သည်။ သက်ကြီးပုဂ္ဂိုလ်များသည် ယနေ့လူငယ် တို့၏ဘဝကို ပျော်ရွှင်စရာဖြစ်အောင် ဖန်တီးပေးခဲ့သူ များဖြစ်သည်။ အနာဂတ်တွင် ပွင့်လန်းလာမည့် ပန်း ကလေးများကို ပြုစုပျိုးထောင်ပေးခဲ့သူများလည်း ဖြစ် သည်။ လူ့ဘောင်အဖွဲ့အစည်းနှင့် မိသားစုအတွက် ဆယ်စုနှစ်ခြောက်ဆယ်ကျော်သည့်တိုင်အောင် စွမ်း အားများကို ပေးဝေခဲ့ကြသူများလည်း ဖြစ်သည်။ ထိုသို့ ကျေးဇူးရှိသော သက်ကြီးရွယ်အိုများ၏ဘဝ ကို မျှော်လင့်ချက်ပြည့်ဝသော၊ တန်ဖိုးရှိသော လူသား များအဖြစ် စောင့်ရှောက်ကူညီပေးသင့်ပါသည်။

'သက်ကြီးစကား သက်ငယ်ကြား' ဆိုသည့် စကား အတိုင်း အနယ်နယ်အရပ်ရပ်မှ သက်ကြီးပူဇော်ပွဲများ တွင် ပူဇော်ခံသူတို့ကလည်း ကြည်နူးပီတိအပြုံးများ ဖြင့် ဆုံးမသြဝါဒစကားများကို ဆိုဆုံးမကြသည်။ ပူဇော် သူတို့ကလည်း ငယ်ရုပ်ဆင်နေကြသည့် ကန်တော့ခံ သက်ကြီးပညာရှင်ဘိုးဘွားတို့၏အသွင်ကို လေးစားစွာ ဖြင့် ဦးခိုက်ရင်း ဘဝလမ်းညွှန်ဆုံးမစကားများကို တစ်ဝကြီး နားဆင်မှတ်သားကြသည်။ ရုပ်ရှင်သက် ကြီးကန်တော့ခံအနုပညာရှင်ကြီးဖြစ်သော အသက် ၉၂–နှစ်ရှိပြီဖြစ်သည့် ဘဘဗိုလ်ကလေးတင့်အောင်၏ သြဝါဒကို ဖော်ပြလိုပါသည်။

"လူ့ဘဝဆိုတာ အရွယ်သုံးပါးစလုံး သစ်ပင်တွေ လို တစ်ဆင့်ပြီးတစ်ဆင့် နုပျိုစိမ်းလန်းမယ်၊ ပြီးရင် ဝါမယ်၊ ဝါပြီးရင် မှည့်ပြီးကြွေမယ်။ ဒါ သဘာဝပါပဲ။ အနုပညာရှင်ပဲဖြစ်ဖြစ် ဘုရားပဲဖြစ်ဖြစ် အဲဒီသဘာဝကို လွန်ဆန်လို့ မရပါဘူး" ဟူသော တရားနှင့်ယှဉ်သည့် စကားဖြင့် သြဝါဒပေးခဲ့သည်မှာ ငယ်သူတို့အတွက် မှတ်သားဖွယ်ဖြစ်သည်။

ပူဇော်မှုနှင့်စပ်လျဉ်း၍ စဉ့်ပါဆရာတော်က မိန့်ခဲ့ သည်မှာ "ပညာရှင်ဖြစ်ပေက၊ လူ့ပြည်မှာ ပူဇော်၍၊ ဖမ္ဗူပေါ် ဂုဏ်တင်ပါလိမ့်၊ မိုးလထက်ကဲ" ဟု ပူဇော် ထိုက်သူတို့၏ ဂုဏ်ရည်ကို ရေးဖွဲ့တင်စားထားသည်။

မြန်မာတို့သည် "သံသရာအဆက်ဆက် ကျင် လည်ရာ၌ ဆွေမျိုးမတော်ခဲ့သူ တစ်ဦးတစ်ယောက်မျှ မရှိ" ဟူ၍ ခံယူယုံကြည်ထားကြသည်။ ထိုယုံကြည် ချက်နှင့်အညီ သက်ကြီးဘိုးဘွားများကို ရှိသေဦးခိုက် ပူဇော်ရခြင်းသည် မိမိတို့၏ မိဘဆွေမျိုးများကို ပူဇော် ရသည်နှင့်တူကြောင်း မြန်မာတို့က မြတ်နိုးဂုဏ်ယူစွာ မှတ်ယူထားသူများ ဖြစ်ကြသည်။

သက်ကြီးပုဂ္ဂိုလ်များသည် အသက်အရွယ်ကြီးရင့် လာသော်လည်း မိသားစုတာဝန်၊ နိုင်ငံတာဝန်ကို တတ် စွမ်းသမျှ ထမ်းဆောင်နေကြသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာ သိပ္ပံပညာရှင်များအသင်းဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦး သည် အသက် ၈၅–နှစ်ကျော်ပြီဖြစ်သော်လည်း လူ တိုင်း အကျုံးဝင်ပညာရေးအတွက် စွမ်းစွမ်းတမံ ဆောင် ရွက်နေဆဲဖြစ်သည်။ ဆရာကြီးဦးတင်ညိုသည်လည်း ယနေ့ထက်တိုင် ပညာရေးလုပ်ငန်းများနှင့် ထိတွေ့ နေဆဲဖြစ်သည်။ ဆရာကြီးကို နွေရာသီက ကင်း ထောက်လူငယ် မောင်မယ်ကလေးများနှင့်အတူ ကင်း ထောက်ဟောင်းကြီးအဖြစ် ဝတ်စုံပြည့် ပါဝင်ဆင်နွှဲနေ သည်ကို အားတက်ဖွယ်တွေ့ရသည်။

အဆိုပါ ဆရာကြီးများကဲ့သို့ နိုင်ငံ့တာဝန်များကို ကျရာနေရာမှ ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များအား



www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာမကြီး ဒေါ်နုယဉ်၏ 'ဇရာအိုတို့ ဖွဲ့သတ္တိ' ကဗျာဖြင့် ဂုဏ်ပြုလိုပါသည်။

"လူ့ရေးတာဝန် များလှစွာ
ကို့လည်းပါဝင် ဆောင်ရွက်မှာ
ဇရာမုန်ဘိ စွမ်းအားရှိ
စေတနာမွန် ချွန်ပါဘိ။
အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်
လူ့ဘောင်ကောင်းဖို့ ကြိုးပမ်းစို့
ကမ္ဘာ့လူသား ချမ်းသာဖို့။"

ဤကဗျာကလေးအတိုင်း သက်ကြီးဘိုးဘွားများသည်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နေကြသည်ကို အားတက်ဖွယ် တွေ့မြင်ရသည်။

"သက်ကြီးရွယ်အို ပြောစကား၊ တို့လိုချင်တဲ့အနာဂတ်များ" ဟူသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ လှုံ့ဆော်ချက်နှင့်အညီ ကျွန်ုပ်တို့မျိုးဆက်သစ်များက လိုက်နာဆောင်ရွက်ပါမှ တိုင်းပြည်၏အနာဂတ်သည် သာယာဝပြောပေလိမ့်မည်။ ကျွန်ုပ်တို့နိုင်ငံတွင် သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်းသည် မြန်မာတို့၏ မွန်မြတ်သော အလေ့အထကောင်းဖြစ်သည်။ မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပေရာ မြန်မာပြည်သူတို့အတွက် မြတ်သောကျေးဇူးကို ဆပ်ဖူးကြပြီဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**မဖြူသီရိခိုင်**

**နဝမတန်း(က)၊ အ-ထ-က(၁)၊ ကျောင်းကုန်း။**

## ဆရာမင်းယုဝေ၏ စာအုပ် ၃-အုပ် ချီးမြှင့်မည်။

စာစီစာကုံး အကောင်းဆုံးဆုရရှိသူများကို ၂၀၁၄-ခုနှစ်၊ ဧပြီလမှစ၍ ချီးမြှင့်နေကျ ဆုငွေ ၁၀၀၀၀ိ/- အပြင် ဆရာမင်းယုဝေ၏ **'သူလိုလူများ'** စာအုပ်ကို ဗန်းမော်မြို့၊ တံခွန်ပညာရေးစင်တာမှလည်းကောင်း၊ ဆရာမင်းယုဝေ၏ ၁၉၇၂-ခုနှစ်၊ အမျိုးသားစာပေဆုရ **'ရေခပ်ချိန်ကဗျာများ'** (မြန်မာ-အင်္ဂလိပ်)ဘာသာပြန် စာအုပ်ကို ဆရာမင်းယုဝေကလည်းကောင်း၊ ဆရာမင်းယုဝေ၏ အသက် ၈၅-နှစ်မြောက် အထူးထုတ်ဖြစ်သည့် **'အို...သစ်ပုတ်ပင်ကြီးနှင့် အခြားကဗျာများ'** စာအုပ်ကို တောင်ဒဂုံမြို့နယ်၊ နန္ဒာမိုးမြေစာကြည့်တိုက်မှလည်းကောင်း ထပ်ဆောင်းချီးမြှင့်ပါမည်။

**ဦးအောင်ဝင်း**
**တာဝန်ခံအယ်ဒီတာ**






## အမြန်ဆက်သွယ်ပါ

၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလထုတ် မင်္ဂလာမောင်မယ်စာစောင် စာစီစာကုံးပြိုင်ပွဲတွင် "အရုဏ်ဦး" စာစီစာကုံး ခေါင်းစဉ်ဖြင့်ဆုရသူသည် ရေးသူ၏ အမည်၊ အတန်းနှင့် ကျောင်းလိပ်စာတို့ ပါမလာပါ။ ထိုဆုရစာစီစာကုံးကိုမူ ဖော်ပြပါလတွင် စာစောင်၌ ဖော်ပြပြီးဖြစ်ပါသည်။ ရေးသူသည် ထိုစာစီစာကုံးကို ဖတ်ရှုမိပါက မိမိ၏ အမည်၊ အတန်းနှင့် ကျောင်းလိပ်စာတို့ကို မိမိ၏လက်ရေးမူဖြင့် ရေးသား၍ သက်ဆိုင်ရာ ဆရာ၊ ဆရာမ၏ထောက်ခံစာနှင့် အတူ အမြန်ပေးပို့ဆက်သွယ်စေလိုပါသည်။

**ဦးအောင်ဝင်း**
**တာဝန်ခံအယ်ဒီတာ (မင်္ဂလာမောင်မယ်စာစောင်)**
ဓမ္မာရုံ(၁)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၁၀၃၃၉၉၀၊ ၀၉ ၄၂၁၁၂၄၉၃၆

www.burmeseclassic.com



# ဖေဒင်၊ အိပ်မက်နှင့် ကျွန်တော်

ဆလိုင်းလိန်းကြယ်ပျံ

၂၀၁၂–ခုနှစ်၊ နွေရာသီကျောင်းပိတ်ချိန်၌ ဖေဒင်ဆရာမတစ်ဦးထံသွား၍ ကျွန်ုပ်အတွက် ဖေဒင်တွက်ချက်ခိုင်းဖူးလေသည်။ ကျွန်ုပ်အတွက် ဖေဒင်ဆရာမ၏ ဟောပြောချက်ကား ဤသို့တည်း။

“သင်၏ဘဝတွင် ရာထူးတက်လမ်း နှစ်ဆင့်သာရှိသည်။ မူလတန်းကျောင်းအုပ်အဆင့်နှင့် အထက်တန်းပြအဆင့်တို့သာ ဖြစ်ပေသည်။ ယခု သင်၏အထက်တန်းပြဘဝသည် ဘဝရာထူးတက်လမ်း ဂိတ်ဆုံးသွားချေပြီ” ဟူ၍။

ဤဟောပြောချက်ကို ကျွန်ုပ်ကြားလျှင်ကြားချင်း စိတ်အားငယ်ဝမ်းနည်းသွားမိပါ၏။ ဖေဒင်ဆရာမ၏ ဟောပြောချက်လည်း တကယ်မှန်နိုင်သည်ဟု ယုံကြည်ယူဆမိပါ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်တက်ခဲ့စဉ် ပညာရေးပါမောက္ခနှင့် B.Ed သင်တန်းသားများ၏ ရှေ့မှောက်၌ ကျွန်ုပ် ဤဘဝတွင် အထက်တန်းပြဘဝအထိသာ ရည်မှန်းခဲ့ပေသည်ဟု ပြောခဲ့ဖူးသောကြောင့်ပင်။

သို့ရာတွင် ဖေဒင်ဆရာမ၏ ဟောပြောချက်မမှန်စေရန် ကြီးမားလှသော မခံချင်စိတ်ဖြင့် အထက်တန်းပြဘဝမှ အလယ်တန်းကျောင်းအုပ်ဘဝအဆင့်သို့ ရာထူးတက်ရလေအောင် လုံ့လပြင်းထန်စွာ ကြိုးစားအားထုတ်သွားပါမည်ဟု အောင်စိတ်ကိုမွေး၍ ဟစ်ကြွေးခဲ့မိပါ၏။

“ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော အလယ်တန်းကျောင်းအုပ်ရာထူးနေရာများကို လျှောက်ထားလိုသူများ လျှောက်လွှာများတင်သွင်းနိုင်ကြောင်းနှင့် လျှောက်ထားခွင့်ရှိသူတို့၏ အရည်အချင်း သတ်မှတ်ချက်တို့ကို ဖော်ပြထားပါသည်။ ထိုကြော်ငြာကို ၁၄–၉–၂၀၁၂–နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရပါသည်။ သတ်မှတ်ချက်များတွင် ကျွန်တော် အကျုံးဝင်သဖြင့် အားတက်သွားမိပါ၏။ ထို့ကြောင့် အချက်အလက်ပြည့်စုံစွာ လျှောက်လွှာတင်ပြီးနောက် ကြိုတင်ပြင်ဆင် အောင်ပွဲဝင်နိုင်ရန်အတွက် လေ့လာဖြေဆိုရမည့် ဘာသာရပ်ဆိုင်ရာစာအုပ်များကို အတတ်နိုင်ဆုံး ငှား၍ ဖတ်ရလေသည်။ မှတ်ရလေသည်။ ငှားသူကလည်း အချိန်ကန့်သတ်ချက်ဖြင့် တစ်ရက်နှစ်ရက်မျှသာငှားသဖြင့် ဘာသာရပ်နှံ့စပ်အောင် မလေ့လာနိုင်ခဲ့ချေ။ သို့သော် အစွမ်းကုန် လေ့လာဆည်းပူးခဲ့ရပါ၏။

ထိုစဉ် အောက်တိုဘာလ၏တစ်ညသ၌ ကျွန်ုပ် အိပ်မက်မြင်မက်သည်မှာ ကျွန်ုပ်သစ်ပင်ပေါ်သို့တက်ရာ သစ်ပင်ပေါ်မှ အောက်မြေပြင်သို့ ကျသွားသည်ဟူ၍ ဖြစ်သည်။ ထိုအခါ စိုးရိမ်ပူပန်စိတ်ဖြင့် အိပ်ရာမှ ပြန်နိုးလာကာ အိပ်မက်ကို မိမိဘာသာ နိမိတ်ဖတ်ကြည့်သည်။ အိပ်မက်အရ လယ်အုပ်ရာထူးတိုး ဖြေ



www.burmeseclassic.com

www.burmeseclassic.com

ဆိုသော်လည်း လယ်အုပ်ရာထူးတိုးရမည်မဟုတ်ကြောင်းတွေးကာ ဝမ်းနည်းရှာမိပါ၏။ သို့သော် တစ်ဖန် စိတ်အားတင်းထား၏။ အိပ်မက်၏ အားငယ်နိမိတ်ကို အားတက်နိမိတ်အဖြစ်သို့ ပြောင်းလဲအန်တု အနိုင်နွဲသွားမည်ဟူ၍။

ဗေဒင်ဆရာမ၏ ဟောပြောချက်ကို အိပ်မက်ကလည်း ထောက်ခံနေသလိုဖြစ်သဖြင့် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေတော့၏။ သူတို့နှင့် စိန်ခေါ်တိုက်ပွဲ အနိုင်နွဲနိုင်ရန် ကျွန်ုပ်၏ အားငယ်ပျော့ပျောင်းသော နှလုံးသားကို သတ္တိရှိသော ယောကျ်ားကောင်းတို့၏ သံမဏိနှလုံးသားအဖြစ်သို့ ပြောင်းလဲမာကျောစေခဲ့သည်။ ဤသို့ဖြင့် ဖွဲလုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဉာဏ်တို့ဖြင့် နေ့ရောညပါ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ပါတော့သည်။

ကျွန်ုပ်တို့ ချင်းပြည်နယ်အတွင်းရှိ အခြားသော ပညာရေးဝန်ထမ်းများအပါအဝင် အဓိက အထက်တန်းပြဆရာ၊ ဆရာမများ ၁၁၁-ဦးက လယ်အုပ်ရာထူးတိုး ဖြေဆိုရန် လျှောက်ထားကြသည်။ ထိုအထဲမှ ချင်းပြည်နယ်၊ ဟားခါးမြို့တော်သို့ ဘကယ်သွားရောက် ဖြေဆိုခဲ့ကြသူများမှာ ၁၀၁-ဦးမျှသာ ရှိပါသည်။ တစ်နိုင်ငံလုံး လယ်အုပ်ရာထူးတိုးဖြေဆိုသူပေါင်း ၄၀၀၀-ကျော်ရှိကြောင်း ကြားသိရလေသည်။

ကျွန်ုပ်၏ ရေးဖြေရော၊ နှုတ်ဖြေပါ အခြေအနေကောင်းနေသဖြင့် သက်ဆိုင်ရာရုံးချုပ်က ကျွန်ုပ်ကို လယ်အုပ်ရာထူးတိုး ရွေးချယ်ခန့်ထားလိမ့်မည်ဟု ခန့်မှန်းမိသည်။

ဤသို့ မိမိကိုယ်ကို လယ်အုပ်ရာထူးတိုးအတွက် ယုံကြည်စိတ်ချမိသော်လည်း အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုပြီးသည့် ဟားခါးမြို့ နောက်ဆုံးတစ်ည အိပ်မက်တွင် ကျွန်ုပ်ကို လယ်အုပ်ရာထူးတိုး ရွေးချယ်ခန့်အပ်လိမ့်မည်မဟုတ်ကြောင်း အိပ်မက်မက်မိပြန်သည်။ ထို့ကြောင့် ဝမ်းနည်းမိပြန်သည်။

မည်သို့ပင်ဖြစ်စေ နောက်ဆုံး၌ အောင်စာရင်းထွက်လာပါပြီ။ ကျွန်ုပ် အရွေးချယ်ခံရပါသည်။ ကျွန်ုပ်သည် ဗေဒင်ဆရာမ၏ ဟောပြောချက်အတိုင်း ယုံကြည်ကာ မခံချင်စိတ်ဖြင့် မကြိုးစားခဲ့လျှင်၊ အိပ်မက်တွင်မြင်သည့်အတိုင်း စိတ်ဓာတ်ကျကာ လုံ့လမပြုခဲ့လျှင် ယခုလို အလယ်တန်းကျောင်းအုပ် ပြန်တမ်းဝင်အရာရှိငယ် ဖြစ်လာမည်မဟုတ်ပါ။ မခံချင်သောစိတ်ဓာတ်၊ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုလုံ့လဖြင့် ပန်းတိုင်ကို လှမ်းကိုင်ခဲ့ပါပြီ။

အမှတ်-၂၊ အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့၊ ညွှန်ကြားရေးမှူးချုပ်၏ ၁၀-၁-၂၀၁၃-ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၀၁၃(၅) အရ လယ်အုပ်ရာထူးတိုး ခန့်ထားခြင်း ခံရပါပြီ။

အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် ၂၀၁၃-ခုနှစ်၊ ဇန်နဝါရီလ ၂၅-ရက်နေ့မှစ၍ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မားဒူရွာ အလယ်တန်းကျောင်း (ယခု-အ.ထ.က-ခွဲ)၌ အလယ်တန်းကျောင်းအုပ်တာဝန်ဖြင့် နိုင်ငံ့ပညာရေးတာဝန်ကို အစွမ်းကုန် စတင်ထမ်းဆောင်ခဲ့ပါပြီ။ အစွမ်းကုန် ထမ်းဆောင်နေပါသည်။

အထက်ပါ ဖော်ကျူးတင်ပြချက်များအရ လူသားတိုင်းသည် ဗေဒင်ဆရာ၊ ဆရာမများ ဟောပြောလာသည့် စိတ်ဓာတ်ကျစေသော ဟောပြောချက်များကို အစွဲမထားဘဲ မခံချင်စိတ်ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားကြပါ။ စိတ်ဓာတ်ကျမည့် အိပ်မက်ပင်ဖြစ်စေကာမူ စိတ်ဓာတ်မကျဘဲ ဖွဲလုံ့လဖြင့် မိမိ၏ ဘဝတက်လမ်းအတွက် အားသွန်ခွန်စိုက် ကြိုးစားကြပါ။ ဤသို့ဆိုလျှင် မိမိ၏ ဘဝရည်မှန်းချက်ပန်းတိုင်သို့ ဧကန်ရောက်လိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

**ဆလိုင်းလီန်းကြယ်ပုံ**



www.burmeseclassic.com

www.burmeseclassic.com




# သင်သိပါစ

ရှိန်မင်းကို

**စာပေအရေးအသားမပေါ်ခင်က လူတို့သည် မိမိတို့ဖော်ပြချင်သည်များကို မည်သို့ဖော်ပြခဲ့သည်ကို သိပါစ**

လူ့သမိုင်းတွင် စာပေအရေးအသား ပေါ်ပေါက်လာသည်မှာ မကြာမြင့်သေးပေ။ နှစ်ပေါင်း ၄၀၀၀–ကျော်ခန့်သာ ရှိသေးသည်ဟု ဆိုသည်။ စာအရေးအသားမပေါ်ပေါက်မီက လူတို့သည် မိမိတို့၏ စိတ်ကူးစိတ်သန်းများ၊ ဆိုလိုချက်များ၊ ဆက်သွယ်လိုသည်များကို ပန်းချီရုပ်ပုံများဖြင့် ရေးဆွဲဖော်ပြခဲ့ကြသည်။

Paleolithic era ဟုခေါ်သော လွန်ခဲ့သည့်နှစ်ပေါင်း သုံးသောင်း၊ လေးသောင်းခန့်ကာလတွင် နေထိုင်ခဲ့သောသူတို့သည် ၎င်းတို့နေထိုင်သော ဂူနံရံများနှင့်



ကျောက်တုံးကြီးများပေါ်တွင် ပန်းချီရုပ်ပုံများကို ရေးဆွဲထားခဲ့ကြသည်။ ပုံအများစုမှာ ၎င်းတို့အမဲလိုက်သော တိရစ္ဆာန်တို့၏ပုံများ၊ လှံကိုင်ဆောင်ထားသော လူပုံများ၊ ဆင်ပုံ၊ မြင်းပုံနှင့် လက်နက်ပုံများ ဖြစ်သည်။ ထိုပုံများကို ကျောက်ခဲချွန်များအား အသုံးပြုရေးဆွဲခဲ့ကာ အရောင်အဖြစ် မြေနီမှုန့်များကို အသုံးပြုခဲ့သည်ဟု သိရသည်။ ထိုဂူများထဲမှ ထိုခေတ်တိရစ္ဆာန်တို့၏ အရိုးအပိုင်းအစများ၊ အဖျားချွန်ကျောက်လက်နက်များနှင့် လူတို့နေထိုင်ခဲ့သည့် အထောက်အထားများကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်ရှိ ပြဒါးလင်းဂူတွင်လည်း ရှေးဂူနေလူတို့ ရေးဆွဲခဲ့သော နံရံဆေးရေးပန်းချီများ၊ ၎င်းတို့ စားသုံးခဲ့သည်ဟု ယူဆရသော တိရစ္ဆာန်များ၏ အရိုးများနှင့် မီးသွေးများကို ရှာဖွေတွေ့ရှိခဲ့သည်။

* * *


**မည်သည့်အချိန်က စာပေအရေးအသား ပေါ်ပေါက်ခဲ့သည်ကို သိပါစ**

စာပေအရေးအသား မပေါ်ပေါက်မီခေတ်ကို သမိုင်းမတင်မီခေတ်ဟု ခေါ်သည်။ ထိုခေတ်က လူများသည် မိမိတို့၏ ဆိုလိုချက်များကို ဂူနံရံများ၊ ကျောက်သားမျက်နှာပြင်များပေါ်တွင် ပုံဖော်ပြခဲ့ကြသည်။ ဘီစီ ၃၁၀၀–ခေတ်အစောပိုင်းကာလတွင် လူတို့သည် စိုက်



www.burmeseclassic.com

www.burmeseclassic.com



ပျိုးရေးကို လုပ်ကိုင်တတ်လာကြပြီး သီးနှံများကို သိုလှောင်တတ်လာကြသည်။ သိုးနှင့် အခြားတိရစ္ဆာန်များကိုလည်း မွေးမြူလာကြသည်။ ထို့ပြင် ဆူမားရီးယန်းလူမျိုးများသည် သင်္ကေတပုံများ၊ ကိန်းဂဏန်းများကို စတင်အသုံးပြုလာခဲ့ကြသည်။ ထိုကွဲပြားခြားနားသော သင်္ကေတပုံများ၊ ဂဏန်းများနှင့် ရုပ်ပုံများမှတစ်ဆင့် တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးပြောင်းလဲလာခဲ့ရာ ယနေ့ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရေးအတွက် အရေးပါသော ကိရိယာများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

* * *

## Cuneiform ရေးသားနည်းဆိုသည်ကို သိပါစ

ရှေးလူတို့သည် စာပေအရေးအသား ပေါ်ပေါက်လာသော်လည်း စက္ကူကို တီထွင်နိုင်ခဲ့ခြင်းကား မရှိသေးပေ။ စက္ကူမရှိသေးသော်လည်း ၎င်းတို့တွင် များပြားလှသော ရွှံ့စေးများရှိနေသည်။ ထို့ကြောင့် သူတို့သည် ရွှံ့စေးကို အပြားပြုလုပ်ကာ ထိုရွှံ့စေးသင်ပုန်းပေါ်တွင် စာများ ရေးသားခဲ့ကြသည်။ မြစ်ကမ်းဘေးတွင် ပေါက်ရောက်လေ့ရှိသော ချွန်ထက်သည့် ကျူပင်တစ်မျိုးကို ရေးစရာကညစ်အဖြစ် အသုံးပြုခဲ့သည်။ ထိုကျူပင်ကညစ်သည် ရွှံ့စေးပြားပေါ်တွင် တြိဂံပုံအမှတ်များကို ဖြစ်ပေါ်စေသည်။ ထိုတြိဂံပုံအမှတ်အသားများ စုစည်းထားသည့် ရေးသားနည်းကို Cuneiform ရေးသားနည်းဟု ခေါ်ဆိုခြင်းဖြစ်သည်။



- Cuneiform ရေးသားနည်း

* * *


## စက္ကူ၏ မူလအစကို သိပါစ

ရှေးအကျဆုံးသော စက္ကူကို အီဂျစ်လူမျိုးတို့က စတင်တီထွင်ခဲ့ကြသည်ဟု သိရသည်။ ယနေ့အသုံးပြုနေသော စက္ကူ(Paper) သည် အီဂျစ်မှစတင်ခဲ့သော Papyrus ခေါ် ကျူပင်တစ်မျိုးမှ ပြုလုပ်သည့်စက္ကူမှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀–ခန့်က အီဂျစ်လူမျိုးတို့သည် သေးငယ်ပြီး ရှည်လျားသော ကျူပင်များကို အပိုင်း၊ အပိုင်းများ ဖြတ်တောက်ပြီး နူးအိလာအောင် ရေစိမ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရှေးအကျဆုံး စက္ကူ

သည်။ ထိုနူးအိနေသော ကျူပင်ပျော့များကို ပါးလွှာသော အပြားကလေးများဖြစ်အောင် ထောင်းကာ နေလှန်းသည်။ ဤသို့ဖြင့် ရှေးအကျဆုံးစက္ကူကို ရရှိလာသည်ဟု သိရသည်။

* * *

## ယနေ့ခေတ်သုံး စာရေးစက္ကူ စတင်တီထွင်ခဲ့သူကို သိပါစ

အီဂျစ်တို့ တီထွင်ခဲ့သော ကျူပင်စက္ကူမျိုးမဟုတ်ဘဲ အခြားစာရေးစက္ကူတစ်မျိုးကို တရုတ်ပြည်တွင် စတင်ပြုလုပ်ခဲ့သည်ဟု သိရသည်။ တရုတ်လူမျိုး ရုံးဝန်ထမ်းတစ်ဦးဖြစ်သည့် Tsai Lun သည် အေဒီ ၁၀၅-ခုတွင် ထိုစက္ကူကို စမ်းသပ်တီထွင်ခဲ့သည်။ ၎င်းသည် ကွဲပြားခြားနားသော အခြေခံကုန်ကြမ်းများဖြစ်သည့် အဝတ်စုတ်များ၊ စွန့်ပစ်ချည်မျှင်များနှင့် အမျှင်ပါသော သစ်ပင်များကို ရောနှောကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တရုတ်တို့၏ စက္ကူပြုလုပ်ခြင်း အတတ်ပညာသည် နီးစပ်ရာ အိမ်နီးချင်းတိုင်းပြည်များသို့ တဖြည်းဖြည်း ပျံ့နှံ့သွားခဲ့သည်။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် စက္ကူပြုလုပ်ခြင်းအတတ်မှာ ပို၍ပို၍ တိုးတက်လျက်ရှိနေပေပြီ။


**ရှိန်မင်းကို**

အကိုး ။ ။ 500 Questions & Answers

## လူမှုအသိစိတ်

သဘော်တစ်စီး၊ မြစ်ရေစီးတွင်
ခရီးအဆက်၊ ရုတ်တရက်လျှင်
စောင်းလျက် တိမ်းမှောက်သွားတော့သည်။

အနီးအနား
ကျေးရွာသားတို့၊ လှေများကိုယ်စီ
တက်ကိုယ်စီဖြင့်၊ ချိန်မီရောက်လာ
သဘော်ပါသူ၊ ရေနစ်သူကို
ဆွဲယူသယ်ကြ၊ ကယ်ဆယ်ကြသည်
ဒုက္ခရောက်သူ၊ ပိုင်းဝန်းကူ။
ပြည်သူသားကောင်း ချီးမွမ်းကြောင်း။



**တင်မြင့်မောင်**



www.burmeseclassic.com

www.burmeseclassic.com



# သိပ္ပံအရေး မေးလိုရာမေး

သန်းမင်းထွဋ်

(မေး)။ ။ ဆရာရှင့်။

ကမ္ဘာပေါ်တွင် လူသားများ မည်ကဲ့သို့ ဖြစ်ပေါ်လာသည်ကို သိပ္ပံနည်းကျ ဖြေကြားပေးပါ။ လူဆိုသည်မှာ မျောက်ကဆင်းသက်လာသည်ဟူ၍ ဆိုရိုးရှိပါသည်။ ထိုဆိုရိုးမှာ မှန်ကန်ပါသလား။ ကျေးဇူးပြုပြီး ပြည့်စုံစွာ ဖြေကြားပေးစေလိုပါသည်။

မထက်ထက်လွင်၊

မိုးညှင်းမြို့၊ ကချင်ပြည်နယ်။

(ဖြေ)။ ။ လူသားအစနှင့်ပတ်သက်ပြီး သိပ္ပံပညာရှင်များသည် ခေတ်အဆက်ဆက် အမျိုးမျိုးအဖုံဖုံ ငြင်းခုံခဲ့ကြပါသည်။ အယူအဆအားဖြင့်လည်း အမျိုးမျိုး ပေါ်ပေါက်ခဲ့ကြပါသည်။ ထိုအယူအဆများအနက် ထင်ရှားသော အယူအဆလေးခုမှာ (၁) မျိုးဆက်များ အလိုအလျောက်ဖြစ်ပွားလာခြင်း သီအိုရီ (Theory of spontaneous generation)၊ (၂) အထူးဖန်ဆင်းပေးခြင်း သီအိုရီ (Theory of special creation)၊ (၃) စကြဝဠာသီအိုရီ (Cosmozoic Theory)၊ (၄) သဘာဝမွေသီအိုရီ (Naturalistic Theory)တို့ ဖြစ်ကြပါသည်။

ပထမဦးဆုံး အယူအဆဖြစ်သော မျိုးဆက်များ အလိုအလျောက် ဖြစ်ပွားလာခြင်း သီအိုရီတွင် သက်ရှိလောကသည် သက်မဲ့ရုပ်ဝတ္ထုများမှ ဖြစ်ပေါ်လာသည်ဟု ယူဆခဲ့ကြပါသည်။ ထို့ကြောင့် လူတို့သည် သက်မဲ့ရုပ်ဝတ္ထုများမှ ဆင်းသက်လာသည်ဟု ထင်မြင်ခဲ့ကြပါသည်။ သိပ္ပံရုပ်ရှင်ကားများတွင် ကျောက်တုံးကြီးမှ လူအဖြစ်သို့ ဖန်ဆင်းသည်ဆိုသော အယူအဆများသည် ဤသီအိုရီမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ သို့သော် သိပ္ပံပညာတိုးတက်ထွန်းကားစပြုလာသော ၁၉-ရာစုတွင် ဒါဝင်၏ တွေ့ရှိချက်များက ဤအယူအဆများယွင်းကြောင်း ချေဖျက်နိုင်ခဲ့ပါသည်။

ဒုတိယအယူအဆ အထူးဖန်ဆင်းပေးခြင်းသီအိုရီမှာ ဘာသာရေးဖြင့် ဆက်စပ်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ခရစ်ယာန်တို့က လူသားကို ခရစ်တော်က ဖန်ဆင်းပေးသည်ဟုလည်းကောင်း၊ မွတ်ဆလင်ဘာသာဝင်တို့က လူသားကို ဖန်ဆင်းရှင်အရှင်မြတ်က ဖန်ဆင်းထားသည်ဟုလည်းကောင်း ယူဆချက်များသည် ဤသီအိုရီကို အခြေခံခြင်းဖြစ်ပါသည်။ ထိုသီအိုရီကိုလည်း မျက်မှောက်ခေတ် သိပ္ပံပညာရှင်များက စနစ်တကျ ငြင်းပယ်ခဲ့ပြီးဖြစ်ပါသည်။

တတိယအယူအဆ စကြဝဠာသီအိုရီတွင်မူ လူသားသည် စကြဝဠာတစ်နေရာမှ အကြောင်းတစ်စုံတစ်ခုကြောင့် မြေကမ္ဘာပေါ်သို့ ကျရောက်လာပြီး ကြီးထွားရှင်သန်လာသည်ဟု ယူဆထားကြပါသည်။ သို့သော် အာကာသအတွင်း အပူအအေးလွန်ကဲခြင်းနှင့် အာကာသအတွင်းရှိ ပျံ့နှံ့နေသော ရောင်ခြည်များက လူသားဗီဇကို မည်သည့်နည်းနှင့်မျှ အသက်မရှင်နိုင်ဟု သိပ္ပံပညာရှင်များက ယူဆကာ စကြဝဠာသီအိုရီကိုလည်း ငြင်းပယ်လိုက်ပြီဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာရှင်များ လက်ခံထားသော လူသားဆိုင်ရာ သီအိုရီမှာ သဘာဝဓမ္မသီအိုရီဖြစ်ပါသည်။ ထိုသီအိုရီအရ နေစကြဝဠာကြီးသည် တစ်ချိန်က ကြီးကျယ်သောပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ထိုပေါက်ကွဲမှုကြောင့် ကြီးမားသော အစိတ်အပိုင်းများသည် အာကာသအတွင်း ပျံ့လွင့်ကာ ဂြိုဟ်များ ဖြစ်ပေါ်လာကြသည်။ ပေါက်ကွဲမှုပြင်းထန်ရကား အဆိုပါဂြိုဟ်ကြီးများသည် မီးလုံးကြီးများအဖြစ် အာကာသအတွင်း ပျံ့လွင့်သွားခဲ့ကြပါသည်။

နှစ်ကာလကြာသောအခါ အဆိုပါမီးလုံးကြီးများသည် အပေါ်ယံ အေးခဲလာပြီး မြေမှုန့်များ ဖြစ်လာကြပါသည်။ အောက်ခြေတွင်မူ ယခုထက်တိုင် မီးလုံးမီးခဲကြီးများသည် ဗဟိုနေရာတွင် တောက်လောင်ဆဲဖြစ်ပါသည်။ ထိုသို့ မီးလုံးမီးခဲများ အေးခဲလာသောအခါ မီးလောင်စဉ်က ထွက်ပေါ်ခဲ့သော ကာဗွန်၊ အောက်စီဂျင်၊ ဟိုက်ဒရိုဂျင်စသော ပစ္စည်းများသည် အချင်းချင်း ပေါင်းစပ်မိကြကာ မြေမှုန့်များနှင့် ရေထုတို့ ဖြစ်ပေါ်လာခဲ့ကြပါသည်။

BURMESE CLASSIC .com

အစပိုင်းတွင် ကမ္ဘာဂြိုဟ်ကြီးတစ်ခုလုံးကို ရေထုက ဖုံးလွှမ်းထားပါသည်။ အဆိုပါရေထု၊ မြေထုများအတွင်းတွင် ဓာတုဗေဒဒြပ်စင်များသည် ရောနှောပြီး ပျံ့လွင့်နေကြပါသည်။ တစ်ချိန်သောအခါ ထိုဒြပ်စင်များအနက် ၂၁-မျိုးသည် အကြောင်းတစ်စုံတစ်ရာကြောင့် ပေါင်းစပ်မိပြီး ဒီအင်အေခေါ် ပစ္စည်းတစ်ခု ဖြစ်ပေါ်လာပါသည်။ အဆိုပါဒီအင်အေသည် သက်ရှိတို့၏ အခြေခံပစ္စည်းပင် ဖြစ်ပါသည်။

ယနေ့ခေတ် သိပ္ပံပညာရှင်များသည် ဒီအင်အေတွင်ပါဝင်သော ဒြပ်စင် ၂၁-မျိုးလုံးကို အပြင်တွင် အချိုးတကျ ပေါင်းစပ်လိုက်သောအခါ သက်ရှိဆဲလ်တစ်ခု ဖြစ်ပေါ်လာကြောင်းကို လက်တွေ့စမ်းသပ်ထားပြီးဖြစ်ပါသည်။ အဆိုပါဆဲလ်သည် သက်ရှိလောက၏ ပထမဆုံး သက်ရှိသတ္တဝါပင်ဖြစ်ပါသည်။ ၎င်းသည် အဆင့်နိမ့်လွန်းရကား ဆဲလ်တစ်လုံးတည်းဖြင့် သက်ရှိတစ်ကောင် ဖြစ်ပေါ်လာရပါသည်။ နဝမတန်း ဇီဝဗေဒဘာသာရပ်တွင် သင်ကြားနေသော အမီးဘားဝမ်းကိုက်ပိုးကဲ့သို့သော အကောင်များ ဖြစ်ပါသည်။

အဆိုပါ ဆဲလ်တစ်လုံးတည်းပါသည့် သက်ရှိများသည် အချင်းချင်းပေါင်းစပ်မိရာမှ ဆဲလ်နှစ်ခုပါသော သက်ရှိ၊ ရှစ်ခုပါသော သက်ရှိ၊ ဆဲလ် ၁၆-ခုပါသော သက်ရှိ စသည်ဖြင့် သက်ရှိတို့သည် အဆင့်ဆင့်မြင့်တက်လာကြပါသည်။ နောက်ပိုင်းတွင် ဆဲလ်များစွာစုဖွဲ့ထားသော multicellular organisms အဆင့်မြင့်သတ္တဝါများအဖြစ်သို့ တိုးတက်ပြောင်းလဲလာကြပါသည်။

ထိုသို့ အဆင့်မြင့်သတ္တဝါများ ပေါ်ပေါက်လာပြီးနောက်တွင် အပင်သက်ရှိများ၊ တိရစ္ဆာန်သက်ရှိများလည်း တဖြည်းဖြည်းတိုးတက် ဖြစ်ပေါ်လာပါသည်။ ထိုသို့ တိုးတက်ဖြစ်ပေါ်လာရာတွင် မျောက်ကဲ့သို့သော သတ္တဝါများလည်း ပေါ်ပေါက်လာပါသည်။ အဆိုပါမျောက်များသည် ပတ်ဝန်းကျင်နှင့် သဘာဝရာသီဥတုတို့၏ ပြုပြင်မွမ်းမံပေးမှုများကြောင့် တဖြည်းဖြည်းပြောင်းလဲလာကာ မျောက်မှသည် မျောက်ဝံ၊ မျောက်ဝံမှသည် လူဝံ၊ လူဝံမှသည် လူအဖြစ်သို့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသည်ဟု ယူဆခဲ့ကြပါသည်။

---


**လူသားစတင်သောနေရာနှင့် ပတ်သက်ပြီး အယူအဆနှစ်ခုရှိခဲ့ပါသည်။ တစ်ခုမှာ လူသားအစ အာဖရိကက သီအိုရီဖြစ်ပြီး ကျန်တစ်ခုမှာ လူသားအစ အာရှက သီအိုရီဖြစ်ပါသည်။**

---



www.burmeseclassic.com

www.burmeseclassic.com




လူသားအရိုးစုနှင့် မျောက်ဝံ၊ လူဝံတို့ အရိုးစုများ နှိုင်းယှဉ်ပြထားသောပုံ

ထိုအယူအဆကို စာပေဖြင့် စနစ်တကျ မှတ်တမ်းတင် တင်ပြသူမှာ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး ချားလ်ဒါဝင် (Charles Darwin) ပင် ဖြစ်ပါသည်။ ဒါဝင်သည် ၁၈၃၁–ခုနှစ်တွင် ဘုရင့်ရေတပ်မတော်နှင့်အတူ တောင်အမေရိကတိုက်ရှိ နေရာအနှံ့အပြားတွင် လေးနှစ်ကြာ လှည့်လည်လေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရင်း သတ္တဝါမျိုးစုများ အမျိုးမျိုးအဖုံဖုံ ကွဲပြားနေကြပုံကို သူ သတိပြုမိပါသည်။ ကျွဲ၊ နွားချင်းတူသော်လည်း ဥရောပတိုက်ရှိ ကျွဲ၊ နွားနှင့် တောင်အမေရိကတိုက်ရှိ ကျွဲ၊ နွားများ အမွေးအတိုအရှည်၊ ဦးချိုပုံသဏ္ဌာန် ကွဲပြားပုံကို သိရှိလာပါသည်။ ဂလာပါဂိုကျွန်းစုတွင် လေ့လာရင်း တစ်ကျွန်းနှင့်တစ်ကျွန်း နေထိုင်ကြသော ငှက်မျိုးစုများ ပုံစံကွဲပြားပုံကို သိမြင်လာပါသည်။

ဤတွင် ဒါဝင်သည် သဘာဝဓမ္မ၏ ရွေးချယ်မှုသဘောကို သတိပြုမိလာပါသည်။ ခွေးမျိုးချင်းတူစေဦး၊ အေးသောဒေသရှိ ခွေးများသည် အမွေးရှည်ကြလေသည်။ အကယ်၍ အေးသောဒေသမှခွေးသည် အမွေးတိုနေလျှင် အအေးဒဏ်ကို ခံနိုင်တော့မည် မဟုတ်ပေ။ ထိုအခါ အမွေးတိုသောခွေးမျိုးသည် အေးသောဒေသတွင် မျိုးတုံးရလေတော့သည်။ ထိုနည်းတူပင် ပူသောဒေသ၌ အမွေးရှည်သော ခွေးများသည် နေမဖြစ်ပြန်ပေ။ ပူသောဒေသတွင် အမွေးရှည်ခွေးမျိုးသည် အပူဒဏ်ကို ပိုခံစားရပြီး မြန်မြန်မျိုးတုံးပျောက်ကွယ်သွားလေတော့သည်။

ကမ္ဘာဦးအစက ပေါ်ပေါက်ခဲ့သော ဒိုင်နိုဆောမျိုးများသည် ယခုအချိန်တွင် မတွေ့မြင်ရတော့ပေ။ ထိုသို့ မတွေ့မြင်ရခြင်းမှာ ကမ္ဘာကြီးကို ရေခဲလွှမ်းမိုးထားသောခေတ်အခါ၌ ဒိုင်နိုဆောသတ္တဝါတို့သည် သဘာဝဓမ္မနှင့်အညီ မနေနိုင်၍ဖြစ်ကြောင်း ဒါဝင် သိမြင်လာလေသည်။ သို့ဖြင့် ဒါဝင်သည် ၁၈၅၉–ခုနှစ်တွင် သတ္တဝါတို့၏ မူလအစအမည်ရှိစာအုပ်ကို ရေးသားပြီး လူသည် မျောက်မှဆင်းသက်လာကြောင်း အယူအဆကို ဖော်ထုတ်ခဲ့ပါသည်။ သူ့အယူအဆကို ဖန်ဆင်းရှင်ဝါဒီတို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သော်လည်း နောက်ပိုင်း မနုဿဗေဒ တွေ့ရှိချက်များက ဒါဝင် အယူအဆ မှန်ကန်ကြောင်း ထောက်ခံတင်ပြလာကြပါသည်။

လူသားစတင်သောနေရာနှင့် ပတ်သက်ပြီး အယူအဆနှစ်ခုရှိခဲ့ပါသည်။ တစ်ခုမှာ လူသားအစ အာဖရိက



www.burmeseclassic.com

www.burmeseclassic.com

သီအိုရီဖြစ်ပြီး ကျန်တစ်ခုမှာ လူသားအစ အာရှက သီအိုရီဖြစ်ပါသည်။ အာဖရိကသီအိုရီကို လက်ခံထားသူများမှာ အာဖရိကတိုက်တွင် တွေ့ရှိထားသော လူသားအရိုးများသည် လွန်ခဲ့သော နှစ်လေးသန်းခန့်က အရိုးများဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် ၁၉၇၄-တွင် အမေရိကန် မနုဿဗေဒပညာရှင် ဒေါ်နယ်ဂျိုဟန်ဆင်က လူစီဟု အမည်ပေးထားသော အမျိုးသမီးအရိုးစုကို တွေ့ရှိခဲ့ပါသည်။ ထိုအရိုးစုကို ကာဗွန်နည်းဖြင့် သက်တမ်းတွက်ကြည့်ရာ လွန်ခဲ့သော နှစ် ၃.၂-သန်းက အရိုးစုဖြစ်ကြောင်း သိရှိလာရပါသည်။ လူစီအရိုးစုသည် ယခုအချိန်ထိ တွေ့ရသမျှ အရိုးစုတွင် ပုံစံအပြည့်စုံဆုံးလည်း ဖြစ်သဖြင့် အာဖရိက သီအိုရီသမားများက လူသားအစ အာဖရိကကဟု ယူဆခဲ့ကြပါသည်။

အာရှသီအိုရီသမားများကမူ အရိုးစုတစ်စုလုံး အပြည့်အစုံ မတွေ့သော်ငြား အာရှတိုက်နေရာတော်တော်များများတွင် ရှေးဦးလူတို့၏ အရိုးများကို တွေ့မြင်ကြသောကြောင့် ယူဆခဲ့ကြခြင်း ဖြစ်ပါသည်။ ၁၉၇၈-တွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ဆရာဦးဘမော်သည် ပုံတောင်ပုံညာဒေသတွင် အဆင့်မြင့်လူတစ်ယောက်၏ သွားပါအောက်မေးရိုးတစ်ခုကို ရရှိခဲ့ပါသည်။ ထိုမေးရိုးကို ဓာတ်ခွဲကြည့်သောအခါ လွန်ခဲ့သော နှစ် ၃၈-သန်းက မေးရိုးဖြစ်ကြောင်း သိရှိလာကြပါသည်။ ထိုမေးရိုးကြောင့် ယခုအခါ လူသားအစ အာရှကဆိုသော သီအိုရီက အနိုင်ရနေပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**သန်းမင်းထွန်း**

# အာဟာရတန်ဖိုး ဝင်ငွေတိုး

ပဲငရုတ် ဘူးသခွားနှင့်
ဦးထွားရဲ့ယာခင်း။



စိမ်းစိုစို ပသာဒ
ရွာကမြင်ကွင်း။

ရုံးပတီ ရွှေဖရုံ
ပုံလုံနှင့် ခရမ်း။
အာဟာရ ရိက္ခာ
မြန်မာ့အစာ အသီးအနှံ
နည်းမှန်သန်စွမ်း။

မိုးဆောင်းနွေ ရွာကွင်းထက်
ယာချင်းဆက် စိုက်ကာပျိုး
မငိုင်မယိုင်
တစ်နိုင်တစ်ပိုင် ဖိအားပြု
မိသားစု စားဖို့အပြင်
အိမ်ဝင်ငွေတိုး။

**မောင်နန်းထက် (ဟသ္သာတ)**



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ရိုလင် ကမ္ဘာတစ်ခွင်



အောင်ဟိန်းထက်


## ခွေးဗိုက်ထဲမှဓား

ခွေးများသည် မြင်တွေ့ရာတို့ကို စားသောက်လေ့ရှိတတ်သည်။ ကနေဒါနိုင်ငံ၊ ဗြိတိသျှကိုလံဘီယာမြို့မှ ၃-လသားအရွယ် ခွေးတစ်ကောင်ကမူ ၉-လက်မအရွယ်ရှိ သားလှီးဓားတစ်ချောင်းကို မျိုချလိုက်သဖြင့် သေလုမြောပါးဖြစ်သွားသည်။ ခွေးပိုင်ရှင်တို့က အလျင်အမြန်ပင် တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ခေါ်သွား၍ ဗိုက်ထဲမှဓားကို ခွဲစိတ်ဖယ်ထုတ်ရသည်။ အောင်မြင်သွားသည်။ ခွေးဗိုက်ထဲရှိဓားကို ဆရာဝန်က အချိန်မီခွဲစိတ်ထုတ်ယူနိုင်သဖြင့် ခွေးမှာ အသက်ချမ်းသာရာရသွားသည်။

## လေယာဉ်မှူးဟောင်းနှင့် တိရစ္ဆာန်နို့

ရုရှနိုင်ငံမှ ယူရီရှန်ပေါက်ဆိုသူ လေယာဉ်မှူးဟောင်းတစ်ဦးသည် အံ့ဖွယ်ထူးခြားသူဖြစ်သည်။ သူသည် နွား၊ သိုး၊ ဆိတ် စသည့် အကောင်ကြီးများ၏ နို့များကို မသောက်။ ယုန်စသည့် အကောင်ငယ်လေးများ၏နို့ကိုသာ သောက်လေ့ရှိသည်။ အကောင်ငယ်လေးများ၏နို့သည် သူ့အား ပို၍အားရှိစေသည်ဟု ခံယူထားသည်။ ယူရီသည် အကောင်ငယ်လေးများထံမှ နို့ကိုရရှိရန် ကိရိယာတစ်ခုကို ကြိုးစားတီထွင်ကာ ထိုကိရိယာဖြင့် နို့ညှစ်သောက်သုံးလေ့ရှိသည်။

* * *





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပြတ်နေသော်လည်း
အံ့ဖွယ်အသက်မသေသော
ကြက်ကြီးကိုတွေ့ရစဉ်

## အံ့ဖွယ်ကြက်ခေါင်းပြတ်ကြီး

၁၉၄၅–ခုနှစ်ကဖြစ်သည်။ အမေရိကန်ပြည်၊ ကော်လိုရာဒိုပြည်နယ်မှ လွိုက်အော်ဆင်ဆိုသူ လယ်သမားတစ်ဦးသည် ညစာအတွက် ကြက်သားစားလိုသဖြင့် မိမိပိုင်ကြက်ကြီးကို ပုဆိန်ဖြင့် ခေါင်းဖြတ်သတ်လိုက်သည်။ ခေါင်းပြတ်သွားသော ကြက်ကြီးသည် ချက်ချင်းမသေဘဲ အဖော်များရှိရာ ကြက်အုပ်ထဲသို့ ပြေးလွှားနေခဲ့သည်။ လွိုက်အော်ဆင်က ထိုခေါင်းပြတ်ကြက်ကြီးကို နောက်တစ်နေ့တွင်မှ ချက်ပြုတ်စားသောက်တော့မည်ဟု ဆုံးဖြတ်ကာ အေးအေးဆေးဆေးပင် နေလိုက်သည်။

နောက်တစ်နေ့သို့ရောက်သောအခါ သူသည် အံ့သြဖွယ်အခြင်းအရာတစ်ခုကို မြင်လိုက်ရသည်။ ယင်းမှာ အခြားမဟုတ်၊ သူခေါင်းဖြတ်ခဲ့သော ကြက်ကြီးသည် မသေဘဲ အသက်ရှင်လျက်ရှိနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

လွိုက်အော်ဆင်က ထိုခေါင်းမရှိသည့်ကြက်ကြီးသည် စိတ်တန်ခိုးသတ္တိရှိ၍ အသက်ရှင်နေခြင်းဖြစ်သည်ဟု ယူဆကာ အံ့ပွဲများတွင် လှည့်လည်ပြသခဲ့သည်။ ထိုအတွက် သူသည် တစ်လလျှင် ဒေါ်လာ ၄၅၀၀ (ယနေ့ပေါက်ဈေး ဒေါ်လာ ၅၀၀၀၀) ရရှိခဲ့သည်။ လှည့်လည်ပြသနေစဉ်အတွင်း ထိုခေါင်းမရှိသည့်ကြက်ကြီးသည် မသေရုံသာမက အလေးချိန် ၂–ပေါင်မှ ၈–ပေါင်အထိပင် တိုးလာသေးသည်။ ထိုခေါင်းပြတ်ကြက်ကြီးသည် လှည့်လည်ပြသနေရင်း ၁၈–လအကြာ ၁၉၄၇–ခုနှစ်အရောက်တွင် သေဆုံးသွားခဲ့သည်။




www.burmeseclassic.com


www.burmeseclassic.com

## ထူးထူးခြားခြားဇနီးမောင်နှံ

အင်္ဂလန်နိုင်ငံ၊ ပွန်းဝေါလ့်မြို့မှ အာသာဘွိုက်ဆိုသူ အမျိုးသားကြီးနှင့် သူ၏ဇနီးသည်တို့သည် တိရစ္ဆာန်များကို အလွန်ချစ်ခင်သည်။ ကြက်၊ ဝက်၊ နွား၊ သိုး စသည့် တိရစ္ဆာန်များကိုသတ်၍ ဆိုင်တွင်ရောင်းချသောအသားကို လုံးဝ ဝယ်ယူမစားကြပေ။ သူတို့ ဇနီးမောင်နှံသည် ဟင်းသီးဟင်းရွက်များကိုသာ ဦးစားပေး စားသောက်ကြသည်။



## ငြိမ်းချမ်းပါစေသား



တကူကူး တကူကူး
ချိုးလေး တကူကူး။

ပင်ယံထက်က ချိုးကူသံ
ငြိမ်းချမ်းစေတဲ့ အသံ။

ငြိမ်းချမ်းရေးသံ ပင်ယံဖျား
ဝေဟင်ဆီသို့ လွင့်ပျံသွား
လောကကမ္ဘာ ငြိမ်းစေသား
ငြိမ်းချမ်းစေသား ငြိမ်းစေသား။

မောင်လင်းမြတ် (မြောင်းတကာ)

တစ်ခါတစ်ရံ အာသာဘွိုက်သည် အသားစားလိုစိတ် ဖြစ်ပေါ်လာသောအခါ ကားမောင်း၍ထွက်သွားပြီး လမ်းပေါ်တွင် ကားတိုက်ခံရ၍ သေနေသော ခွေး၊ ကြောင်၊ ဖီးကွက်၊ ဖြူကောင်၊ ခွေးတူဝက်တူ စသည့် အသေကောင်များကိုတွေ့လျှင် ကောက်ယူသည်။ အိမ်တွင် ထိုအသေကောင်များကိုသာ ချက်ပြုတ်စားသောက်သည်။

အာသာဘွိုက်သည် ထိုသို့ ရံဖန်ရံခါ အသားစားသောက်သော်လည်း သူ၏ဇနီးသည်မှာမူ ထိုအသေကောင်များကိုပင် လုံးဝ မစားပေ။ သက်သတ်လွတ်သာ စားသည်။


**အောင်ဟိန်းထက်**

အကိုး ။ ။ Ripley's Believe it or not (2010)



www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းဗဟုသုတဆိုင်ရာ မေးလိုရာရာ

သမိုင်းပါမောက္ခဦးမြင့်စော(ငြိမ်း)

**ယခုလကဏ္ဍာကဏ္ဍာတွင်**

- ဘွဲ့နှင်းသဘင်ခန်းမနှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ရရှိသူများ
- နေမဝင်အင်ပါယာနှင့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ တို့ ပါဝင်သည်။

## ဘွဲ့နှင်းသဘင်ခန်းမနှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိသူများ

**မေး**။ ။ ဆရာကြီးခင်ဗျား၊

၁၉၂၀–ပြည့်နှစ်၊ ဒီဇင်ဘာလ ၁–ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာ၍ ယင်းတက္ကသိုလ်မှ ဘွဲ့ရသူများအား မည်သည့်ခုနှစ်၊ မည်သည့်နေရာတွင် မည်သူက ဘွဲ့လက်မှတ်ပေးအပ်ခဲ့ပါသနည်း။ ၂၀၁၂–ခုနှစ်အထိ နှစ်ပေါင်း ၉၁–နှစ်အတွင်း ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိသူများနှင့် ယခု ဘွဲ့နှင်းသဘင်အဆောက်အအုံ ပေါ်ပေါက်လာပုံကို သိလိုပါ၍ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါသည်။

ဦးစိန်ဝင်း(မောင်နေလ)၊ ဥက္ကဋ္ဌ
တာမွေစာရေးဆရာအသင်း၊ ရန်ကုန်။

**ဖြေ**။ ။ ၁၉၂၀–ပြည့်နှစ်၊ ဒီဇင်ဘာလ ၁–ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်မှ အောင်မြင်ခဲ့သော ဘွဲ့ရသူများကို ၁၉၂၁–ခုနှစ်၊ နိုဝင်ဘာလ ၂၈–ရက်တွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဘလီဟော၌ ဘွဲ့နှင်းသဘင်ကျင်းပ၍ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအဓိပတိဖြစ်သူ ဆာရယ်ဂျီနယ် ဟာင်နရီးခရက်ဒေါက်က ဘွဲ့ထူးများချီးမြှင့်ခဲ့သည်။ ပထမဆုံးသော ဘွဲ့နှင်းသဘင်အတွက် ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ၁–ဦး၊ ဝိဇ္ဇာရိုးရိုးဘွဲ့ ၂၃–ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၉–ဦး၊ သိပ္ပံရိုးရိုးဘွဲ့ ၆–ဦး၊ သိပ္ပံဂုဏ်ထူးဘွဲ့ ၁–ဦး၊ ဥပဒေဝိဇ္ဇာဘွဲ့ ၁၄–ဦးနှင့် ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ ၂–ဦးတို့ တက်ရောက်ဘွဲ့ယူခဲ့ကြသည်။

၁၉၂၁–ခုနှစ်မှ ၂၀၁၂–ခုနှစ်အထိ ၉၁–နှစ်အတွင်း ရန်ကုန်တက္ကသိုလ်မှ Doctor of Letters (Honoris causa) ဘွဲ့ ရရှိသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) **လယ်တီဆရာတော်**၊ အဂ္ဂမဟာပဏ္ဍိတ မဟာထေရ်၊ သာသနာပိုင်ဆရာတော်၊ ၁၉၂၁၊ (၂) **ဦးဝိသုဒ္ဓ**၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ၁၉၃၂၊ (၃) **ဦးလင်း**၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ၁၉၅၃၊ (၄) **ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ**၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ၂၀၀၀၊ (၅) **ဦးသုခ**၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ၊ ၂၀၀၀၊ (၆) **ဦးခင်အေး**၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၂၊ (၇) **ဦးကျော်ဝင်း**၊ ပါမောက္ခ (ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၂၊ (၈) **ဒေါ်ကြည်ကြည်အောင်**၊ ပါမောက္ခ၊ ဌာနမှူး၊




www.burmeseclassic.com

www.burmeseclassic.com


သချာဋ္ဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၂၊ (၉) **ဒေါ်တင်တင်ထွန်း**၊ ပါမောက္ခ၊ ဌာနမှူး၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၂၊ (၁၀) **ဘဒ္ဒန္တဉာဏဓိသာရ**၊ သီတဂူဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ ၂၀၀၃၊ (၁၁) **ဘဒ္ဒန္တကုမာရာဘိဝံသ**၊ ဒုတိယပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ၂၀၀၃၊ (၁၂) **ဒေါ်သန်းနွဲ့**၊ ပါမောက္ခ၊ ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၃၊ (၁၃) **ဒေါ်တင်နွယ်**၊ ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၃၊ (၁၄) **ဒေါ်ခင်အေးဝင်း**၊ ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၄၊ (၁၅) **ဒေါ်ခင်သိန်း**၊ ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၂၀၀၅၊ (၁၆) **ဦးစံလွင်**၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာအဖွဲ့၊ ၂၀၁၂။

၁၉၂၁–ခုနှစ်တွင် ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ရရှိသူမှာ အစိုးရရှေးဟောင်းပစ္စည်းဌာနမှူး မစ္စတာ



လယ်တီဆရာတော်ကြီး ဘဒ္ဒန္တဉာဏဓဇ (၁၈၄၆–၁၉၂၃)

စီဒူရွိုင်စ်ဖြစ်သည်။ ၁၉၂၁–မှ ၁၉၃၀–ပြည့်နှစ်အထိ ဘွဲ့နှင်းသဘင်ခန်းမကို ဂျူဗလီဟောတွင် ၁၀–ကြိမ် ကျင်းပခဲ့သည်။ ထို့နောက် ၁၉၃၁–ခုနှစ်၊ ၁၁–ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ယခုတည်ရှိနေသော ဘွဲ့နှင်းသဘင်ခန်းမ၌ ပထမဦးဆုံးအကြိမ် စတင်ကျင်းပခဲ့သည်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com

ယခုတည်ရှိနေသော ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အအုံကို ၁၉၂၂–ခုနှစ်၊ ဒီဇင်ဘာလ ၂–ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံ တက္ကသိုလ်အဓိပတိ ဆာရယ်ဂျီနယ်ဟင်နရီခရက်ဒေါက်က အုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။ ၁၉၃၁–ခုနှစ်တွင် ပြီးစီး၍ ထိုနှစ်တွင် ၁၁–ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ယင်းခန်းမ၌ ပထမဆုံး ကျင်းပနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၄–၄၅)က ရန်ကုန်ဘွဲ့နှင်းသဘင်နှင့် စာကြည့်တိုက် အဆောက်အအုံတို့ တစ်စိတ်တစ်ဒေသ ပျက်စီးသွားခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်မှ ပြန်လည်မွမ်းမံ ပြင်ဆင်ခဲ့ကြောင်း တင်ပြလိုက်ပါသည်။

* * *

## နေမဝင်အင်ပါယာနှင့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ

**မေး**။ ။ ဆရာကြီးရှင့်၊

နေမဝင်အင်ပါယာအခေါ်အဝေါ်နှင့် ဓနသဟာယအဖွဲ့ဝင်နိုင်ငံများကို သိလိုပါ၍ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါသည်။

ဒေါ်ခင်မမ (ကထိက)
သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်။

**ဖြေ**။ ။ ဗြိတိသျှအင်ပါယာသည် အင်္ဂလန်ပြည့်ရှင် ပထမအယ်လစ်ဇဘက်ဘုရင်မလက်ထက် ၁၆–ရာစုနှစ်မှ စတင်ခဲ့သည်။ ထိုစဉ်က မြောက်အမေရိကတိုက်နှင့် အနောက်အိန္ဒိယကျွန်းစုတို့တွင် လူနေစခန်းများဖြင့် အစပြုခဲ့သည်။ ၁၇–ရာစုနှင့် ၁၈–ရာစုနှစ်များအတွင်း ဗြိတိသျှတို့သည် ကျယ်ပြန့်လှသော ပင်လယ်ရပ်ခြားအင်ပါယာကြီးကို တည်ထောင်ခဲ့ကြသည်။ ကမ္ဘာ့အကျယ်အဝန်း ၄–ပုံ ၁–ပုံနှင့် ကမ္ဘာ့လူဦးရေ ၄–ပုံ ၁–ပုံတို့သည် ဗြိတိသျှအာဏာစက်ရိပ်အောက်သို့ ရောက်ခဲ့သည်။ ဗြိတိသျှအင်ပါယာကြီးသည် ကြီးမားကျယ်ပြန့်လှသဖြင့် နေရိပ်ကျသည့် နေရာဒေသအားလုံးသည် ဗြိတိသျှပိုင်များဖြစ်သောကြောင့် "နေမဝင်သော အင်ပါယာ"ဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဓနသဟာယအဖွဲ့ဆိုသည်မှာ ဗြိတိသျှပိုင် ကိုလိုနီနိုင်ငံများကို ဗြိတိသျှတို့က လွတ်လပ်ရေးပေးကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပါပေးပြီး ဗြိတိန်၏ စီးပွားရေးနှင့် နိုင်ငံရေး၊ ကာကွယ်ရေး စသည့် အဝန်းအဝိုင်းထဲက မထွက်ဘဲ ဆက်သွယ်လုပ်ကိုင်လိုသော နိုင်ငံများဖြင့် စုပေါင်းဖွဲ့စည်းထားသော အဖွဲ့ကြီးဖြစ်သည်။ ဗြိတိသျှအစိုးရသည် မိမိလက်အောက်ခံ နိုင်ငံများထဲမှ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ထိုက်တန်သမျှတို့ကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးခဲ့သည်။ ဗြိတိသျှကိုလိုနီများအနက် ကနေဒါနိုင်ငံကို ၁၈၆၇–ခုနှစ်တွင် ပထမဆုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ခွင့်ပြုရာမှ ဓနသဟာယအဖွဲ့ စတင်ခဲ့သည်။ ၂၀–ရာစုအစပိုင်းတွင် ဩစတြေးလျ၊ နယူးဇီလန်နှင့် တောင်အာဖရိကပြည်ထောင်စုတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီး ဓနသဟာယအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာသည်။

၁၉၄၇–ခုနှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန်၊ ၁၉၄၈–ခုနှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)နိုင်ငံတို့သည် လွတ်လပ်ရေးရရှိပြီး ဓနသဟာယအဖွဲ့တွင် ပါဝင်လာသည်။ ထိပ်သီးညီလာခံများကို ၁၉၄၄–ခုနှစ်မှစတင်ပြီး ၂–နှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံရှိ မြို့ကြီးများတွင် ကျင်းပလာခဲ့သည်။ ၂၀၁၃–ခုနှစ်၊ နိုဝင်ဘာ ၁၅၊ ၁၇–ရက်များတွင် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် ကျင်းပခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲကို ဓနသဟာယနိုင်ငံများဦးသျှောင် ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မကြီးကိုယ်စား အိမ်ရှေ့စံမင်းသားကြီး ချားလ်က တရားဝင်တက်ရောက်ဖွင့်လှစ်ခဲ့သည်။

၂၀၁၃–ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၃–နိုင်ငံရှိသည်။ ၎င်းတို့မှာ အာဖရိကတိုက်မှ ဘိုးစဝါနား၊ ကင်မရွန်း၊ ဂါနာ၊ ကင်ညာ၊ လီဆိုသို၊ မာလာဝီ၊ မေရီ ☞



www.burmeseclassic.com

www.burmeseclassic.com



# သူ့အကျိုး ကိုယ့်အကျိုး

ဘဦး (ရွှေတောင်)

၁၉၆၃/၆၄–ခုနှစ်အချိန်က ဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် အစ်ကို၊ အစ်မများပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေးဗဟိုရုံ နံပါတ်–၂ တွင် မာစရိုက်ချည်ဖြင့် ရက်လုပ်ထားသည့် ပြည်တွင်းဖြစ် အထည်များ ရောင်းချသောအလုပ်ကို လုပ်ကိုင်နေပါသည်။ အထည်များကို ရက်ကန်းရက်လုပ်သည့် လုပ်ငန်းရှင်များထံမှ တိုက်ရိုက်ဝယ်ယူ၍ ရောင်းချခြင်းဖြစ်ပါသည်။

တစ်ခါသော် ပြည်ခရိုင်၊ ပုတီးကုန်းမြို့မှ အထည်များဝယ်ယူပြီး မီးရထားဖြင့် ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ လက်ပံတန်းသို့ရောက်သောအခါ အသက် ၃၀–ခန့် အမျိုးသမီးတစ်ဦးသည် တစ်နှစ်သားအရွယ် ကလေးငယ်ကိုချီလျက် ကျွန်တော်၏ရှေ့ထိုင်ခုံတွင် လာထိုင်ပါသည်။ ကျွန်တော်သည် ထိုအမျိုးသမီးနှင့် အာလာပသလ္လာပစကားပြောပြီး လိုက်ပါလာခဲ့သည်။ ရထားသည် ရန်ကုန်ဘူတာကြီးသို့ ညနေ ၄း၃၀–နာရီခန့်တွင် ဆိုက်ရောက်ခဲ့ပါသည်။ ကျွန်တော်သည် အိမ်သို့ရောက်ချင်ဇောဖြင့် လက်ဆွဲအိတ်ကိုဆွဲပြီး မီးရထားပေါ်မှ အမြန်ဆင်းလိုက်သည်။ ထိုအချိန်တွင် ကျွန်တော်၏ရှေ့ခုံမှ အမျိုးသမီးက "မောင်လေးရေ၊ မမကို ☞

---

☞ ရုပ်၊ မိုဇမ်ဘစ်၊ နမီဘီးယား၊ နိုက်ဂျီးရီးယား၊ ကွန်ဒါ၊ ဆီးချီလီ၊ ဆာရာလီယွန်၊ တောင်အာဖရိက၊ ဆွာဇီလန်၊ ယူဂန်ဒါ၊ တန်ဇန်းနီးယား၊ ဇမ်ဘီယာ ၁၈–နိုင်ငံ။

အာရှတိုက်မှ ဘင်္ဂလားဒေ့ရှ်၊ ဘရူးနိုင်းဒါရုဆလန်၊ အိန္ဒိယ၊ မလေးရှား၊ မာလဒိုဗ်၊ ပါကစ္စတန်၊ စင်ကာပူ၊ သီရိလင်္ကာ ၈–နိုင်ငံ။

ကာရီဘီယံနှင့် အမေရိကတိုက်မှ အန်တီဂွါနှင့် ဘာဘူဒါ၊ ဘဟားမား၊ ဘာဘာဒိုး၊ ဘီလီဇီ၊ ကနေဒါ၊ ဒိုမီနိကာ၊ ဂရာနာဒါ၊ ဂူယာနာ၊ ဂျမေကာ၊ စိန့်ကိတ်နှင့် နီဗီးစ်၊ စိန့်လူစီယာ၊ စိန့်ဗင်ဆင်နှင့် ဂရီနာဒိန်၊ တရီနီဒက်နှင့် တိုဘာဂို ၁၃–နိုင်ငံ။

ဥရောပတိုက်မှ ဆိုက်ပရပ်၊ မော်လတာ၊ ယူနိုက်တက်ကင်းဒမ်း ၃–နိုင်ငံ။

ပစိဖိတ်ဒေသမှ ဩစတြေးလျ၊ ဖီဂျီ၊ ကိရိဘာတီ၊ နောရူ၊ နယူးဇီလန်၊ ပါပူးဝါးနယူးဂီနီ၊ ဆာမိုးဝါး၊ ဆော်လမွန်ကျွန်းစု၊ တွန်ဂါ၊ တူဗာလူ၊ ဗာနွာတု ၁၁–နိုင်ငံတို့ဖြစ်ကြသည်။

သမိုင်းပါမောက္ခ ဦးမြင့်စော (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

ကူညီပါဦးကွယ်။ မမ မီးရထားလက်မှတ် ပျောက်သွားလို့ပါ" ဟု ပြောပြီး ကလေးလေးအားချီ၍ မီးရထားပေါ်မှ ဆင်းလာပါသည်။ မီးရထားလက်မှတ်စစ်လာစဉ်က ထိုအမျိုးသမီး မီးရထားလက်မှတ်ကို ကျွန်တော့်ရှေ့မှာပင်ထုတ်ပြပြီး ပိုက်ဆံအိတ်ထဲသို့ ပြန်ထည့်လိုက်သည်ကို ကျွန်တော် မြင်ခဲ့ရသည်။ ထို့ကြောင့် ကျွန်တော်၏စိတ်ထဲတွင် သံသယစိတ်ဝင်နေပြီး ကူညီရကောင်းနိုးနှင့် စိတ်ထဲတစ်မျိုးဖြစ်နေပါသည်။ ထိုအချိန်တွင် ကလေးလေးက ကျွန်တော့်ထံသို့လိုက်ချင်၍ လက်ကမ်းနေပါသည်။

ကျွန်တော်သည် ထိုအမျိုးသမီးအား ကိုယ်ချင်းစာသနားမိသည့်အတွက် "အစ်မရေ၊ အစ်မကလေးလေးကို ကျွန်တော်ချီပြီး ပလက်ဖောင်းလက်မှတ် ဝယ်ပေးပါမယ်။ အစ်မက ပစ္စည်းတွေကို စောင့်နေပေးပါ" ဟုပြောပြီး မီးရထားကုန်းကျော်၍ ပလက်ဖောင်းလက်မှတ်ဝယ်ရန် ထွက်ခဲ့ပါသည်။ ပလက်ဖောင်းလက်မှတ် ၂-စောင်ဝယ်ပြီး မီးရထားရှိရာသို့ ပြန်ရောက်သောအခါ တခြားခရီးသည်များ မရှိတော့ပါ။ ၎င်းအစ်မတစ်ဦးတည်းသာ ပစ္စည်းများကို စောင့်လျက်ရှိသည်ကို တွေ့ရပါသည်။ ကျွန်တော်က ၎င်း၏ကလေးနှင့် ပလက်ဖောင်းလက်မှတ် ၁-စောင်ပေးပြီး ပြန်မည်ပြုရာ ထိုအမျိုးသမီးက "မောင်လေး၊ ဟိုမီးရထားစင်ပေါ်က အိပ်ရာလိပ်က မင်းဟာမဟုတ်လား။ အစ်မ မသယ်နိုင်လို့ ယူမထားရဘူး" ဟု ပြောလိုက်သည်။

ထိုအခါမှ ကျွန်တော်သည် အိမ်ကိုပြန်ချင်ဇောကြောင့် အထည်ထုပ်နှင့် အိပ်ရာလိပ်အား မေ့ကျန်နေကြောင်း သိလိုက်ရသည်။ မီးရထားပေါ်သို့ အိပ်ရာလိပ်တက်ယူပြီး ပြန်ဆင်းချိန်တွင် ထိုမီးရထားတွဲကို တခြားနေရာသို့ ချိတ်ဆွဲသွားပါတော့သည်။

ကျွန်တော်သည် ထိုအမျိုးသမီးကို မကူညီဘဲ ထွက်ခွာသွားခဲ့ပါက ကျွန်တော့်ပစ္စည်း ဆုံးရှုံးသွားရပေမည်။ ယခုမူ ထိုအမျိုးသမီးကို ကိုယ်ချင်းစာတရားဖြင့် ကူညီပေးလိုက်သည့်အတွက် ၎င်းခေတ်ကာလတန်ဖိုး ၃၀၀၀၀-ကျပ်ကျော် (ယခုကာလသိန်း ၆၀-ကျပ်ကျော်)တန်သော အထည်များကို ပြန်လည်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ သူတစ်ပါးအကျိုး သယ်ပိုးခဲ့၍ ကိုယ်အကျိုးပြန်ရသည်ဟု ယုံကြည်မိပါတော့သည်။

**ဘဦး (ရွှေတောင်)**

## မိမိကိုယ်ကို စစ်ဆေးပါ

လူသည် စဉ်းစားဆင်ခြင်သော သတ္တဝါဖြစ်ရာ စဉ်းစားဆင်ခြင်ခြင်းကို အမြဲပြုရမည်။ အနည်းဆုံး တစ်နေ့လျှင် ဆယ့်ငါးမိနစ်ခန့် ဆိတ်ငြိမ်ရာ၌ မိမိကိုယ်ကို စစ်ဆေးရမည်။ လူသည် အခြားသူများအကြောင်းကို ပိုမို၍ ဂရုစိုက်ကြ၏။ မိမိတို့ကိုယ်တိုင်၏အကြောင်းကိုကား ထိုမျှလောက် ဂရုစိုက်လေ့မရှိကြပေ။ သို့အတွက် သူတစ်ပါး၏သန္တာန်၌ရှိသော အပြစ်များကို ပို၍သိကြလျက် မိမိတို့ကိုယ်တိုင်၏ ချို့ယွင်းမှုများအကြောင်းကိုကား ထိုမျှလောက် မသိကြချေ။ သိမှပြုပြင်နိုင်၏။ မသိလျှင် မပြုပြင်နိုင်။ သိလျက် မသိဟန်ဆောင်၍ နေချေကလည်း အကျိုးရှိမည်မဟုတ်ပေ။

**ပီမိုးနင်း**

**(ရွှေတာရေးလက်စွဲစာအုပ်မှ)**

www.burmeseclassic.com

www.burmeseclassic.com



**Simple Essays**

လွယ်ရှင်းရွှေရေးသား

# စာစီစာကုံးများ

အုန်းဝမ်(ရန်ကုန်တက္ကသိုလ်)

## The Most Attractive Place of Myanmar

There are so many attractive places in Myanmar. They are the Mandalay Palace, U Pain Bridge, the Mingun Pagoda, the Mingun Bell, the Pindaya Cave, the Inle Lake, the Ngapali Beach, Bagan and so on. They all are very attractive for not only Myanmar people but also tourists. All tourists always pay a visit to most of the places mentioned above.

Bagan is the most attractive place of Myanmar among the places shown above. Bagan is well known for its ancient pagodas and archaeological sites. It is very attractive because we can see the ancient religious buildings and monuments. Bagan is located on the east bank of the Ayeyarwady River. It is about 6 kilometres south of Nyaung Oo. It has a hot and dry climate. Bagan was the capital of Myanmar Kings from 11th to 13th Centuries. Bagan is also famous for its architecture and wonderful arts and crafts. In Bagan, famous pagodas are Shwezigon Pagoda, Thatbyinnyu Bagoda, Arnanda Pagoda, Dhamma Yangyi Pagoda, Lawka Nandar Pagoda, Bu Pagoda, Mahar Bawdi Pagoda and so on. Shwe San Daw Pagoda and Mingalar Ceti are the good places to watch the sunset. The lacquerware of Bagan is still popular among foreigners. Another interesting place is the Bagan Archaeological Museum. Pagoda festivals are held throughout the year because there are many pagodas in Bagan. The reasons why Bagan is the most attractive place of Myanmar are that it has so many ancient pagodas built in 11th Century, it is the archaeological zone in Myanmar, it has wonderful architecture, etc.

In conclusion, Bagan has become a tourist attraction because it is the archaeological zone and attractive beauty of ancient culture of Bagan dynasty. Both natives and tourists want to pay a visit to Bagan more than once because Bagan is the most attractive place of Myanmar according to the facts that mentioned above.

## မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုအရှိဆုံးနေရာ

မြန်မာနိုင်ငံတွင် ဆွဲဆောင်မှုရှိသောနေရာ အများအပြားရှိပါသည်။ ယင်းတို့မှာ မန္တလေးနန်းတော်၊ ဦးပိန်တံတား၊ မင်းကွန်းပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်းကြီး၊ ပင်းတယလိုဏ်ဂူ၊ အင်းလေးကန်၊



www.burmeseclassic.com

www.burmeseclassic.com

ပေလီကမ်းခြေ၊ ပုဂံမြို့နှင့် အခြားနေရာများစွာတို့ ဖြစ်ပါသည်။ ယင်းတို့အားလုံးသည် မြန်မာလူမျိုးများကိုသာမက ကမ္ဘာလှည့်ခရီးသည်များကိုလည်း အလွန်ဆွဲဆောင်ပါသည်။ ကမ္ဘာလှည့်ခရီးသည်အားလုံး အထက်တွင်ဖော်ပြခဲ့သောနေရာအများစုကို သွားရောက်လည်ပတ်လေ့ရှိပါသည်။

အထက်တွင်ဖော်ပြခဲ့သော နေရာများအနက် ပုဂံသည် ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခု ဖြစ်ပါသည်။ ပုဂံသည် ယင်း၏ ရှေးဟောင်းစေတီပုထိုးများရှိခြင်းနှင့် ရှေးဟောင်းသုတေသနဆိုင်ရာဒေသဖြစ်ခြင်းတို့ကြောင့် ကျော်ကြားပါသည်။ ရှေးကျသော ဘာသာရေးအဆောက်အဦများနှင့် အထိမ်းအမှတ်များကို ကျွန်တော်တို့ မြင်တွေ့နိုင်သောကြောင့် ပုဂံသည် အလွန်ဆွဲဆောင်မှုရှိပါသည်။ ပုဂံသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ညောင်ဦးမြို့၏ တောင်ဘက် ၆–ကီလိုမီတာအကွာခန့်တွင် တည်ရှိပါသည်။ ယင်းတွင် ပူအိုက်ခြောက်သွေ့သော ရာသီဥတုရှိပါသည်။ ပုဂံသည် ၁၁–ရာစုမှ ၁၃–ရာစုအတွင်း မြန်မာဘုရင်တို့၏ မြို့တော်ဖြစ်ခဲ့ပါသည်။ ပုဂံသည် ယင်း၏ ဗိသုကာနှင့် အံ့ဩဖွယ် အနုပညာ၊ လက်မှုပညာများကြောင့် လူသိများထင်ရှားပါသည်။ ပုဂံတွင် ထင်ရှားသော စေတီပုထိုးများမှာ ရွှေစည်းခုံဘုရား၊ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရား၊ ဓမ္မရံကြီးဘုရား၊ လောကနန္ဒာဘုရား၊ ဗူးဘုရား၊ မဟာဗောဓိဘုရား စသည်တို့ဖြစ်ကြပါသည်။ ရွှေဆံတော်ဘုရားနှင့် မင်္ဂလာစေတီတို့သည် နေဝင်ချိန်စောင့်ကြည့်ရန် နေရာကောင်းများ ဖြစ်ကြပါသည်။ ပုဂံ၏ယွန်းထည်သည် နိုင်ငံခြားသားများအကြား ယခုတိုင်အောင် ရေပန်းစားလျက်ရှိပါသည်။ နောက်ထပ်စိတ်ဝင်စားစရာကောင်းသော နေရာတစ်ခုမှာ ပုဂံရှေးဟောင်းသုတေသနပြတိုက် ဖြစ်ပါသည်။ ပုဂံတွင် ဘုရားစေတီပေါင်းများစွာရှိသောကြောင့် ဘုရားပွဲတော်များ တစ်နှစ်ပတ်လုံး ကျင်းပပါသည်။ ပုဂံသည် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုအရှိဆုံးနေရာ ဖြစ်ရသော အကြောင်းပြချက်များမှာ ယင်းတွင် ၁၁–ရာစု၌ တည်ဆောက်ခဲ့သော ရှေးဟောင်းစေတီပုထိုးများစွာရှိခြင်း၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းသုတေသနဇုန်ဖြစ်ခြင်း၊ ယင်းတွင် အံ့ဩဖွယ် ဗိသုကာများရှိခြင်း အစရှိသည်တို့ကြောင့် ဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရသော် ပုဂံသည် ရှေးဟောင်းသုတေသနဇုန်နှင့် ပုဂံမင်းဆက် ရှေးဟောင်းယဉ်ကျေးမှု၏ ဆွဲဆောင်သောအလှတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်တို့၏ ဆွဲဆောင်ရာ ဖြစ်လာပါသည်။ အထက်တွင်ဖော်ပြခဲ့သော အချက်အလက်များအရ ပုဂံသည် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခု ဖြစ်သောကြောင့် ဌာနေမြန်မာလူမျိုးများနှင့် ကမ္ဘာလှည့်ခရီးသည်များသည် ပုဂံသို့ တစ်ကြိမ်ထက်မက သွားရောက်လည်ပတ်လိုကြပါသည်။

**အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)**

**Glossary** (ခက်ဆစ်အဖြေ)

| | | |
|---|---|---|
| attractive | (adj) | – ဆွဲဆောင်မှုရှိသော |
| mentioned | (adj) | – ဖော်ပြထားသော |
| ancient | (adj) | – ရှေးဟောင်းကျသော |
| archaeological | (adj) | – ရှေးဟောင်းသုတေသနဆိုင်ရာ |
| site | (n) | – နေရာ |
| monuments | (n) | – အထိမ်းအမှတ်များ |
| architecture | (n) | – ဗိသုကာ |
| wonderful | (adj) | – အံ့ဩဖွယ်ကောင်းသော |
| arts and crafts | (n) | – အနုပညာ၊ လက်မှုပညာ |
| lacquerware | (n) | – ယွန်းထည် |
| reasons | (n) | – အကြောင်းပြချက်များ |
| sunset | (n) | – နေဝင်ချိန် |



www.burmeseclassic.com

www.burmeseclassic.com



# Simple Letters

# လွယ်ရှင်းရေးသားပေးစာများ

အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)

You are Pwint Haymar and your address is No.42, Pagoda Street, Myoma Ward, Mawlamyaing. Write a letter to your aunty who lives in Yangon, telling her to reward you if you pass the examination with distinctions.

No.42, Pagoda street,
Myoma Ward,
Mawlamyaing.
Date : ......................

Dear Aunty Aye,

I haven't written a letter to you for a long time. How are you, Aunty Aye? I hope you are in good health. All of us here are well and happy. Please forgive me for not writing to you for a long time because I have been busy with my studies for a few months.

I actually have studied this year for my best as you told me to try very hard to get the distinctions. I am always busy with my tuition classes on weekends and school on weekdays. I hope that you would be happy if I passed the exam with distinctions. I study at least 5 hours a day according to my study timetable. My parents also hope that I will pass the exam with distinctions. So, I have to try hard to pass the examination with distinctions to fulfill their wish. I pay attention to my teachers' explanations not only at school but also at tuitions. I revise my lessons again and again. Therefore, I am sure I can get distinctions. So, I would like to request you to reward me.

Aunty Aye, I think that my letter is a little longer. So, please let me stop my letter here. Please reply to me when you have time. I am looking forward to your reply.

Your loving niece,
Pwint Haymar

သင်သည် ပွင့်ဟေမာဖြစ်ပြီး သင့်လိပ်စာမှာ အမှတ်–၄၂၊ ဘုရားလမ်း၊ မြို့မရပ်ကွက်၊ မော်လမြိုင်မြို့ ဖြစ်ပါသည်။ ရန်ကုန်မြို့တွင်နေသော သင့်အန်တီဖြစ်သူထံ အကယ်၍ သင်ဂုဏ်ထူးများဖြင့် စာမေးပွဲအောင်မြင်ပါက ဆုချီးမြှင့်ရန်ပြောသော စာတစ်စောင် ရေးသားပါ။



www.burmeseclassic.com

www.burmeseclassic.com

အမှတ်–၄၂၊ ဘုရားလမ်း၊
မြို့မရပ်ကွက်၊
မော်လမြိုင်မြို့။
နေ့စွဲ ။ ——————————

ခင်မင်ရပါသောအန်တီအေးရှင့်၊

ကျွန်မ အန်တီဆီကို စာမရေးဖြစ်တာ အတော်ကြာပြီ။ နေကောင်းရဲ့လား အန်တီအေး။ အန်တီနေကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီမှာရှိတဲ့သူတွေအားလုံး ကျန်းမာပျော်ရွှင်လျက်ပါ။ လအနည်းငယ်ကြာ ကျွန်မရဲ့သင်ခန်းစာတွေနဲ့ အလုပ်ရှုပ်နေတာကြောင့် အန်တီဆီကို အချိန်အတန်ကြာ စာမရေးဖြစ်တာကို ခွင့်လွှတ်ပေးပါ။

စာမေးပွဲမှာ ဂုဏ်ထူးရဖို့ ကြိုးစားရမယ်လို့ အန်တီပြောခဲ့တာကြောင့် ကျွန်မ ဒီနှစ် အကောင်းဆုံးဖြစ်အောင် အမှန်တကယ် ကြိုးစားကျက်မှတ်ခဲ့ပါတယ်။ စနေ၊ တနင်္ဂနွေမှာ ကျူရှင်အတန်းတွေတက်၊ ကြားရက်မှာ ကျောင်းတက်နဲ့ ကျွန်မ အလုပ်အမြဲများနေပါတယ်။ တကယ်လို့ စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့ ကျွန်မအောင်ခဲ့ရင် အန်တီပျော်ရွှင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မရဲ့ စာကြည့်အချိန်ဇယားအရ ကျွန်မ တစ်နေ့ကို အနည်းဆုံး ၅–နာရီစာကြည့်ပါတယ်။ ကျွန်မ စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့ အောင်မြင်လိမ့်မယ်လို့ မိဘတွေကလည်း မျှော်လင့်ကြပါတယ်။ ဒါကြောင့် မိဘတွေရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ စာမေးပွဲမှာ ဂုဏ်ထူးတွေနဲ့ အောင်မြင်အောင် အစွမ်းကုန် ကြိုးစားနေရပါတယ်။ ကျောင်းမှာသာမက ကျူရှင်မှာလည်းပဲ ဆရာမတွေရဲ့ ရှင်းပြချက်တွေကို သေချာဂရုစိုက်နားထောင်ပါတယ်။ သင်ခန်းစာတွေကိုလည်း ထပ်ခါတလဲလဲ ပြန်လှန်လေ့ကျင့်ကျက်မှတ်ပါတယ်။ ဒါကြောင့် ကျွန်မ ဂုဏ်ထူးတွေရမယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် အန်တီ ကျွန်မကို ဆုချီးမြှင့်ဖို့ တောင်းဆိုတာဖြစ်ပါတယ်။

အန်တီအေးရေ၊ စာလည်း ရှည်သွားပြီထင်တယ်။ ဒါကြောင့် စာကို ဒီမှာပဲ ရပ်ခွင့်ပြုပါ။ အန်တီအချိန်ရတဲ့အခါ ကျွန်မဆီကို စာပြန်ပါ။ အန်တီရဲ့ပြန်စာကို မျှော်လင့်နေပါမယ်။

အန်တီရဲ့ ချစ်တူမ
ပွင့်ဟေမာ

အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)

> **အစွမ်းထက်သော လျှာ**
>
> The tongue is but three inches long, yet it can kill a man six feet high.
>
> **Japanese Proverb**
>
> **လျှာသည် သုံးလက်မခန့်သာ ရှည်သည်။ သို့ဖြစ်ငြားလည်း ယင်းသည် ခြောက်ပေအမြင့်ရှိသောလူတစ်ယောက်ကို သတ်နိုင်စွမ်းရှိသည်။**
>
> **ဂျပန်စကားပုံ**



www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂလိပ်စကားပြော
# Conversational English

အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)

**What's the difference?**

**ကွဲပြားခြားနားမှုအကြောင်း မေးမြန်းခြင်း**

**Buying a watch - နာရီတစ်လုံး ဝယ်ယူခြင်း**

**Salesperson** : Can I hlep you?

**အရောင်းဝန်ထမ်း** – ကျွန်တော် ဘာများကူညီနိုင်ပါသလဲ။

**Tun Tun** : Yes, I want to buy a watch.

**ထွန်းထွန်း** – ဟုတ်ကဲ့၊ ကျွန်တော် နာရီတစ်လုံး ဝယ်ချင်လို့ပါ။

**Salesperson** : Yes. Do you like any of these?

**အရောင်းဝန်ထမ်း** – ဟုတ်ပါပြီ။ ဒီဟာတွေထဲက ဘာကို ကြိုက်ပါသလဲ။

**Tun Tun** : That one's very nice. How much is it?

**ထွန်းထွန်း** – ဒီနာရီလေးက တော်တော်ကောင်းတာပဲ။ အဲဒါ ဘယ်လောက်လဲ။

**Salesperson** : It's ks.50,000.

**အရောင်းဝန်ထမ်း** – အဲဒါ ငါးသောင်းကျပ်ပါ။

**Tun Tun** : That's more than I wanted to spend. Have you got any cheaper ones?

**ထွန်းထွန်း** – ကျွန်တော်ဝယ်နိုင်တဲ့ဈေးထက် နည်းနည်းပိုများနေတယ်။ ဒီထက် ဈေးပိုသက်သာတာ မရှိဘူးလား။

**Salesperson** : These ones are cheaper. They're under ks. 30,000.

**အရောင်းဝန်ထမ်း** – ဒါတွေကတော့ ပိုပြီး ဈေးသက်သာတာတွေပါ။ သူတို့က သုံးသောင်းကျပ်အောက်မှာပါ။

**Buying Shoes - ရှူးဖိနပ်ဝယ်ယူခြင်း**

**Ju Ju** : Can I try on these shoes, please?

**ဂျူးဂျူး** – ကျေးဇူးပြုပြီး ဒီရှူးဖိနပ်ကို စမ်းစီးကြည့်လို့ ရနိုင်ပါသလား။

**Saleswoman** : Certainly.

**အရောင်းအမျိုးသမီး** – ရပါတယ်။

**Ju Ju** : Mmm.... they're too big.

**ဂျူးဂျူး** – အင်း... သူတို့က အရမ်းကြီးလွန်းနေတယ်။

**Saleswoman** : Those are size ten. Let me get you a smaller pair. Here you are.

**အရောင်းအမျိုးသမီး** – ဒါတွေက နံပါတ် ၁၀–ဆိုဒ်ပါ။ ဒီထက်ပိုသေးတာကို ပြပါမယ်။ ရော့ ဒီမှာပါရှင်။



www.burmeseclassic.com

www.burmeseclassic.com

**Ju Ju** : Thank you. Oh, these are better. They're just the right size.

**ဂျူးဂျူး** – ကျေးဇူးတင်ပါတယ်။ အိုး... ဒါတွေက ပိုကောင်းတယ်။ ဒါတွေက ဆိုဒ်ကွက်တိပဲ။

**Buying a suitcase - အဝတ်အစားသေတ္တာ ဝယ်ယူခြင်း**

**Ko Gyi** : I want to buy a suitcase, please.

**ကိုကြီး** – အဝတ်အစားသေတ္တာ ဝယ်ချင်လို့ပါ။

**Salesperson** : The suitcases are over here. These ones are very well made. They're very strong. How about one like this?

**အရောင်းဝန်ထမ်း** – အဝတ်အစားသေတ္တာတွေက ဒီမှာပါ။ ဒါတွေက အကောင်းစားတွေပါ။ အလွန်ခိုင်ခံ့ပါတယ်။ ဒါလေးဆိုရင်ရော ဘယ်လိုပါလဲ။

**Ko Gyi** : It's nice but it's too small. I need a bigger one.

**ကိုကြီး** – ကောင်းပါတယ်။ ဒါပေမဲ့ သေးလွန်းတယ်။ ကျွန်တော်က ဒီထက် ပိုကြီးတာကို လိုပါတယ်။

**Salesperson** : Well, how about these ones? These are the biggest ones we've got.

**အရောင်းဝန်ထမ်း** – ကောင်းပါပြီ။ ဒါတွေဆိုရင်ရော ဘယ်လိုပါလဲ။ ဒါတွေကတော့ ဆိုင်မှာရှိသမျှ အကြီးဆုံးတွေပါပဲ။

**Ko Gyi** : Yes, that's about the right size. How much is this one?

**ကိုကြီး** – ဟုတ်ကဲ့။ ဒါကတော့ အနေတော်ပါပဲ။ ဒါက ဘယ်လောက်ပါလဲ။

**Salesperson** : It's ks. 50,000.

**အရောင်းဝန်ထမ်း** – ဒါက ငါးသောင်းကျပ်ပါ။

**Comparing Objects - အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း**

1. This (one) is too big/small/heavy/expensive. Have you got smaller/bigger/lighter/less expensive one?
   – ဒီဟာက အရမ်းကြီးလွန်း/ငယ်လွန်း/လေးလွန်း/ဈေးကြီးလွန်းတယ်။ ဒီထက်သေးတာ/ကြီးတာ/ပေါ့တာ/ဈေးသက်သာတာ ရှိပါသလား။
2. These (ones) are not big/small/strong enough. Have you got any bigger/smaller/stronger ones?
   – ဒီဟာတွေက မကြီး/မသေး/မခိုင်ခံ့ဘူး။ ဒါတွေထက် ပိုကြီး/ပိုသေး/ပိုခိုင်ခံ့တာ ရှိပါသလား။

ကျမ်းကိုး ။ **BREAKTHROUGH**
**by J.C.Richards M.N.Long**

**အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



# ပညာရှိညီအစ်ကို ၃-ဦး

ဒေါက်တာခင်ရီဝင်း

လွန်လေပြီးသောအခါက ရွာတစ်ရွာတွင် သူဆင်းရဲတစ်ဦး ရှိသည်။ သူ့တွင် သားသုံးယောက်ရှိသည်။ သူဆင်းရဲသည် ဆင်းရဲနွမ်းပါးသော်လည်း ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသည်။ ထို့ကြောင့် သူ၏သားများအား "သားတို့၊ အဖေတို့မှာ သူတကာလို ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်း ဘာတစ်ခုမှ မရှိဘူး။ ဒါကြောင့် သားတို့အနေနဲ့ အတတ်ပညာကိုသာ ထူးချွန်အောင် လေ့လာသင်ယူပါ။ လောကမှာ မသိတာမရှိရအောင် အထူးဝီရိယစိုက်ပြီး ကြိုးစားပါ။ သူတကာလို ပစ္စည်းဥစ္စာ မချမ်းသာပေမယ့် ထက်သန်ထူးချွန်တဲ့စိတ် ရှိပါစေ။ သူတကာလို ရွှေ၊ ငွေ မရှိပေမယ့် ဖြတ်ထိုးဉာဏ် ရှိပါစေ။ ဒီအချက်တွေနဲ့သာ ပြည့်စုံရင် သားတို့ဟာ လောကမှာ သူတကာအောက် ဘယ်တော့မှ မနိမ့်ကျဘူး။ ဒုက္ခလည်း ရောက်မှာမဟုတ်ဘူး" ဟု မကြာခဏ မှာကြားသွန်သင်သည်။ သားတို့လည်း ဖခင်၏စကားကို တစ်သဝေမတိမ်း လိုက်နာကာ ကြိုးစားကြသည်။

ကာလအတန်ကြာသော် ဖခင် ကွယ်လွန်သွားသည်။ သားတို့လည်း စုဝေးတိုင်ပင်ကြပြီးလျှင် "ဖခင် ကွယ်လွန်ပြီးတဲ့နောက် ငါတို့အတွက် ဘာအမွေပစ္စည်းမှ မကျန်ခဲ့ဘူး။ ဒါကြောင့် ငါတို့ဟာ ရေကြည်ရာ မြက်နုရာကို သွားလာရှာဖွေပြီး ကြီးပွားအောင် ကြဆောင်ကြရမယ်။ ငွေကြေးလိုအပ်လာရင်လည်း သိုးကျောင်း၊ လယ်ထွန် စတဲ့ ရရာအလုပ်တွေကို လုပ်သွားကြမယ်ဆိုရင် ဘယ်တော့မှ ထမင်းမငတ်နိုင်ပါဘူး" ဟု ပြောဆိုသည်။ ထို့နောက် ညီအစ်ကိုတစ်စုသည် ခရီးစတင်ထွက်ခဲ့ကြသည်။

ရက်ပေါင်းလေးဆယ်ခန့် ကြာသောအခါ သူတို့သည် သစ်ပင်များ၊ မျှော်စင်များ၊ လူနေအိမ်ခြေများဖြင့် စည်ကားသော မြို့ကြီးတစ်မြို့ကို ခပ်လှမ်းလှမ်းတွင် မြင်ကြရသည်။ ယခုအချိန်တွင် သူတို့သည် ပါသမျှရိက္ခာများအားလုံးကုန်ကာ ခြေကုန်လက်ပန်းကျနေကြသဖြင့် အလွန်ပင် ဝမ်းသာသွားကြပြီး ထိုနေရာသို့ ခပ်သွက်သွက် လှမ်းသွားကြသည်။

မြို့အနီးသို့ရောက်သော် အစ်ကိုအကြီးဆုံးသည် ရုတ်တရက် ရပ်တန့်လိုက်ကာ မြေပြင်သို့ သေချာစွာ ကြည့်လျှက် "ဒီနေရာမှာ လွန်ခဲ့တဲ့ အချိန်အနည်းငယ်လောက်တုန်းက ကုလားအုတ်ကြီးတစ်ကောင် ဖြတ်သွားခဲ့တယ်" ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် ဆက်လက်လျှောက်ခဲ့ကြပြီး အတန်ကြာသော် ညီအလတ်သည် ရုတ်တရက်ရပ်တန့်ပြန်ကာ "အဲဒီကုလားအုတ်ပေါ်မှာ မိန်းမတစ်ယောက်နဲ့ ကလေးငယ်တစ်ယောက် ပါသွားတယ်" ဟု ပြောလိုက်သည်။ ကျန်ညီအစ်ကိုနှစ်ဦးလည်း မှန်ကန်ကြောင်း ထောက်ခံကြသည်။ ထို့နောက် သူတို့သုံးဦးသား ခရီးဆက်ခဲ့ကြသည်။

အတန်ကြာသော် ဟိုဟိုသည်သည်ကြည့်ကာ မြင်းစီးလာသော ယောကျ်ားတစ်ဦးကို သူတို့တွေ့ကြရသည်။ အစ်ကိုကြီးက ထိုသူအား "အလွန်ကြီးမားသော ကုလားအုတ်ကြီးတစ်ကောင်ကို ရှာဖွေနေခြင်းဖြစ်သလော" ဟု မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ပြောသည်။

တစ်ဖန် ညီအလတ်ကလည်း "သင်၏ ကုလားအုတ်သည် လက်ဝဲဘက်မျက်စိ ကန်းနေသည် မဟုတ်လော" ဟု မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ဖြေသည်။

ညီအငယ်ဆုံးကလည်း "ကုလားအုတ်ပေါ်တွင် အမျိုးသမီးတစ်ယောက်နှင့် ကလေးငယ်တစ်ယောက် ပါသွားသည် မဟုတ်ပါလော" ဟု ဝင်ရောက်မေးသည်။ ထိုသူလည်း မှန်ကန်ကြောင်း ဖြေသည်။

ထို့နောက် မြင်းစီးယောကျ်ားသည် ညီအစ်ကိုသုံးဦးအား သင်္ကာမကင်းဟန်ဖြင့်ကြည့်ကာ "ကျုပ်ရဲ့ ကုလားအုတ်ကို ခင်ဗျားတို့ ဖွက်ထားတယ်မဟုတ်လား။ ဘယ်မှာထားသလဲဆိုတာ ပြောစမ်းပါ" ဟု မေးသည်။

ညီအစ်ကိုသုံးဦးလည်း ကုလားအုတ်ကို သူတို့ လုံးဝ မမြင်ဖူးကြောင်း ပြောကြသည်။ မြင်းစီးယောကျ်ားလည်း မယုံကြည်သဖြင့် "ဒါဖြင့် ကျုပ်ကုလားအုတ်နဲ့ပတ်သက်ပြီး ဘယ်လိုလုပ် သိနေသလဲ" ဟုမေးသည်။ ညီအစ်ကိုတစ်ဦးလည်း "ကျွန်တော်တို့ မျက်စိလျှင်လျှင်ထားပြီး စုပေါင်းစဉ်းစားခဲ့ကြလို့ သိရတာပါ။

**ဘုရင်မင်းမြတ်က ညီအစ်ကိုသုံးဦးအား "ကဲ မောင်မင်းတို့၊ သူ့ရဲ့မိန်းမနဲ့ ကလေးကို ဘယ်မှာဖွက်ထားသလဲ။ မှန်မှန်ပြောကြစမ်း။"**

ဟိုရှေ့က လမ်းအတွင်းသာ တည့်တည့်လိုက်သွားပါ။ ခင်ဗျားရဲ့ ကုလားအုတ်ကို တွေ့ရပါလိမ့်မယ်" ဟု ပြောကြသည်။

ကုလားအုတ်ပိုင်ရှင်သည် သူတို့စကားကို လုံးဝ မယုံကြည်ပေ။ ထို့ကြောင့် သူတို့အား သူခိုးများဟု စွပ်စွဲကာ ဘုရင်မင်းမြတ်ထံ ခေါ်ဆောင်သွားသည်။

ဘုရင့်ထံရောက်သော် ထိုသူက "ကျွန်တော်မျိုးဟာ တောင်ကြောတစ်လျှောက် နွားကျောင်းလာပါတယ်။ ကျွန်တော်မျိုးရဲ့ ဇနီးနဲ့ သားကလေးကတော့ ကုလားအုတ်ကြီးတစ်ကောင်ကိုစီးပြီး နောက်က လိုက်လာပါတယ်။ အဲဒီကုလားအုတ်ဟာ မျက်လုံးတစ်ဖက် ကန်းနေပါတယ်။ တစ်နေရာအရောက်မှာ မျက်စိလည် လမ်းမှားပြီး သူတို့စီးလာတဲ့ ကုလားအုတ် ပျောက်ဆုံးသွားပါတယ်။ ကျွန်တော်မျိုးဟာ သူတို့ ၂-ဦးကို လိုက်ရှာရင်း ဟောဒီ လူသုံးယောက်နဲ့ တွေ့ပါတယ်။ သူတို့သုံးဦးပဲ ကုလားအုတ်ကို ခိုးတာဖြစ်မှာပါ။ ကျွန်တော်မျိုးရဲ့ မိန်းမနဲ့ သားကလေးကို သူတို့သတ်ပစ်မှာစိုးလို့ အမြန်စစ်ဆေးပေးတော်မူပါ" ဟု လျှောက်တင်သည်။

ဘုရင်မင်းမြတ်က "သင် ဘာကြောင့် ဒီလိုထင်ရတာလဲ" ဟု မေးသည်။ ထိုသူက "မှန်လှပါ၊ ဒီလူသုံးယောက်ဟာ ကျွန်တော်မျိုး ဘာမှမမေးရသေးဘဲနဲ့ အလွန်ကြီးမားပြီး မျက်စိတစ်ဖက်ကန်းနေတဲ့ ကုလားအုတ်ကြီးတစ်ကောင်ဖြစ်ကြောင်း၊ မိန်းမတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ယောက် ပါသွားကြောင်းတွေကို ပြောကြပါတယ်။ ဒါကြောင့် သူတို့ကို သူခိုးလို့ ယူဆရတာပါ" ဟု ပြန်လည်လျှောက်တင်သည်။

ထိုအခါ ဘုရင်မင်းမြတ်က ညီအစ်ကိုသုံးဦးအား "ကဲ မောင်မင်းတို့၊ သူ့ရဲ့မိန်းမနဲ့ ကလေးကို ဘယ်မှာ ဝှက်ထားသလဲ။ မှန်မှန်ပြောကြစမ်း" ဟု စစ်ဆေးသည်။

ညီအစ်ကိုသုံးဦးကလည်း နိုးဖို့မဆိုထားနှင့် မြင်ပင်မမြင်ဘူးကြောင်း အတန်တန်ငြင်းဆိုကြသည်။

ဘုရင်မင်းမြတ်က "မဖြစ်နိုင်ဘူး။ သင်တို့ဟာ ပိုင်ရှင်ကမမေးဘဲ ကုလားအုတ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ပြောနိုင်နေတယ်။ သင်တို့ မခိုးဘဲ ဒီကုလားအုတ်အကြောင်းကို ဘယ်လိုလုပ် သိမလဲ" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ညီအစ်ကိုသုံးဦးက မိမိတို့သည် ငယ်စဉ်ကတည်းမှစ၍ အရာရာကို သတိမလစ်ဘဲ အမြဲရှုစမ်းလေ့လာခဲ့သဖြင့် ယခုကဲ့သို့ ပြောနိုင်ကြောင်း လျှောက်တင်ကြသည်။

ဘုရင်လည်း ရယ်မောလျက် "တစ်စုံတစ်ခုကို တစ်ခါမှ မမြင်ဘူးဘဲနဲ့ မှန်အောင်ပြောနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟု ပြောသည်။ ညီအစ်ကိုသုံးဦးလည်း ဖြစ်နိုင်ကြောင်း ပြောကြသည်။

ဘုရင်က "ကောင်းပြီ၊ ဒါဆိုရင် မောင်မင်းတို့စကား မှန်မမှန် မကြာခင်သိရမှာပေါ့" ဟု ပြောလိုက်သည်။ ထို့နောက် မင်းချင်းတစ်ယောက်အား အနီးသို့ခေါ်ကာ တစ်စုံတစ်ခုကို တီးတိုးပြောကြားလိုက်သည်။

မင်းချင်းသည် မင်းကြီးအနီးမှ ထွက်ခွာသွားသည်။ မကြာမီ ကျေးကျွန်နှစ်ဦးသည် ကြီးမားသောသေတ္တာတစ်လုံးကို လက်တွန်းလှည်းတစ်ခုပေါ်တွင်တင်ကာ ပြန်လည်ဝင်ရောက်လာသည်။ မင်းချင်းတို့သည် ထိုသေတ္တာကြီးကို ဘုရင့်ရှေ့တော်မှောက်သို့ သတိကြီးစွာထား၍ ချလိုက်ကြသည်။ သေတ္တာမှာ အဖုံးပိတ်ထားသဖြင့် အတွင်းရှိပစ္စည်းကို မမြင်ရပေ။ ညီအစ်ကိုသုံးဦးသည် ထိုသေတ္တာကြီးကို စတင်ယူဆောင်လာသည်မှ ဘုရင့်ရှေ့တော်မှောက်ရောက်သည့်အထိ ဘုရင့်ရှေ့တွင် ချပေးပုံ၊ သေတ္တာကို ကိုင်တွယ်ပုံမှအစ အားလုံးကို မျက်ခြည်မပြတ် အကဲခတ်လျက်ရှိသည်။

ထို့နောက် ဘုရင်ကြီးသည် သူတို့ညီအစ်ကိုအား လှမ်းခေါ်ကာ သေတ္တာတွင်း၌ မည်သည့်အရာ ပါဝင်ကြောင်း မေးသည်။

ထိုအခါ အစ်ကိုကြီးဖြစ်သူက "သေတ္တာတွင်း၌ လုံးဝိုင်းသော အရာဝတ္ထုငယ်တစ်ခု ပါဝင်ပါသည်" ဟု ဖြေသည်။ ဆက်လက်၍ ညီအလတ်ကလည်း "ထိုအရာမှာ သလဲသီးတစ်လုံးဖြစ်ကြောင်း" ဖြေသည်။ ညီအငယ်ဆုံးက သလဲသီးမှာ မမှည့်သေးသော သလဲသီးတစ်လုံးဖြစ်ကြောင်း ဖြေသည်။

ဘုရင်လည်း ညီအစ်ကိုသုံးဦး၏စကားကို နားထောင်ပြီးနောက် သေတ္တာကို ဖွင့်စေသည်။ ထိုအခါ ညီအစ်ကိုသုံးဦး ပြောသည့်အတိုင်း သေတ္တာထဲတွင် မမှည့်သေးသော သလဲသီးတစ်လုံး ပါရှိသည်ကို အံ့သြဖွယ်ရာ တွေ့ရသည်။ မင်းကြီးလည်း ညီအစ်ကိုသုံးဦးအား ချီးကျူးတော်မူသည်။ အပြစ်မှလည်း လွှတ်ပေးလိုက်သည်။ ကုလားအုတ်ပိုင်ရှင်အားလည်း သူ၏ကုလားအုတ်ကို သွား၍ ရှာဖွေစေသည်။

ဘုရင်က ညီအစ်ကိုသုံးဦးအား ကုလားအုတ်နှင့်ပတ်သက်သော အကြောင်းများကို မည်သို့သိကြောင်း ရှင်းပြစေသည်။

အစ်ကိုကြီးက "မှန်လှပါ၊ ဒီကုလားအုတ်ဟာ ကြီးမားတဲ့ ကုလားအုတ်ဖြစ်ကြောင်းကို ကုလားအုတ်ခြေရာတွေအရ သိရပါတယ်။ ကုလားအုတ်ပိုင်ရှင်ဟာ လမ်းမပေါ်မှာ ဟိုဟိုသည်သည် ကြည့်နေတာကို ထောက်ပြီး သူဟာ တစ်စုံတစ်ခုကို ရှာနေတာဖြစ်ကြောင်း အကဲခတ်မိတာပါ" ဟု ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်က "ကောင်းပြီ၊ ကုလားအုတ်ဟာ လက်ဝဲဘက်မျက်လုံး ကန်းနေတာကိုရော ဘယ်လိုပြောနိုင်သလဲ" ဟု မေးသည်။

ညီအလတ်က "မှန်လှပါ၊ လမ်းပေါ်မှာပေါက်နေတဲ့ မြက်တွေအနက် လက်ယာဘက်က မြက်ကိုသာ စားပြီး လက်ဝဲဘက်ကမြက်တွေကို လုံးဝမစားတဲ့အတွက် လက်ဝဲဘက်မျက်လုံး ကန်းနေကြောင်း ပြောနိုင်တာပါ" ဟု ဖြေသည်။

တစ်ဖန် ဘုရင်က "ကုလားအုတ်ပေါ်မှာ သားအမိနှစ်ယောက်ပါတာကိုရော ဘယ်လိုလုပ်ပြီး သိသလဲ" ဟု မေးသည်။ ညီအငယ်ဆုံးက "တစ်နေရာမှာ ကုလားအုတ် ဒူးထောက်ပြီး ဝပ်တဲ့နေရာတွေ တွေ့ပါတယ်။ အဲဒီနားမှာ မိန်းမတစ်ယောက်ရဲ့ ဖိနပ်ရာတွေနဲ့ အခြားဖိနပ်ရာသေးသေးလေးတွေကို တွေ့ရလို့ အဲဒီမိန်းမနဲ့အတူ ကလေးတစ်ယောက် ပါလာတယ်ဆိုတာ သိရပါတယ်" ဟု ဖြေကြားသည်။ ဘုရင်လည်း ညီအစ်ကိုသုံးဦး၏ ဉာဏ်ပညာကို အလွန်အမင်း အံ့ဩကာ ချီးမွမ်းသည်။

ထို့နောက် ဘုရင်က "ဒါတွေကတော့ ဟုတ်ပါပြီ။ ကျွန်းသေတ္တာထဲမှာ မမှည့်သေးတဲ့ သလဲသီးရှိတယ်ဆိုတာကိုရော ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ" ဟု မေးသည်။

အစ်ကိုအကြီးဆုံးက "ဒီလိုပါ အရှင်၊ မင်းချင်းနှစ်ယောက် သေတ္တာသယ်ဆောင်လာပုံကိုကြည့်ပြီး သေတ္တာဟာ သိပ်မလေးမှန်း သိရပါတယ်။ သေတ္တာကို ကြမ်းပေါ်ချလိုက်တဲ့အခါမှာတော့ အကွင်းက လုံးဝိုင်းတဲ့အရာဝတ္ထုတစ်ခု လိမ့်သွားသံ ကြားလိုက်ရပါတယ်" ဟု ဖြေဆိုသည်။

ညီအလတ်က "ဒီကျွန်းသေတ္တာကို ဥယျာဉ်ထဲက သယ်ဆောင်လာတာဖြစ်ပြီး အတွင်းမှာ လုံးဝိုင်းတဲ့ အရာတစ်ခု လိမ့်သံကြားရကတည်းက ဒီအရာဟာ သလဲသီးတစ်လုံး ဖြစ်ရမယ်လို့ ခန့်မှန်းမိပါတယ်။ အကြောင်းကတော့ ဥယျာဉ်တော်ထဲမှာ သလဲပင်တွေ ရှိလို့ပါပဲ" ဟု ဖြေသည်။

ညီအငယ်ဆုံးကလည်း "ထို့အပြင် ဒီအချိန်ဟာ သလဲသီးမှည့်ချိန် မဟုတ်ပါဘူး။ ဒါကြောင့် မမှည့်သေးတဲ့ သလဲသီးအစိမ်းလို့ ပြောနိုင်တာပါ" ဟု ဖြေဆိုသည်။

ဘုရင်မင်းမြတ်လည်း လွန်စွာသဘောကျကာ ညီအစ်ကိုသုံးဦးအား "သင်တို့ဟာ ငွေကြေးမချမ်းသာပေမယ့် ဉာဏ်ပညာအမြော်အမြင်နဲ့ ပြည့်စုံတဲ့ ပညာရှိတွေ ဖြစ်ပါပေတယ်"ဟုဆိုကာ ချီးကျူးတော်မူလေသည်။

(ရုရှားပုံပြင်)

**ဒေါက်တာခင်ရီဝင်း**

---

**လူအများကို မုန်းတီးခြင်း**

Hating people is like burning down your own house to get rid of a rat.

**H.E.Fosdick**

လူအများတကာကို မုန်းတီးခြင်းသည် မိမိအိမ်ထဲမှ ကြွက်တစ်ကောင်ကို သုတ်သင်ဖယ်ရှားရန်အတွက် တစ်အိမ်လုံးကို မီးရှို့သည်နှင့် တူပေသည်။

အိပ်ချ်–အီး–ဖော့(စ)ဒစ်
(အမေရိကန်ဘုန်းတော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာလက်ဆောင်



ပီမိုးနင်း

(ယခင်လမှအဆက်)

ကိုဘသင်းက "ဒါလောက်နဲ့ မသေချာဘူး၊ ည ၉–နာရီနှင့် မိနစ်သုံးဆယ်။ ဆူးလေးဘုရားတောင်ဘက်စောင်းတန်းလှေကား တတိယအထပ်၊ ၉–နာရီနှင့် မိနစ်သုံးဆယ်တည့်တည့်မှာ မတွေ့ရလို့ တစ်မိနစ်နောက်ကျရင် ငွေတစ်ထောင်။ နေ့နံနက် လင်မယားနှစ်ယောက် ကြည်ကြည်ဖြူဖြူ မျက်နှာချင်းဆိုင် လက်ဖက်ရည်သောက်နေသည့်အခါကျမှ စာအိတ်ကို လူလွှတ်၍ ပို့မည်"ဟု အသေအချာပြောလေရာ နှစ်ယောက်သဘောတူခွဲ၍ လာခဲ့ကြလေသတည်း။

* * *

သိန်းမေသည် အိမ်ကိုအမြန်ပြန်လေ၏။ သေတ္တာထဲမှ ငွေစက္ကူရှိသမျှကို သူရေတွက်ရာ ခြောက်ရာနှင့်ကိုးဆယ်ကျပ်ရှိသည်ကို သိရ၏။ ငါးရာတိတိကိုယူပြီးနောက် စိန်လက်စွပ်၊ စိန်နားကပ်၊ စိန်လက်ကောက်စသည်များကိုယူပြီး အစေခံ လင်မယားနှစ်ယောက်နှင့် ခဲအိုဖြစ်သူ ကိုမြဘူးအား "ကျွန်မ သူငယ်ချင်းမတစ်ယောက် အသည်းအသန်မမာလို့ သွားကြည့်ဦးမယ်။ ကိုချစ်ဖေလာရင် နည်းနည်းညဉ့်နက်လိမ့်မယ်လို့ ပြောလိုက်ပါ"ဟု မှာပြီး သိုးမွေးစောင်အညိုကလေးကိုခြုံကာ အိမ်ပေါ်မှဆင်း၍သွားပြီး မိမိ၏မောင် သာဒွန်းဦးထံပြေး၍ သာဒွန်းဦးနှင့်အတူ ချစ်တီးတိုက်သို့ သွားကြလေ၏။ ထိုအခါ ၆–နာရီ သာသာလောက်ရှိလေ၏။ ၈–နာရီခွဲ ၉–နာရီအချိန်လောက်မှာ သိန်းမေမှာ ငွေစက္ကူအထပ်ကြီးကို ရင်၌ပိုက်ကာ သာဒွန်းဦးနှင့်အတူ အိမ်သို့ တစ်ဖန် ပြန်လေ၏။ စာရေး

www.burmeseclassic.com

ကြီး ပြန်၍မလာသေးသည်ကို သိသဖြင့် "လူမမာ အတော်သည်းနေသည်"ဟု ပြောကာ အထက်နည်း အတိုင်းမှာပြီး လန်ချားနှင့် လာကြလေ၏။

သို့သွားလာရာ၌ သိန်းမေ သတိထားမိသောအရာမှာ တံခါးများပိတ်လျက် တံခါးတရုတ်ကပ်ကလေး များသာဖွင့်သော မြင်းရထားတစ်စင်း ဖြစ်လေ၏။ ထိုမြင်းရထားသည် ၎င်းတို့၏နောက်ကို တကောက်ကောက် လိုက်ခဲ့လေ၏။ သာဒွန်းဦး၏အိမ်ကို သွားသောအခါ၌လည်း ထိုမြင်းရထားလည်း ထိုမြင်းရထားနောက်က လိုက်လာကာ၊ အိမ်သို့ ပြန်သောအခါ၌လည်း ထိုမြင်းရထားလိုက်ပါ၏။ သို့ဖြစ်လေရာ သိန်းမေနှင့် သာဒွန်းဦးမှာ များစွာထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်လေ၏။

နောက်ဆုံး၌ ၉–နာရီခွဲခါနီး ဆယ်မိနစ်လောက်ကြာရာ 'ဘားလမ်း(မဟာဗန္ဓုလပန်းခြံ)နှင့် ဒါလဟိုဇီလမ်း(မဟာဗန္ဓုလလမ်း)ထောင့်သို့ ရောက်ကြသောအခါ ထိုမြင်းရထားပေါ်မှ မိန်းမကြီးတစ်ယောက် ဆင်း၍လာလေ၏။ ထိုမိန်းမကြီးသည်ကား ပုပုတိုက်တိုက် ညိုညိုသေးသေး၊ ထက်မြက်လျင်မြန်သူ၏ အသွင်အပြင် များစွာထင်ပေါ်လေ၏။ ၎င်းမိန်းမကြီးကို သိန်းမေမြင်သောအခါ အံ့အားသင့်၍နေပြီး "အလို ဒေါ်ညိုပါကလား၊ ဘာကိစ္စလဲ၊ ရှင် ကျွန်မတို့နောက်ကို တကောက်ကောက် ဘာဖြစ်လို့ လိုက်တာလဲ"ဟု သိန်းမေက မေးလေ၏။

"ဩော်...စာရေးကြီးကတော်ပါကလား။ အဒေါ်က လူများလို့ အဒေါ့်တူမတစ်ယောက် အိမ်ကို ပြန်မလာဘူး။ ဒါကြောင့် စာရေးကြီးကတော်ကို အဒေါ့်တူမထင်ပြီး စုံထောက်လုပ်နေတာပါ။ တလွဲမထင်ပါနဲ့ စာရေးကြီးကတော်၊ ဒါထက် သူဌေးကိုဘသင်းနဲ့ ယနေ့တွေ့တယ် မဟုတ်လား။"

"ဟင်...အဒေါ် ဘယ်ပုံသိတာလဲ၊ ဟုတ်ကဲ့ တွေ့တယ်။"

"သူနဲ့ ဘာဖြစ်တာလဲ။ စာရေးကြီးကတော်နဲ့ သူနဲ့ ဘာစကားများတာလဲ။"

"ဘာမှ စကားမများပါဘူး။ တခြားကိစ္စတစ်ခု အကြောင်း ပြောကြတာပါ။"

"အင်း...ဘယ်လောက်ရခဲ့သလဲ။"

"ဘာလဲ အဒေါ်။"

"ပေါင်ခဲ့တာလေ၊ ကြွေးဆပ်ဖို့လား။"

"ဟင်...အဒေါ် ဘာဖြစ်လို့ ဒါတွေကို သိရတာလဲ။"

"ဩော်...အရေးတကြီး ချစ်တီးတိုက်ကို သွားတယ်ဆိုကတည်းက အရေးကြီးတယ်ဆိုတာ စဉ်းစားဉာဏ်မလိုပါဘူး စာရေးကြီးကတော်ရဲ့။"

"ဟုတ်ကဲ့၊ နည်းနည်းပါးပါး ကိစ္စကလေးရှိလို့ပါ။ ကျွန်မသွားပါဦးမယ် အဒေါ်။ အဒေါ့်တူမ အကြောင်းကြားရတာ စိတ်မကောင်းဘူး။ ကျွန်မ သွားပါဦးမယ်။"

"ဟုတ်ကဲ့ စာရေးကြီးကတော်၊ အဒေါ်လည်း လိုက်ရှာရဦးမယ်"ဟု ပြောပြီး မြင်ရထားပေါ်ပြန်၍ တက်မည်ပြုလေ၏။ သိန်းမေလည်း ဝါးတစ်ရိုက်ခန့် ဝေး၍သွားလေ၏။ ထိုအခါကျမှ မိန်းမကြီးသည် မြင်းရထားပေါ်ကို မတက်သေးဘဲ သိန်းမေ၏နောက်ကို ပြေး၍လိုက်ပြီး "စာရေးကြီးကတော် တဆိတ်နေပါဦး၊ အဒေါ် ပြောစရာကလေးတစ်ခုရှိလို့"ဟု အော်၍ ပြောရင်း အပါးကို ရောက်လေ၏။

သိန်းမေသည် လက်ပတ်နာရီကို ကြည့်ကာ "အရေးကြီးလို့ အဒေါ်၊ ကျွန်မ သွားပါရစေ။ ဘာအကြောင်းလဲ။"

---

**မမလေး ဘာဖြစ်တာလဲ။**
**ဘယ်လူခေါ်တာလဲ။ မမလေး**
**ဘယ့်နှယ်လုပ်တာလဲ။ တစ်မျိုးလုံး**
**အရှက်ကွဲကုန်အောင် လုပ်မလို့လား။**
**ကိုကိုနဲ့ ဘာဖြစ်လို့လဲ၊**
**ဘယ်က ကိုဘသင်းလဲ။**
**လင်ငယ်နောက်လိုက်မလို့လား"**

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ စာရေးကြီးကတော်ရဲ့၊ အဒေါ့်အိမ်က လူကို သိတယ်မဟုတ်လား"ဟု သိန်းမေ၏ သိုးမွေးစောင်နှင့် သိန်းမေ၏ ရှုန်သားအင်္ကျီလက်ကို ကိုင်ကာ ပြောလေ၏။

"ဟုတ်ကဲ့ အဒေါ် သိပါတယ်၊ ကျွန်မကိစ္စကလေး အရေးကြီးလို့ သွားပါရစေ။ ဘာဖြစ်သလဲ။"

"ဒီလို စာရေးကြီးကတော်ရဲ့ လွန်ခဲ့တဲ့ သောကြာနေ့က စနေမြင်းပွဲအတွက် ငွေမရှိတာနဲ့ တူမကလေး လက်ကောက်သုံးရံကို သွားပြီး ပေါင်တာကလား။"

"သြော်...သြော်...ဟုတ်ကဲ့၊ ကျွန်မ သွားပါဦးမယ် အဒေါ်။ မြင်းနိုင်သလား၊ ကျွန်မ သွားဦးမယ် အဒေါ်"ဟု သိုးမွေးစောင်နှင့် အင်္ကျီလက်ကို ကိုင်ထားသော လက်ချောင်းများကိုကိုင်ကာ ဖယ်လေ၏။ ထို့နောက် နာရီကိုကြည့်ပြန်ရာ ကိုးနာရီနှင့် မိနစ်နှစ်ဆယ်ကျော်ခန့်ရှိသည်ကို တွေ့ရလေရာ သိန်းမေမှာ မျက်နှာပျက်လျက် မောပန်းသလို အသံရောလက်များရော တုန်၍ လာလေ၏။ အကြောင်းမူကား ကိုတာသင်းသည် တစ်စုံတစ်ရာကို လုပ်မည်ဆိုလျှင် တကယ်လုပ်တတ်၍ ချိန်းချက်ခြင်းများမှာ စကားလွန်စွာမှန်သူတစ်ယောက်ဖြစ်၍ အခြားသူများကိုလည်း မိမိကဲ့သို့ စကားမှန်မှ သဘောကျတတ်ကြောင်း၊ သိန်းမေ ကောင်းစွာသိလေ၏။ သို့ဖြစ်လေရာ မျက်နှာလွန်စွာပျက်လျက်။ လွှတ်ဖို့ရန် ပါးစပ်ကပြော၊ လက်ကလည်း ရုန်းလေ၏။ နာရီကိုလည်း ကြည့်လေ၏။

"ဒီလိုပါ စာရေးကြီးကတော်ရဲ့၊ လက်ကောက်ကိုပေါင်ပြီး မြင်းလောင်းတော့ ရှုံးတာပေါ့၊ စာရေးကြီးကတော်ရဲ့။"

"သြော်...အင်း၊ ဘာပြုလို့ လောင်းရတာတုန်း အဒေါ်ရယ်၊ ကျွန်မ သွားဦးမယ်နော်။ ဟုတ်ကဲ့ ကိစ္စအရေးကြီးလို့ပါ။"

"နေပါဦး စာရေးကြီးကတော်ရဲ့၊ ဒါနဲ့ပဲ တူမကလေးက စိတ်ဆိုးတာပေါ့။ စိတ်ဆိုးပြီး ဗြိတိသျှဘားမားက "လူ့ဘဝ"ဆိုလား၊ အဲဒီဇာတ်ကားကို (နေပါဦး စာရေးကြီးကတော်ရဲ့ တကတည်း အရင်လိုလိုက်တာ စကားမှမဆုံးသေးဘူး) အဲဒါနဲ့ ဘာကားဆိုတယ်။ ခုတင်က ပြောတာ အဲဒီကားကို ကြည့်ချင်တယ်ဆိုပြီး ထွက်သွားတယ်စာရေးကြီးကတော်ရဲ့။"

"သြော်...ဟုတ်လား၊ အင်း ကျွန်မ သွားဦးမယ် အဒေါ်။ ဟိုမှာ ချိန်းထားလို့ပါ။ နာရီနီးနေပြီ"ဟု ငိုတော့မည့်မျက်နှာနှင့် မဲ့ကာပြောလေ၏။ နာရီကို ကြည့်လိုက်သောအခါ ကိုးနာရီနှင့် မိနစ်သုံးဆယ် ထိ၍နေသည်ကို တွေ့ရလေလျှင် "ကျွန်မ သွားတော့မယ် အဒေါ်"ဟု ပြောကာ အတင်းရုန်း၍သွားရာ အင်္ကျီရော၊ သိုးမွေးစောင်ရော စုတ်ပြတ်၍ သွားလေ၏။

"မောင်နှမနှစ်ယောက်သည် ဆူးလေဘုရားတောင်ဘက်လှေကားသို့အရောက် အမြန်ပြေးကြလေ၏။ ရောက်သောအခါ နှစ်ယောက်သား တော

www.burmeseclassic.com

ဟိုက်လျက် လေ့ကားနံရံကိုမှီကာ ပင့်သက်ရှူ၍ နေကြရလေ၏။

တစ်စုံတစ်ယောက်ကိုမျှ မမြင်ရချေ။ "ဦးဘသင်း …ဦးဘသင်း"ဟု သိန်းမေက ခေါ်လေ၏။ ပြန်၍ထူးသောအသံကို မကြားရချေ။ သာဒွန်းဦးက မမလေး ဘာဖြစ်တာလဲ။ ဘယ်လူ့ခေါ်တာလဲ။ မမလေး ဘယ့်နှယ်လုပ်တာလဲ။ တစ်မျိုးလုံး အရှက်ကွဲကုန်အောင် လုပ်မလို့လား။ ကိုကိုနဲ့ ဘာဖြစ်လို့လဲ၊ ဘယ်က ကိုဘသင်းလဲ။ လင်ငယ်နောက်လိုက်မလို့လား" စသည်ဖြင့် မေးလေ၏။

သိန်းမေသည်ကား သာဒွန်းဦး၏ စကားများကို မကြားရချေ။ ကိုဘသင်း၊ ကိုဘသင်း ဟူ၍သာ အထပ်ထပ် အတန်တန်ခေါ်ရင်း ဘုရားပေါ်ကိုလည်းကောင်း၊ အောက်ခြေရင်းအနီးအပါးနေရာများကိုလည်းကောင်း ဝိုင်းဝိုင်းလည်အောင် ကြည့်လေ၏။ နောက်ဆုံး၌ 'အေးအေး အခုမှပေါ်လာသကိုး၊ တယ်တော်တယ်၊ ဟောဒီမှာ မရတော့ဘူးလို့ မှတ်လိုက်မနက်ဖြန်ခါမှ"ဟု ပြောကာ စာအိတ်ကို လက်၌ကိုင်လှုပ်ကာပြပြီး ဦးခေါင်းကို ပုတ်သင်ပမာ ညိတ်ကာ ညိတ်ကာ သိန်းမေကို မချိုမချဉ်မျက်နှာနှင့်ကြည့်ပြီး ဦးခေါင်းကိုမော့လျက် အခြားသို့လှည့်ပြီး စတိုင်ထွားထွားနှင့် စာအိတ်ကို အင်္ကျီအိတ်ထဲသို့ ပြန်၍ထည့်ပြီး တုတ်ကောက်ကိုဝင့်ကာ လက်မောင်းများကိုကွေးပြီး ဖောင်းပွသော ကိုယ်လုံးကြီးနှင့် အဆမတန်လျင်မြန်သောခြေများနှင့် ဘုရားပေါ်မှပြေးဆင်းကာ အောက်သို့ရောက်သောအခါ ဖိနပ်ကို လက်မှလွှတ်ချကာ ခြေ၌စွပ်ပြီး နောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် လက်များကိုကွေးလျက် တုတ်ကောက်ကိုဝင့်ကာ တောင်ဘက်သို့ သွက်သွက်ကြီးသွားလေ၏။ သိန်းမေက "ကိုဘသင်း၊ ကိုဘသင်း၊ နေပါဦးရှင့်၊ ရှင် ဘယ့်နဲ့လှူလဲ" စသည်ဖြင့် အော်ကာ အပြေးကလေးလိုက်လေ၏။

သာဒွန်းဦးက သိုးမွေးစောင်ကို လိုက်၍ဆွဲရင်း "အမလေး ဘယ့်နှာလဲ။ ချောချောလှလှ လူလည်းမဟုတ်၊ လူကောင်ဘုတ်ပွကြီးပါကလား။ အစ်မလေးရဲ့။ ဘယ့်နှာလဲ၊ အမယ်လေး ရှက်စရာကြီး၊ အစ်မလေး စဉ်းစဉ်းစားစားလုပ်နော်။ အစ်မလေး ဆေးမိပြီထင်တယ်။ နေပါဦး အစ်မလေးရဲ့ မလိုက်ပါနဲ့၊ ကိုကိုမျက်နှာကို ထောက်ပါဦး၊ အစ်မလေး လိုက်သွားရင် ကိုကို ကျွန်တော့်ကို အလိုတူအလိုပါလို့ဆိုပြီး ကြိမ်းမှာ အစ်မလေးရဲ့"စသည်ဖြင့် တတွတ်တွတ်ပြောရင်း လိုက်လေ၏။ သိန်းမေသည်ကား ၎င်း၏စကားများကို မကြားရချေ။ နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် သွားသော ကိုဘသင်းကိုသာ ခေါ်ရင်းလိုက်လေရာ အချို့သောလူများက ရပ်ကာကြည့်၍နေကြပြီ။ လင်မယားစိတ်ဆိုးပြီး လင်ကထွက်သွားတာနဲ့တူပါတယ် စသည်ဖြင့်ပြော၍ သွားကြလေ၏။

ထိုည သိန်းမေမှာ တစ်ညလုံး အိပ်၍မပျော်ဘဲနေလေ၏။ နံနက်မိုးလင်းလျှင် အဘယ်ပုံဖြစ်ပျက်မည့်အရေးတွေကို တွေးတောထင်မြင်ကာ တစ်ညလုံးငရဲခံ၍ နေရလေ၏။ လင်းအားကြီးအချိန်၌ အနည်းငယ် အိပ်ပျော်၍သွားရာ မိမိကို ကိုဘသင်းက အိမ်ပေါ်မှ အတင်းဆွဲ၍ချသည်ဟု အိပ်မက်လေ၏။ အိပ်ရာမှနိုးသောအခါ ဩ့ဟာအိပ်မက်ပါကလားဟုသိကာ အမောပြေ၍ သွားပြီးနောက် စာအိတ်ကို ကိုင်ကာ ပုတ်သင်လိုခေါင်းညိတ်သော ကိုဘသင်းကို ထင်မြင်ရပြန်လေ၏။ ထိုအခါ ရင်ဝကို ကျောက်ပြားကြီးလာ၍ ဖိသလိုဖြစ်ကာ နစ်မွန်းခြင်းဝေဒနာကို ခံစားရလေသတည်း။

သိန်းမေသည် အိပ်ရာမှထသောအခါ ချိနဲ့ယိမ်းယိုင်သလို ဖြစ်၍နေလေ၏။ မျက်တွင်းများကျ၍နေလေ၏။ စာရေးကြီးက သိန်းမေ၏ ပခုံးနှစ်ဖက်ကိုကိုင်ကာ မျက်နှာကို သေချာစွာ ကပ်ကာကြည့်ပြီး "သိန်း ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား"စသည်ဖြင့်မေးကာ နဖူးကို စမ်းသပ်၍ကြည့်ပြီး ဆေးဆိုင်ကိုသွားဖို့ ပြောလေ၏။

"ကျွန်မ ဘာမှမဖြစ်ဘူး။ ညက အိပ်မပျော်ဘူး။ ကျွန်မ လူမမာသွားကြည့်ရာမှာ လက်ဖက်တွေ စားမိ



www.burmeseclassic.com

www.burmeseclassic.com

လို့ထင်ပါရဲ့။ လက်ဖက်စားတိုင်း ဒီလိုချည်းဖြစ်တယ်''ဟု ပြောလေ၏။

မကြာခင် စားပွဲ၌ လက်ဖက်ရည်ပြင်၍ပြီးလေ၏။ သိန်းမေမှာ ကိုတသင်း၏ ခြိမ်းခြောက်သော စကားများကို ကြားယောင်လျက် ပန်းရောင်စာအိတ်ကိုသာ ထင်မြင်၍နေသဖြင့် လွန်စွာကြောက်ရွံ့လျက် လက်ဖက်ရည်ကိုမှ သောက်ရမှန်းမသိဘဲ နေလေ၏။ အိမ်ရှေ့၌ မြင်းရထားသံ၊ လန်ချားသံ၊ ကားသံကြားရတိုင်း ထိတ်လန့်လျက် ကိုကင်းကြောင်သူလို ဖြစ်၍နေလေ၏။

သို့ လက်ဖက်ရည်သောက်၍ နေခိုက်မှာ တံခါးခေါက်သံကို ကြားရလေ၏။ သိန်းမေ၏ ရင်ထဲမှာ ဒိန်းခနဲဖြစ်၍ သွားလေ၏။ ပထဝီမြေကြီးသည် မိမိ၏ ခြေဖဝါးအောက်မှ ရွေ့လျားကာ မိမိကို ဘဝင်လဟာပြင်ထဲသို့ လောင်းချတော့မည့်ဟန်ပြင်သလို စိတ်ထဲမှ မှတ်ထင်လေ၏။

''ဒေါက်ဒေါက်''ဟု လျှင်မြန်ထက်သန်သော ခေါက်သံကို ထပ်၍ကြားရပြန်၏။ သိန်းမေမှာ ကြောက်ရွံ့သောမျက်နှာကို လူမြင်မှာစိုးသောကြောင့် ခေါင်းငုံ့ကာ လက်ဖက်ရည်ကို မွှေ၍နေလေ၏။ ဖြစ်လိုရာဖြစ်စေတော့ ခံတော့မည်ဟူသောစိတ်ကို ဒုန်းဒုန်းချ၍ ထားလေ၏။

အတန်ငယ်ကြာလျှင် အစေခံက တံခါးကိုဖွင့်၍ပေးရာ လူတစ်ယောက် ဝင်ရောက်၍လာပြီး လင်မယားနှစ်ယောက်ကို လှမ်း၍ကြည့်လေ၏။ သိန်းမေသည် ဘီလူးသဘက်မက ကြောက်မက်ဖွယ်ကောင်းသည်ဟု မှတ်ထင်ရသော ထိုလူ၏မျက်နှာကို တစ်ချက်မျှမော်၍ကြည့်ပြီး တစ်ဖန် ခေါင်းငုံ့၍ နေလေ၏။

ထိုလူသည် စားပွဲအနီးသို့ရောက်၍လာပြီး လက်ကို စာရေးကြီးဘက်သို့ လှမ်းလိုက်လေရာ သိန်းမေ၏မျက်လုံးများသည် မျက်ဖြူလန်ကာ ကြည့်မိလေ၏။ အဘယ်သို့သော အရာကို မြင်ရပါသနည်း။

ထိုသူ၏လက်မှ ပန်းရောင်စာအိတ်သည် စာရေးကြီး၏လက်သို့ ရောက်လေ၏။ သိန်းမေ၏ မျက်နှာမှ အသွေးအရောင် အကုန်အစင် ဆုတ်ယုတ်ပြီး တစ်အိမ်လုံး ချာချာလည်၍သွားလေ၏။ သိန်းမေသည် လုံးလုံးကြီးမြောမေ့၍ သွားလေတော့သတည်း။

ထို့နောက် နဖူး၌ အေးသောအရာတစ်ခုကို သိရလေ၏။ လျှင်မြန်စွာ ပြောဆိုလှုပ်ရှားကြသော အသံများကို ကြားရ၏။ မိမိကိုယ်တိုင် ဘာဖြစ်မှန်းမသိ။ အားလုံးကုန်မေ့လျော့၍ သွားလေ၏။ မျက်လုံးများကို ဖွင့်လိုက်သောအခါ စာရေးကြီးသည် ပြုံးရွှင်သော မျက်နှာနှင့် မိမိကို ပွေ့ပိုက်ယုယ၍နေသည်ကိုလည်းကောင်း၊ စာရေးကြီး၏လက်၌ စက္ကူများကိုလည်းကောင်း မြင်ရလေ၏။ ''သိန်းရဲ့ သတိရပြီလား။ အင်မတန် ထူးဆန်းတဲ့စာနဲ့ ဟောဒီမှာ မြင်ရဲ့လား'' ဟု စက္ကူများကို လှုပ်၍ ပြလေ၏။ သိန်းမေသည် အံ့အားသင့်၍ နေလေ၏။ ထိုအခိုက်တွင် စာရေးကြီးက ''နားထောင် သိန်းရဲ့''ဟု ပြောကာ အောက်ပါအတိုင်း စာကိုဖတ်လေရာ သိန်းမေမှာ တထိတ်ထိတ်နှင့် နားထောင်ရလေ၏။ ထိုစာမှာကား။

ချစ်နှမ၊ နှမကို သုံးနှစ်တိုင်တိုင် မောင်ကြီးမျှော်လင့်ခဲ့၏။ သို့သော်လည်း နှမက ချစ်တုံ့မပြန်ခဲ့ပါ။ သို့သော်လည်း မောင်ကြီး၏အချစ်မှာ ချစ်တုံ့မပြန်သည့်အတွက် ဟိုက်ကွတ်ရုံးစာရေးကြီးနှင့် ဖူးစာရေစက်ဆုံကြပြီဟု ကြားသိရသောအခါ မိမိအချစ်ဆုံးသော နှမသည်ကလေးမှာ သုခချမ်းသာခြင်း၏ အထွတ်အထိပ်သို့ ရောက်ပါပေသည်ဟု ဆင်ခြင်ကာ ကိုယ်ပင်မဟုတ်၍ နှမြောလှသော်လည်း နှမကလေး၏ချမ်းသာခြင်းအတွက် ကြီးစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ပါသဖြင့် အစစ်အမှန်အချစ်တို့မည်သည်မှာ အမုန်းဝင်ရန် လမ်းအခွင့်နေရာမရှိ၊ ကောင်းမြတ်သန့်ရှင်းသော အချစ်စစ်ဖြစ်ခြင်းကို သိသာစေဖို့ရန်ရည်ရွယ်ကာ ဤမင်္ဂလာလက်ဆောင် ငွေနှစ်ထောင်ကို နှမသည်ကလေးနှင့် ညီမောင်စာရေးကြီးအား ကလဲ့စားချေကာ ချီးမြှင့်လိုက်ပေ ☞

www.burmeseclassic.com

# ကိုယ့်နေရာ

အထက်ရောက်ရောက်
အောက်ရောက်ရောက်တည့်
ရောက်သည့်နေရာ ကိုယ့်နေရာ



အနိမ့်အမြင့်
အဆင့်ဆင့်တွင် ဘယ်ဆင့်ရောက်ရောက်
ရောက်ရှိနေရာ ကိုယ့်နေရာ။

ဆင်းရဲချမ်းသာ ဂုဏ်လွှာနိမ့်မြင့်
အဆင့်ကွာဟ ရှိနေကြလည်း
ကျရောက်နေရာ ကိုယ့်နေရာ။

ဩော် ...
လောကလူ့ရွာ နေထိုင်ရာတို့
နေရာဌာန မတူကြလည်း
ကျရောက်ခဲ့ရာ ကိုယ့်နေရာမို့
သာယာအေးမြ နေထိုင်လှလျက်
ဘဝတက်လမ်း ရည်ရွယ်မှန်းကာ
ကြိုးပမ်းနေရ မည်တကား

**အောင်ထွန်းလင်း (ချောက်)**

---

☞ ကြည်ဖြူစွာ လက်ခံလိမ့်မည်ဟု မျှော်လင့်ပါကြောင်း အသက်ရာကျော်ရှည်စွာ သုခချမ်းသာ ဖြစ်ကြပါစေသော်။

"မှတ်ကရော၊ ကိုင်း။"

သင်း

သိန်းမေ၏ ဖြူဖွေးသောမျက်နှာမှာ နီဝင်းတောက်ပ၍ လာလေ၏။ စာရေးကြီး၏လည်ကို တွယ်ဖက်ကာ ထူ၍ထပြီး စာပေးလာသူကို ပြုံးလျက်ကြည့်ကာ "သူဌေးမင်း ကိုဘသင်းလို စိတ်သဘောမြင့်မြတ်တဲ့ပုဂ္ဂိုလ် တစ်ယောက်သာတွေ့ဖူးပါတယ်ရှင်။ အဲဒီတစ်ယောက်ဟာ တခြားသူမဟုတ်၊ သူဌေးမင်းကိုယ်တိုင်ပါပဲ။ အဲသည်အတိုင်းသာ အကြောင်းပြန်ကြားလိုက်ပါ၊ ကျွန်မတို့ နောက်မှ စာရေးလိုက်ပါဦးမယ်။ ဒါပါပဲ"ဟု ပြောလိုက်လေ၏။ စာပေးလာသူ ပြန်၍သွားသောအခါ စာရေးကြီးက "စစ်စီတယ်လို့ နာမည်ရတဲ့ သူဌေးဦးဘသင်းပဲလား"ဟု မေးလေရာ သိန်းမေက ဟုတ်ကြောင်း ပြန်၍ပြောလေလျှင် သိန်းမေကို ပွေ့ယူကာ မျက်နှာချင်း နီး၍ထားလေသတည်း။

နောက်တစ်နေ့ သိန်းမေသည် ဒေါ်ညိုနှင့် တွေ့လေ၏။ ဒေါ်ညိုက သိန်းမေ၏လက်ကို ကိုင်ကာ "ဟိုနေ့ညကအေ၊ သူဌေးကိုဘသင်းက ညည်းကို ကိုးနာရီခွဲပြီးသည်တိုင်အောင် လမ်းမှာ စောင့်ဖမ်းပြီး စကားပြောရမယ်ဆိုလို့ ငါက တွေ့ကရာတွေ ဖန်တီးပြီး ပြောရတာအေ့၊ ဒါ ဘာဖြစ်လို့လဲ"ဟု မေးလေ၏။

"ဟင်း... ဩော်... ဟုတ်လား။ အင်း ကျွန်မစိတ်ထဲမှာလည်း အဒေါ် ဘာတွေလာပြီး ဘာ့ကြောင့်ပြောနေပါလိမ့်မလဲလို့ ကျွန်မလည်း တွေးတာပဲ။ ဩော်... သိပြီ သိပြီ။ ဩော်... ဒါ့ကြောင့်ကိုး။"

**ပီမိုးနင်း**

(သူရိယမဂ္ဂဇင်း၊ ၁၉၃၂၊ စက်တင်ဘာလထုတ်)



www.burmeseclassic.com

www.burmeseclassic.com

# ရော်ဘင်ဆန်ကရူးဆိုး (၂)

ဇာတ်လမ်း၊ မင်းယုဝေ။ ပန်းချီ၊ ကိုဟန်ရွှေ





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






ရှေ့လ ဆက်ရန်...

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာမောင်မယ် သုတကြွယ်

မင်းဝင်း

## ၂၀၁၂–ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများ

၂၀၁၂–ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလ ၂၉–ရက်နေ့တွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအမျိုးသားအားကစားရုံကြီး၌ ကျင်းပခဲ့သည်။



ယွန်းယွန်း

ယခုနှစ်ဆုပေးပွဲတွင် ၂၀၁၂–ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၇–ကားအနက် ဆန်ခါတင် ၇–ကားထဲမှ အကောင်းဆုံး အနုပညာစွမ်းဆောင်မှုများအပေါ် စိစစ်၍ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင် ကလေးသရုပ်ဆောင်ထူးချွန်ဆုကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ ထူးချွန်ဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်။



ဖွေးဖွေး

(၁) **အကောင်းဆုံး ရုပ်ရှင်အသံဆု** – ဦးတိုနီလင်း (ကယန်းအလှဇာတ်ကား)၊ (၂) **အကောင်းဆုံးရုပ်ရှင်ဂီတဆု** – ဦးဝင်းကို (အမွေခံထိုက်သူဖြစ်ပါစေဇာတ်ကား)၊ (၃) **အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု** – ဇော်မင်း(ဟံသာမြေ) (ဥဇာတ်ကား)၊ (၄) **အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု** – ဒါရိုက်တာအောင်ကိုလတ် (ကယန်းအလှဇာတ်ကား)၊ (၅) **အဆုံး**



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများ (၂၀၁၂)

ဆု(အကောင်းဆုံး ကလေးသရုပ်ဆောင်ဆု) – ယွန်းယွန်း (တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီဇာတ်ကား)၊ (၆) အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု – ပြေတီဦး (လက်ပံဇာတ်ကား)၊ (၇) အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု – ချောရတနာ (ဥဇာတ်ကား)၊ (၈) အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု – ဖွေးဖွေး (လက်ပံဇာတ်ကား)၊ (၉) အကောင်းဆုံးဒါရိုက်တာဆု – ကိုဇော်(အရုဏ်ဦး) (ဥဇာတ်ကား)။

အကိုး ။ ။ News Watch ဂျာနယ် (၇-၁-၂၀၁၄)

* * *

## Chennai Express ဇာတ်ကားဖြင့် မင်းသားရှာရွတ်ခန် နှင့် မင်းသမီး ဒီပီကာတို့ အကောင်းဆုံး ဇာတ်ဆောင်ဆုများရရှိ

အိန္ဒိယနိုင်ငံ၌ကျင်းပသည့် အကြိမ် ၂၀–မြောက် Life of Screen ဆုပေးပွဲတွင် နာမည်ကျော်မင်းသား ရှာရွတ်ခန်နှင့် မင်းသမီးဒီပီကာပါဒူကိုနီးတို့သည် Chennai Express ဇာတ်ကားဖြင့် နှစ်ဦးလုံး အကောင်းဆုံးဇာတ်ဆောင်ဆုများ ရရှိသွားကြောင်းသိရသည်။

ဆုရရှိရာတွင် မင်းသားရှာရွတ်ခန်က ပရိသတ်၏ ရွေးချယ်ပေးမှုဖြင့် အကောင်းဆုံးဇာတ်ဆောင်ဆု ရရှိခဲ့ခြင်းဖြစ်ပြီး မင်းသမီး ဒီပီကာကမူ အကဲဖြတ်ဒိုင်များ၏ ရွေးချယ်မှုဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရရှိခဲ့ခြင်းဖြစ်သည်။



မင်းသားရှာရွတ်ခန်နှင့် မင်းသမီး ဒီပီကာ

www.burmeseclassic.com

ယင်းဆုပေးပွဲတွင် Chennai Express ဇာတ်ကားက အကောင်းဆုံးသရုပ်ဆောင်မင်းသား၊ မင်းသမီးဆု ရရှိခဲ့ရုံသာမက အကောင်းဆုံးဈေးကွက်ရှာနိုင်သည့် ဇာတ်ကားဆုကိုလည်း ရရှိခဲ့သည်။ ယင်းနောက် ရှာရွတ်ခန်ပါဝင်သရုပ်ဆောင်ခဲ့သော Krrish 3 ဇာတ်ကားက အကောင်းဆုံးမြင်ကွင်းဆန်းလှည့်ကွက်ဇာတ်ကားဆု ရရှိခဲ့ကြောင်း သိရှိရသည်။

အကိုး ။ ။ ပြည်မြန်မာဂျာနယ် (၂၁-၁-၂၀၁၄)

* * *

## ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနှင့် နိုင်ငံ့အမြင့်ဆုံး ဂုဏ်ထူးဆောင်ဆု စီရော်နယ်ဒိုရရှိ



စီရော်နယ်ဒို

ပေါ်တူဂီနိုင်ငံသား၊ ရီးရဲမက်ဒရစ်ဘောလုံးအသင်းတောင်ပံတိုက်စစ်မှူး စီရော်နယ်ဒို (၂၈-နှစ်)သည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဖရန့်ရစ်ဘာရီတို့ကို ကျော်ဖြတ်ပြီး ၂၀၁၃-ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားကြောင်း သိရှိရသည်။ စီရော်နယ်ဒိုသည် ယင်းဆုကို ၂၀၀၈-ခုနှစ်ကတစ်ကြိမ်ရရှိထားရာ ယခုအကြိမ် ရရှိခြင်းသည် ဒုတိယအကြိမ် ရရှိခြင်းဖြစ်သည်။

ယင်းဆုကို ရွေးချယ်ရာတွင် နိုင်ငံကိုယ်စားပြုနည်းပြ ၁၈၄-ဦး၊ အသင်းခေါင်းဆောင် ၁၈၄-ဦးနှင့် ဘောလုံးအားကစားကလောင်ရှင် ၁၇၃-ဦးတို့က ဆန္ဒပြု၍ အမှတ်ပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စီရော်နယ်ဒိုက စုစုပေါင်း ၁၃၆၅-မှတ်ရရှိကာ အဆိုပါဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မက်ဆီက ၁၂၀၅-မှတ်ဖြင့် ဒုတိယရကာ ရစ်ဘာရီက ၁၁၂၇-မှတ်ဖြင့် တတိယရရှိခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးပြီး တစ်ပတ်ခန့်အကြာတွင် စီရော်နယ်ဒိုကို ပေါ်တူဂီသမ္မတ အနီဘာယ်ကာဗာကို ဆီးလ်မားက နိုင်ငံ၏အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုကို ချီးမြှင့်ခဲ့သည်။ စီရော်နယ်ဒိုသည် ဘောလုံးအားကစားဖြင့် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သူဖြစ်ခြင်းကြောင့် ယင်းဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတကပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ပွဲပေါင်း ၃၄-ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၃၄-ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒိုလေးသည် ၂၀၀၈-ခုနှစ်မှစတင်၍ ဘောလုံးကစားခဲ့ရာ ၂၀၁၃-ဘောလုံးရာသီအထိ ပွဲပေါင်း ၃၇၅-ပွဲ ကစားခဲ့ပြီး ဂိုးပေါင်း ၂၉၅-ဂိုးသွင်းယူခဲ့ကြောင်း သိရှိရသည်။

စီရော်နယ်ဒိုသည် မိမိဇာတိဖြစ်သော ပေါ်တူဂီနိုင်ငံ၊ မဒီယာကျွန်းတွင် ကိုယ်ပိုင်ပြတိုက်တစ်ခု ဖွင့်လှစ်ထားရှိသည်။ ယင်းပြတိုက်တွင် မိမိရရှိထားသော ဆုတံဆိပ်ပေါင်းများစွာကို ထားရှိပြသထားကြောင်းသိရသည်။

အကိုး ။ ။ (၁) မြန်မာ့အလင်းသတင်းစာ(၁၅/၂၂-၁-၁၄)

(၂) အင်တာနက်

* * *



www.burmeseclassic.com

www.burmeseclassic.com

## လျှင်မြန်သော ပိုးဟပ်များ

မြေပြင်ပေါ်ရှိ ပိုးမွှားများတွင် ပိုးဟပ်များသည် လှုပ်ရှားသွားလာရာ၌ အလျှင်မြန်ဆုံးဖြစ်သည်။ အမေရိကန်နိုင်ငံ၊ ဘာကလေမြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ ပညာရှင်များသည် ပိုးဟပ်များကို သုတေသနပြုခဲ့ကြသည်။ သုတေသနပြုချက်အရ ပိုးဟပ်များသည် တစ်နာရီလျှင် ၃–ဒသမ ၃၆–မိုင်နှုန်း သွားလာလှုပ်ရှားနိုင်သည်ကို စမ်းသပ်တွေ့ရှိခဲ့ကြသည်။

အကိုး ။ ။ အင်တာနက်

* * *

## စာပေဝါသနာရှင်များ၏စိတ်ကူး

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့မှ စာပေနှစ်သက်သူဝါသနာရှင်များသည် ပုံတွင်မြင်ရသည့်အတိုင်း သစ်တုံးကြီးများကိုထွင်း၍ စာကြည့်တိုက်အသေးစားကလေးများ ပြုလုပ်ကာ လမ်းဘေး၌ ထားရှိပေးထားသည်။

အကိုး ။ ။ အင်တာနက်





## ကမ္ဘာ့အကြီးဆုံးပန်းသီး

ကမ္ဘာ့အကြီးဆုံးပန်းသီးကို ဂျပန်နိုင်ငံ၊ ဟီယိုဆာကီမြို့ရှိ ဟိုကူတိုပန်းသီးစိုက်ခင်း၌ တွေ့ရသည်။ ထိုပန်းသီးကို စိုက်ပျိုးခဲ့သူမှာ ချီဆာတို အီဝါဆာကီဆိုသူ အမျိုးသားဖြစ်သည်။ အဆိုပါပန်းသီးသည် ၁၈၄၉–ဂရမ် (၄–ပေါင် ၁–အောင်စ)အလေးချိန်ရှိသည်။ ကမ္ဘာ့အကြီးဆုံးပန်းသီးအဖြစ် ဂင်းနစ်ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။

အကိုး ။ ။ အင်တာနက်

* * *


## သဘာဝဈေးဝယ်စင်တာကြီး

ပုံတွင်မြင်ရသည်မှာ ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ တည်ဆောက်ထားသော သဘာဝဈေးဝယ်စင်တာကြီး၏ ပုံဖြစ်သည်။ ယင်းကို ၂၀၀၃–ခုနှစ်၌ အိုဆာကာမြို့ရှိ ဘေ့စ်ဘောအားကစားကွင်းဟောင်းတစ်ခုကို အခြေခံ၍ တည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံကြီးတွင် အထပ်ပေါင်း ၈–ထပ်ရှိသည်။ ဂျပန်လူမျိုးအင်ဂျင်နီယာများသည် သဘာဝဈေးဝယ်စင်တာဟူသော နာမည်နှင့်အညီ အထပ်တိုင်းတွင် သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



သဘာဝဈေးဝယ်စင်တာကြီး

အစစ်များ၊ သဘာဝကျောက်တုံးများ၊ ချောက်ကမ်းပါးပုံစံများ၊ ရေတံခွန်များ၊ စမ်းချောင်းများကို ထည့်သွင်းတည်ဆောက်ထားသည်။

အကိုး ။ ။ အင်တာနက်

* * *

## အံ့ဖွယ် သားကိုချစ်သောဖခင်

အီတလီနိုင်ငံမှ အသက် ၅၅–နှစ်အရွယ် ဖခင်တစ်ဦးသည် သူ၏သားကို အလွန်ချစ်ခင်သော ဖခင်တစ်ဦးဖြစ်သည်။ သူသည် သေဆုံးသွားသောသား၏



သား၏အရိုးပြာဖြင့် ပြုလုပ်ထားသောစိန်တု

အရိုးပြာကို စိန်အဖြစ်ပြောင်း၍ အမှတ်တရအဖြစ် သိမ်းဆည်းထားလေသည်။

ဖြစ်စဉ်မှာ သားဖြစ်သူသည် ၂၀၁၃–ခုနှစ်၊ နှစ်ဆန်းပိုင်းက ကားတိုက်မှုဖြစ်ကာ သေဆုံးသွားခဲ့သည်။ မိသားစုက သူ့အလောင်းကို အီတလီနိုင်ငံ၊ ထရီဗီဆိုမြို့၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြသည်။

သားဖြစ်သူ ရုတ်တရက် သေဆုံးသွားသည်ကို ဖြေမဆည်နိုင်ဖြစ်နေသော ဖခင်က သား၏အလောင်းကို ပြန်ဖော်ကာ မီးသင်္ဂြိုဟ်ခဲ့သည်။ မီးသင်္ဂြိုဟ်ရာမှ ရရှိလာသောပြာများကို ဆွစ်ဇာလန်သို့ပို့၍ စိန်အဖြစ်ပြောင်းလဲစေခဲ့သည်။ ထိုသို့ ပြောင်းလဲရာတွင် ပြာများထဲမှ ကာဗွန်ကို အဆင့်ဆင့်သန့်စင်ပြီး ထိုကာဗွန်ကို ပြင်းထန်သည့်ဖိအားနှင့် အပူချိန်ပေးကာ စိန်အတုဖန်တီးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ရာ၌ အမေရိကန်ဒေါ်လာ ၁၈၀၀၀–ကုန်ကျပြီး အချိန် ၈–လ ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

အကိုး ။ ။ ပြည်မြန်မာဂျာနယ် (၂-၁-၂၀၁၄)

* * *



www.burmeseclassic.com

www.burmeseclassic.com



လူဦးရေထူထပ်များပြားသော တရုတ်နိုင်ငံ

## ကမ္ဘာ့လူဦးရေအများဆုံး ၁၀–နိုင်ငံ (၂၀၁၄)

| စဉ် | နိုင်ငံ | လူဦးရေ |
|---|---|---|
| ၁။ | တရုတ် | ၁၃၆၀,၇၂၀,၀၀၀ |
| ၂။ | အိန္ဒိယ | ၁၂၃၉,၄၅၀,၀၀၀ |
| ၃။ | အမေရိကန် | ၃၁၇,၅၃၉,၀၀၀ |
| ၄။ | အင်ဒိုနီးရှား | ၂၄၉,၈၆၆,၀၀၀ |
| ၅။ | ဘရာဇီး | ၂၀၁,၀၃၂,၇၁၄ |
| ၆။ | ပါကစ္စတန် | ၁၈၅,၄၄၈,၀၀၀ |
| ၇။ | နိုင်ဂျီးရီးယား | ၁၇၃,၆၁၅,၀၀၀ |
| ၈။ | ဘင်္ဂလားဒေ့ရှ် | ၁၅၂,၅၁၈,၀၁၅ |
| ၉။ | ရုရှား | ၁၄၃,၆၀၀,၀၀၀ |
| ၁၀။ | ဂျပန် | ၁၂၇,၂၂၀,၀၀၀ |

အကိုး ။ ။ အင်တာနက်

* * *

## လူ့ဆံပင်

လူတစ်ယောက်တွင် ဆံပင်မျှင်ပေါင်း ၁–သိန်း ကျော်ရှိသည်ဟု ဆိုသည်။ သို့သော် ဆံပင်ကြမ်းခြင်း၊ ပျော့ပျောင်းခြင်းပေါ်မူတည်၍ ဆံပင်အနည်းအများ ကွာခြားမှုရှိနိုင်သည်။

အမျိုးသမီးတစ်ဦးတွင် ဆံပင်မျှင်ပေါင်း ၉–သောင်း ကျော်ရှိသည်။ ဆံပင်အနီရောင်ရှိသူများတွင် ဆံပင် ၁–သိန်း ၄–သောင်းရှိသည်။ ရွှေရောင်ဆံပင်ရှိသူများ သည် ဆံပင်အလွန်သန်သည်ဟု ဆိုသည်။

အကိုး ။ ။ အံ့ဖွယ်သုတစာစောင်(၁၉၈၉–ခုနှစ်၊ ဩဂုတ်လ)







www.burmeseclassic.com

www.burmeseclassic.com




## အံ့ဖွယ်ခွေးကြီး

ပုံတွင်မြင်ရသည်မှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံး၊ အလျားအရှည်ဆုံးနှင့် ကိုယ်အလေးချိန်အများဆုံးအဖြစ် စံချိန်တင်ထားသော ခွေးကြီးဖွန်ဘီယာကို ၁၉၆၆–ခုနှစ်က အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ သူ၏သခင် ခရစ် အာဗီဒီနှင့်အတူ တွေ့မြင်ရပုံဖြစ်သည်။

အကိုး ။ ။ Guinness World Records (1966)

* * *



## ကမ္ဘာ့ပထမဆုံး သူနာတင်ယာဉ်

ပုံတွင်ဖော်ပြထားသည်မှာ ၁၄၈၇–ခုနှစ်က စပိန်နိုင်ငံတွင် တီထွင်အသုံးပြုခဲ့သည့် ကမ္ဘာ့ပထမဆုံး သူနာတင်ယာဉ်ပုံဖြစ်သည်။ ယင်းကို စပိန်စစ်တပ်အတွင်း၌ အသုံးပြုရန် တီထွင်ခဲ့သည်။ ထိုအချိန်က ယင်းသူနာတင်ယာဉ်များသည် တိုက်ပွဲများအတွင်း၌ အလွန်အသုံးဝင်ခဲ့သည်။ လူ့အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်ခဲ့သည်။

အကိုး ။ ။ အင်တာနက်

* * *



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်အက္ခရာ အတိုကောက်စာလုံးများ

(ယခင်လမှအဆက်)

37. **NBB** - National Blood Bank
အမျိုးသားသွေးလှူဘဏ်

38. **NATO** - North Atlantic Treaty Organization
မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဝင်နိုင်ငံများ

39. **MPPE** - Myanmar Petroleum Products Enterprise
မြန်မာရေနံထွက်ကုန်ရောင်းချရေးလုပ်ငန်း

40. **MOE** - Ministry Of Education
ပညာရေးဝန်ကြီးဌာန

41. **MFSL** - Myanmar Five Stars Line
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

42. **METO** - Middle East Treaty Organization
အရှေ့အလယ်ပိုင်းစာချုပ်အဖွဲ့ဝင်နိုင်ငံများ

43. **MMCWA** - Myanmar Maternal and Child Welfare Association
မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

44. **ITU** - International Telecommunication Union
အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးသမဂ္ဂ

(ရှေ့လဆက်ရန်)

**မင်းဝင်း**

---


**အယ်ဒီတာအဖွဲ့** – တိုက်အမှတ်–(ခ/၄)၊ ပထပ်(က)၊ ဓမ္မာရုံ(၁)လမ်း၊ ၁၁–ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၂၄၉၃၆

**ထုတ်ဝေသူ** – ဦးစောဝင်းသိမ်း၊ ၁၀၃–ဒီ၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** – (အဖုံး+အတွင်းစာသား) ဒေါ်သန်းကြည် (၀၂၆၇၈)၊ ဝင်းရွှေစင်ပုံနှိပ်တိုက်၊ ၂၆/၉၇–လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၂၉၀၉၇၃

**ကွန်ပျူတာ** – ခင်ချိုဆက်

**ဖြန့်ချိရေးဌာန** – မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေး၊ အမှတ်–၂၆၆၊ မြေညီထပ်(ဝဲ)၊ လမ်း–၄၀(အထက်)၊ ၉–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁–၃၇၄၉၃၂)

**တန်ဖိုး** – ရန်ကုန် ၃၀၀ိ/–၊ နယ် ကားခ + ၃၀၀ိ/–၊ ရထား ၃၁၅/–။
နယ် စာတိုက် V.P.P (ရွေးယူစနစ်)တစ်အုပ် ၄၀၀ိ/–၊(၁၀–အုပ်အောက် V.P.P ဖြင့်မပို့ပါ။) စာတိုက် R.L (ကြိုတင်ပေးငွေစနစ်) တစ်အုပ် ၄၀၀ိ/–၊(၁၀)အုပ်အောက်မှာယူလိုသူများအတွက် စာအုပ်တန်ဖိုး ၃၀၀ိ/–ကို စာပို့ခနှင့်ပေါင်း၍ အောက်ပါအတိုင်း ပေးပို့မှာယူနိုင်ပါသည်။ (၆–လစာငွေကြိုသွင်းရန်)၊ (၁–အုပ် စာအုပ်တန်ဖိုး+စာပို့ခ ၃၀၀ိ/–)၊(၂–အုပ် စာအုပ်တန်ဖိုး+ စာပို့ခ ၄၀၀ိ/–)၊(၃–အုပ်မှ ၅–အုပ် စာအုပ်တန်ဖိုး+ စာပို့ခ ၇၀၀ိ/–)၊(၆–အုပ်မှ ၉–အုပ် စာအုပ်တန်ဖိုး+ စာပို့ခ ၁၀၀၀ိ/–)၊ **စောင်ရေ – ၂၀၀၀**။




www.burmeseclassic.com